# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက် | ၂၀၁၇ ခုနှစ်၊ စက်တင်ဘာ ၂၈ ရက်၊ ကြာသပတေးနေ့၊ | အတွဲ (၅၆)၊ အမှတ် (၃၆၀)


## လွတ်မြောက်အောင်အားထုတ်

စိတ်ဟူသည် အဝေးသို့သွား၍ ကြံစည်တတ်သောကြောင့် ထိုစိတ်ကို အဝေးသို့မသွားအောင် ချုပ်တည်းထားအပ်၏။ ချုပ်တည်းနိုင်သူအား မာရ်၏ အနှောင်အဖွဲ့မှ လွတ်မြောက်စေ၏။ ထို့ကြောင့် အဝေးသို့တိုင် ပြေးလွှားတတ်သောစိတ်ကို ထိန်း၍ ရာဂ၊ ဒေါသ စသည်တို့မှ လွတ်မြောက်အောင် အားထုတ်ရာ၏။

**စိတ္တဝဂ်(ဓမ္မပဒ-၃၇)**



အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်များ ညောင်ရွှေမြို့သို့ ဒေသစာရီလှည့်လည်အပူဇော်ခံစဉ်

# အင်းလေးဖောင်တော်ဦး မြတ်စွာဘုရား ရုပ်ရှင်တော်မြတ်များ ညောင်ရွှေမြို့သို့ ကြွချီအပူဇော်ခံ

**သတင်း - နေမျိုးသူရိန်၊ ဓာတ်ပုံ - စိုင်းအယ်ဘဲ(ညောင်ရွှေ)**

**ညောင်ရွှေ စက်တင်ဘာ ၂၇**

အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်များသည် အင်းလေးဒေသ ၂၁ ဌာနသို့ ဒေသစာရီကြွချီအပူဇော်ခံလျက်ရှိပြီး ယနေ့နံနက်ပိုင်းတွင် ညောင်ရွှေမြို့သို့ ရောက်ရှိအပူဇော်ခံရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် တက်ရောက်၍ ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်များကို ကရဝိက်ဖောင်တော်ဖြင့် လင်းကင်းကျေးရွာ စံကျောင်းတော်မှ ရိုးရာဆွဲလှေ ၃၇ စင်းဖြင့် ညောင်ရွှေမြို့သို့ ပင့်ဆောင်ပူဇော်ခဲ့ရာ နံနက် ၈နာရီခွဲတွင် ဖောင်တော်ဆိုက်ပြာသာဒ်ဆောင်သို့ ရောက်ရှိခဲ့သည်။

ထို့နောက် ကရဝိက်ဖောင်တော်ပေါ်မှ ဘော်ယဉ်ပေါ်သို့ ပင့်ဆောင်ရာ ပထမကိုယ်ပွားတော်မြတ်ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်

*စာမျက်နှာ ၄ ကော်လံ ၁* ✻

## ဝန်မြစ်ရေ ငါးသိုင်းချောင်းမြို့၌ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၂၇**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၌ ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်လေးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ ငဝန်မြစ်ရှိ ငါးသိုင်းချောင်းမြို့အတွင်း မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်သည်။ (မိုး/ဇလ)

## မြန်မာ-ဗြိတိန် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

စာ » ၃



## ခရီးသွားများကို ပိုမိုဆွဲဆောင်နိုင်မည့် ဆောင်နိုင်ကြီးရေတံခွန် အပန်းဖြေစခန်း ကျိုက်ထီးရိုး တောင်ခြေ၌ တည်ဆောက်မည်

စာ » ၁၀



## ကဘူးလ်လေဆိပ်၌ ဒုံးကျည်ငယ်များပေါက်ကွဲမှုဖြစ်ပွားပြီး မကြာမီ ကာကွယ်ရေးဝန်ကြီး ဂျိမ်းစ်မက်တစ် အာဖဂန်သို့ ရောက်ရှိလာ

စာ » ၁၄




KBZ BANK
STRENGTH OF MYANMAR
BEST MYANMAR RETAIL BANK 2017
Awarded by ASIAN BANKING AND FINANCE

မြန်မာ့အလင်း

# အကြမ်းဖက်ဝါဒ၏ သရုပ်မှန်

ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း အစွန်းရောက်များဝင်ရောက် တိုက်ခိုက်ခဲ့သော အကြမ်းဖက်ဖြစ်စဉ်မှာ တစ်လပြည့်သွားခဲ့ပြီဖြစ်သည်။ ဩဂုတ်လ ၂၅ ရက်နေ့ကစတင်ခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများကို ရှင်းလင်းသောဖြစ်စဉ်မှာ စက်တင်ဘာ ၅ ရက်ကတည်းက ပြီးဆုံးခဲ့သော်လည်း ဘင်္ဂါလီကျေးရွာများမှလူများ တစ်ဖက်နိုင်ငံသို့ အဆက်မပြတ် ထွက်ပြေးခဲ့ခြင်းနှင့် နိုင်ငံတကာသတင်းမီဒီယာများမှ မမှန်ကန်သော သတင်းများ လွှင့်ထုတ်ခြင်းတို့ကြောင့် အခြေအနေမှာ ပိုမိုဆိုးရွားနေသယောင်ဖြစ်စေခဲ့သည်။

ယခုတစ်လကျော် ကြာမြင့်လာသောအချိန်တွင် အမှားကအမှန်ဖြစ်၊ အမှန်က အမှားဖြစ်ခဲ့သော သတင်းအချို့ကို ချေဖျက်နိုင်ခဲ့သည်။ နိုင်ငံတကာ အသိုင်းအဝိုင်းမှလည်း မြန်မာနိုင်ငံ၏အဖြစ်မှန်ကို နားလည်သော လူပုဂ္ဂိုလ်များ၊ နိုင်ငံများ၏ ကာကွယ်ပြောဆိုပေးမှုများရှိခဲ့သည်။ ကုလသမဂ္ဂစင်မြင့်တွင် ပြောကြားခဲ့သောမိန့်ခွန်းများတွင်ပင် စင်ကာပူနိုင်ငံခြားရေးဝန်ကြီးပြောကြားခဲ့သောမိန့်ခွန်းမှာ မြန်မာနိုင်ငံဖြစ်စဉ်အတွက် ကွက်တိမှန်နေသောစကားများဖြစ်သည်။ ဘင်္ဂါလီအရေးကို ချဉ်းကပ်ရှုမြင်ရာတွင် အစွန်းရောက်ဝါဒီများ၏လှည့်ကွက်ကိုလျှော့မတွက်ရန် ကမ္ဘာ့နိုင်ငံခေါင်းဆောင်များကို စင်ကာပူက တိုက်တွန်းသတိပေးခဲ့ခြင်းဖြစ်သည်။

စင်ကာပူနိုင်ငံခြားရေးဝန်ကြီး ဘာလာခရစ်ရှုနန်က ကုလသမဂ္ဂ အထွေထွေညီလာခံ၊ စက်တင်ဘာလ ၂၃ ရက်နေ့က ပြောကြားခဲ့သော မိန့်ခွန်းတွင် "ဘယ်နေရာကြည့်ကြည့် အစွန်းရောက်ဝါဒီများတွင် စာအုပ်ကြီးအတိုင်း ကျင့်သုံးနေသော နည်းလမ်းများရှိကြောင်း၊ ပထမဆုံးအနေနဲ့ သူတို့ဟာ ကမ်းကုန်အောင်ဆိုးသွမ်းသော အကြမ်းဖက်မှုများလုပ်ပြမယ်၊ ဒုတိယအနေနဲ့ ဖြစ်ပေါ်လာတဲ့နောက်ဆက်တွဲအခြေအနေကို ဘာသာရေးတံဆိပ်ကပ်လိုက်မယ်၊ ဒါဆိုရင် သူတို့နဲ့ ကျွန်တော်တို့ကြား ချိန်ဆစဉ်းစားရတဲ့ သဘောသဘာဝမျိုးဖြစ်လာတော့မယ်၊ တတိယလုပ်မှာက ကြားဝင်စောင့်ကြည့်သူတွေ အမြင်တွင် သူတို့ဘက်ယိမ်းလာအောင် အလွန်အကျွံ အမူပိုပြတော့မှာဖြစ်ကြောင်း၊ ထိုသို့သောအစွန်းရောက်ဝါဒီများ၏ ထောင်ချောက်ထဲသို့ တည့်တည့်ကြီးဝင်မသွားမိဖို့ အရမ်းဂရုစိုက်ရမှာဖြစ်ကြောင်း" ပြောကြားခဲ့သည်။

ယခု တိုင်း(မ်)မဂ္ဂဇင်းတွင်ဖော်ပြသော မျက်နှာဖုံးမှာ ဤသဘောပင်ဖြစ်သည်။ မည်သည့်သတင်းဌာနတွင်မဆို ဘင်္ဂါလီများ ထွက်ပြေးရမှုကိုသာ အသားပေးဖော်ပြကြပြီး ပြည်တွင်းဒေသခံ တိုင်းရင်းသားများ ရက်ရက်စက်စက် အသတ်ခံရမှု၊ နေရပ်စွန့်ခွာထွက်ပြေးရမှုများကို လုံးဝဖော်ပြခဲ့ကြခြင်းမရှိပေ။ သို့သော် ယခုနောက်ဆုံးပေါ်ထွက်လာသည့် ဟိန္ဒူဘာသာဝင် ၄၅ ဦး အစုလိုက်အပြုံလိုက် ရက်ရက်စက်စက်အသတ်ခံရခြင်းဖြစ်စဉ်က သတင်းမှားများကို တစ်စုံတစ်ရာ ရပ်တန့်စေမည်ဖြစ်ပါသည်။ ကမ္ဘာ၏စာနာမှုကိုရရှိအောင် နည်းပရိယာယ်မျိုးစုံဖြင့် ကြိုးပမ်းလာသော ၎င်းတို့ကိုယ် ၎င်းတို့ ရိုဟင်ဂျာဟု ခေါ်ဆိုသည့် ဘင်္ဂါလီများသည် အကြမ်းဖက်ဝါဒီများသာဖြစ်ကြောင်း ကမ္ဘာတွင် ထင်ထင်ကြီးပေါ်လွင်လာခဲ့ပါသည်။ ဤအချက်ကို ကုလသမဂ္ဂအထွေထွေညီလာခံတွင် မြန်မာနိုင်ငံသံအမတ်ကြီးက ရှင်းရှင်းလင်းလင်းပင် ဖော်ထုတ်တင်ပြခဲ့ပါသည်။

ယခု ပေါ်ထွက်လာသော ဟိန္ဒူဘာသာဝင်များကို ဘာသာရေးအရ နှိပ်ကွပ်သည့် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုကြောင့် စက်တင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပဖွယ်ရှိသည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီအစည်းအဝေးတွင် သက်ရောက်မှုရှိလာမည်ဖြစ်ပါသည်။ ဟိန္ဒူဘာသာဝင်များ အသတ်ခံရမှုကို အိန္ဒိယရုပ်သံများတွင်ဖော်ပြခဲ့ပြီး စိတ်ဆိုးမာန်ဆိုး ဝေဖန်မှုများစွာထွက်ပေါ်နေသည်။ နောက်အပတ်ထွက်မည့် တိုင်း(မ်)မဂ္ဂဇင်းတွင် ပါသင့်သည့် မျက်နှာဖုံးပုံမှာ မြန်မာနိုင်ငံမှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးကိုဖက်၍ငိုနေသော ဟိန္ဒူအမျိုးသမီးကြီး၏ပုံသာဖြစ်ပါသည်။ "ရိုဟင်ဂျာခေါ် အကြမ်းဖက်သမားများ၏ ဇာတိရုပ်အမှန်ပေါ်ပြီ"ဟူသော ခေါင်းစဉ်မျိုးနှင့် ဖော်ပြသင့်ပါသည်။

ယခု ပြည်တွင်းမြို့ကြီးအများအပြားတွင် လူထုခေါင်းဆောင်နှင့် အတူ ရပ်တည်ကြောင်း ထောက်ခံဆန္ဒပြပွဲများနှင့် ဂျပန်၊ တောင်ကိုရီးယား၊ အမေရိကန်၊ အင်္ဂလန်စသော နိုင်ငံများရှိ မြန်မာနိုင်ငံသားများ၏ မြန်မာအစိုးရနှင့် ခေါင်းဆောင်ကို ထောက်ခံကြောင်း ဆန္ဒဖော်ထုတ်မှုများက အနောက်အင်အားကြီးနိုင်ငံများကို မြန်မာနိုင်ငံ အမှန်တကယ်ရင်ဆိုင်နေရသော အကြမ်းဖက်ဝါဒပြဿနာကို သတိပြုမိစေမည်ဖြစ်ပါသည်။ နှစ်ကာလကြာမြင့်စွာက တည်ရှိလာသော ပြဿနာသည် ရေရှည်ဖြေရှင်းရမည်သာဖြစ်ပါသည်။ ကိုဖီအာနန်ကော်မရှင်မှ အကြံပြုချက်များကို ရေတို၊ ရေရှည်ရည်မှန်းချက်များထား၍ ဖော်ဆောင်ရန်ကြိုးပမ်းနေသော မြန်မာအစိုးရကို ကူညီထောက်ခံခြင်းသည်သာလျှင် အာဆီယံနိုင်ငံများ အပါအဝင် ကမ္ဘာ့ဒီမိုကရေစီနိုင်ငံများ အလေးထားလုပ်ဆောင်သင့်သောအရာဖြစ်ပေသည်။ ။

## ငြိမ်းချမ်းရေးသီချင်းဆိုပြိုင်ပွဲ အသံစစ်ဆေးခြင်း ဘားအံမြို့၌ ကျင်းပမည်

**နေပြည်တော် စက်တင်ဘာ ၂၇**

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် စည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေး ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ငြိမ်းချမ်းရေးဂီတပွဲတော် (Peace Music Festival) ငြိမ်းချမ်းရေး သီချင်းဆိုပြိုင်ပွဲကို မြန်မာနိုင်ငံတစ်ဝန်း ပြုလုပ်ပေးလျက်ရှိသည်။

ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲနှင့် ပတ်သက်၍ Level -I ပဏာမ အသံစစ်ဆေးခြင်းကို တောင်ကြီးမြို့၊ မြစ်ကြီးနားမြို့၊ မော်လမြိုင်မြို့၊ လားရှိုးမြို့၊ ပုသိမ်မြို့၊ ကလေးမြို့၊ ရန်ကုန်မြို့၊ စစ်တွေမြို့၊ နေပြည်တော်၊ မန္တလေးမြို့နှင့် ဘားအံမြို့များ၌ကျင်းပပေးလျက်ရှိရာ စက်တင်ဘာ ၂၈ရက်က ဘားအံမြို့ဇွဲကပင်ခန်းမ၌ အသံစစ်ဆေးခြင်း၊ စက်တင်ဘာ ၃၀ ရက်တွင် Stage Rehearsal ပြုလုပ်ခြင်း၊ အောက်တိုဘာ ၁ ရက်တွင် Level - I Live ယှဉ်ပြိုင်ခြင်းများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။(**သတင်းစဉ်**)

## မိတ္ထီလာ၌ ကလေးသူငယ်များအခွင့်အရေးများဆိုင်ရာလုပ်ငန်းဆောင်ရွက်မှု တွေ့ဆုံပွဲကျင်းပ

**မိတ္ထီလာ စက်တင်ဘာ ၂၇**



မိတ္ထီလာ၌ မြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ (TCRC) နှင့် ကျောက်ပန်းတောင်း၊ မိတ္ထီလာ ကလေးအခွင့်အရေးပူးပေါင်းဆောင်ရွက်သောအဖွဲ့ (Upper KMN) တို့ပူးပေါင်း၍ ကလေးသူငယ်များအခွင့်အရေးများဆိုင်ရာလုပ်ငန်းဆောင်ရွက်မှု တွေ့ဆုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၇ ရက်က ခရိုင် ပြန်/ဆက် ဦးစီးဌာနခန်းမ၌ ကျင်းပကြောင်း သိရသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် မြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ ( TCRC) အဖွဲ့ဝင် ဦးသန်းဝင်းက မြို့နယ်အတွင်း ယင်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် လက်ရှိအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျောက်ပန်းတောင်း၊ မိတ္ထီလာကလေးအခွင့်အရေးပူးပေါင်းဆောင်ရွက်သောအဖွဲ့မှ စီမံကိန်းမန်နေဂျာဦးစိုးမိုးက ကျောက်ပန်းတောင်းမြို့နယ်နှင့် မိတ္ထီလာမြို့နယ်အတွင်း Upper KMN အနေဖြင့် ကလေးအခွင့်အရေးများပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ ကလေးသူငယ်များဆိုင်ရာအခွင့်အရေးများနှင့် ဥပဒေများ သိရှိစေရန် စီမံချက်ဝင်ကျေးရွာဒေသခံများအား သင်တန်းများပေးခြင်း၊ ကလေးများအား အပြုသဘောဆောင်သော ဆုံးမပဲ့ပြင်ခြင်းနည်းလမ်းများနှင့် ပတ်သက်သောအခြေခံအချက်အလက်များ ကောက်ယူခြင်းနှင့် သင်တန်းများပေးခြင်း စသည်တို့ကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ကျောက်ပန်းတောင်းနှင့် မိတ္ထီလာမြို့နယ်အတွင်းမှ Upper KMN အဖွဲ့ဝင်များက ကလေးများ အခွင့်အရေးများဆိုင်ရာများနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းရာ စီမံကိန်းမန်နေဂျာနှင့် မြို့နယ် TCRC အဖွဲ့ဝင်တို့က ပြန်လည်ဆွေးနွေးဖြေကြားသည်။

ထို့နောက် ကလေးအခွင့်အရေးပူးပေါင်းဆောင်ရွက်သော အဖွဲ့နာယကဦးမောင်ကိုက ကလေးသူငယ်များအခွင့်အရေးများဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ရေးကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

## မန္တလေးခရိုင် Community Center Club အသင်းများဖွဲ့စည်း

**မန္တလေး စက်တင်ဘာ ၂၇**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင်ရုံး ပြည်ကြီးတံခွန်မြို့နယ် ၆၂ လမ်းနှင့် မြဝတီမင်းကြီးလမ်းထောင့်ရှိ ခရိုင် Community Center ၌ စက်တင်ဘာ ၂၆ ရက်က Book Club, Woman Club, Youth Club များ ဖွဲ့စည်းခြင်းနှင့် အလှူငွေပေးအပ်ပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာ ကော်မတီနာယက ဒေါက်တာယုယုမေက အမှာစကားပြောကြားပြီး လူကြီး၊ လူရွယ်၊ လူငယ်ကလေးများအတွက် စာပေသည် အကျိုးထူးများစွာရရှိကြောင်း၊ Book Club ဖွဲ့စည်းပြီးလျှင် Community Center တွင် စာပေဆွေးနွေးပွဲ၊ စာပေနှီးနှောဖလှယ်ပွဲများ၊ စာပေပြိုင်ပွဲများပြုလုပ်၍ စာဖတ်သူများတိုးပွားလာရန်ရည်ရွယ်ကြောင်း၊ Woman Club တွင်လည်း အမျိုးသမီးများအတွက် သင်တန်းများဖွင့်လှစ်ပေးရန် ရည်ရွယ်ကြောင်း၊ Youth Club ဖွဲ့စည်းပြီးပါက လူငယ်များအတွက် ကွန်ပျူတာသင်တန်း၊ အားကစားသင်တန်း၊ အင်္ဂလိပ်စကားပြောသင်တန်းများ ဖွင့်လှစ်ပေးရန် ရည်ရွယ်ကြောင်းပြောကြားသည်။

ဆက်လက်၍ United Woman ညီညွတ်သော အမျိုးသမီးများအဖွဲ့ဥက္ကဋ္ဌ ဒေါ်မမနိုင်က အမျိုးသမီးများအတွက် လုပ်ပေးနိုင်မည့် အစီအစဉ်များကိုပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနဦးစီးမှူး ဦးဝေဇင်က လူငယ်များအတွက် အားကစားသင်တန်းဖွင့်လှစ်နိုင်ရေး လုပ်ဆောင်ပေးမည့် အစီအစဉ်များ ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ကိုယ်ပိုင်ကျောင်းများအသင်းက Club များ ဖွဲ့စည်းခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၇-၉-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၈၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၄၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၉၀/၇၂၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၀၀/၇၃၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၄၅/၇၇၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၁၀/၇၄၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၀ | · ၀ |
| ဥရောပ | တစ်ယူရို | ၁၆၂၅ | · ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၀ | · ၅ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၁ | · ၁၂ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ | · ၉ |
| တရုတ် | တစ်ယွမ် | ၂၀၆ | · ၃၄ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၃ | · ၉ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

# မြန်မာ-ဗြိတိန် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၇**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဗြိတိန်နိုင်ငံ နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာရုံးမှ အာရှရေးရာနှင့် ပစိဖိတ်ဒေသဆိုင်ရာ Minister of State ၊ The Rt. Hon Mark Field MP အား ယနေ့ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ဗြိတိန် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ ငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးကိစ္စ၊ လူ့အခွင့်အရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးကိစ္စနှင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့်ကိစ္စများကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗြိတိန်နိုင်ငံ နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာရုံးမှ အာရှရေးရာနှင့် ပစိဖိတ်ဒေသဆိုင်ရာ Minister of State ၊ The Rt. Hon Mark Field MP** အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ် (သတင်းစဉ်)

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၂၅/ ၂၀၁၇**
**၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်**
**(၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်)**

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ(က)၊ (ဃ)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၉) တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးစိုးအောင် ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ)ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၂၇**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများမှ ဆုတ်ခွာနိုင်သည်။ (မိုး/ဇလ)



အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် **Plan International Myanmar** မှ **Country Director, Mr.Kelly Stevenson** တို့ တွေ့ဆုံဆွေးနွေးစဉ် (သတင်းစဉ်)

# အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့များ၏ လှုပ်ရှားမှုများကို စီမံခန့်ခွဲမှုဥပဒေနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၇**

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်သည် Plan International Myanmar မှ Country Director, Mr.Kelly Stevenson နှင့်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် အမျိုးသားလွှတ်တော် (J)ဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့များ၏ လှုပ်ရှားမှုများကို စီမံခန့်ခွဲမှုဥပဒေနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## သတိပေးနှိုးဆော်ချက်

ရန်ကုန်တိုင်းဒေသကြီးအတွင်း သီတင်းကျွတ်ကာလတွင် ပြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ထုတ်လုပ်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သတိပေးနှိုးဆော်ချက်များ နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များအတွင်း၌ ပြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ပစ်ဖောက်မှုများကြောင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင်ပြုလုပ်လာနိုင်ခြင်းတို့ကြောင့် ပြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

# မြန်မာ့ပြည်တွင်း ငြိမ်းချမ်းရေးဆောင်ရွက်ချက်များနှင့် ပတ်သက်သည့် စာတမ်းဖတ်ပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၇**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်တွင်း၊ ပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲမှ မြန်မာ့ပြည်တွင်း ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်ချက်များ စာတမ်းဖတ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စာတမ်းဖတ်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမြင့်ကျော်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး စာတမ်းဖတ်ကြားကြမည့် စာတမ်းရှင်များနှင့် မိတ်ဆက်ပေးသည်။

ယင်းနောက် မြန်မာ့ပြည်တွင်း ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်ချက်များစာတမ်းကို ပြည်တွင်း၊ ပြည်ပ သတင်းအချက်အလက်နှင့် နည်းပညာဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်ဇင်သန့်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇေယျ၊ ဦးစီးအရာရှိ ဒေါ်ခင်ချောရဲနှင့် ဒုတိယဦးစီးမှူး ဦးစိုင်းနေလင်းထွန်းတို့က ဖတ်ကြားကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဝန်ကြီးဌာနမှ ဝန်ထမ်းများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

"မြန်မာ့ပြည်တွင်း ငြိမ်းချမ်းရေးဆောင်ရွက်ချက်များ ခေါင်းစဉ်"ဖြင့် ခေတ်အဆက်ဆက်အစိုးရများ ငြိမ်းချမ်းရေးဆောင်ရွက်ချက်များ၊ ယခင်အစိုးရလက်ထက် ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်ချက်များ၊ နိုင်ငံတော်သမ္မတ ဦးထင်ကျော်လက်ထက် ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်ချက်များနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်ပတ်သက်၍ သုံးသပ်ချက်နှင့် အကြံပြုချက်များကို စာတမ်းရှင်များက အပိုင်း(၄)ပိုင်းဖြင့် ဖတ်ကြားရှင်းလင်းတင်ပြသည်။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် "ရခိုင်ပြည်နယ်ဖြစ်စဉ်နှင့် ပတ်သက်သည့်စာတမ်း"ဖတ်ပွဲကို စက်တင်ဘာ ၁၂ ရက်က ကျင်းပခဲ့သည်။

စာတမ်းဖတ်ပွဲသို့ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ အရာထမ်း အမှုထမ်းများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**





ပထမကိုယ်ပွားတော်မြတ်အား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ကရဝိက်ဖောင်တော်ပေါ်မှ ဘော်ယဉ်ပေါ်သို့ ပင့်ဆောင်စဉ်

✻ *ရွှေဖုံးမှ*

လွှတ်တော်ကိုယ်စားလှယ်များက လည်းကောင်း၊ ဒုတိယကိုယ်ပွားတော်မြတ်ကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ပြည်နယ်ဝန်ကြီးများက လည်းကောင်း၊ တတိယကိုယ်ပွားတော်မြတ်ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် ပြည်နယ်ဝန်ကြီးများက လည်းကောင်း၊ စတုတ္ထကိုယ်ပွားတော်မြတ်ကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်နှင့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများက လည်းကောင်း ပင့်ဆောင်ကြသည်။

ယင်းနောက် အင်းလေးဖောင်တော်ဦး မြတ်စွာဘုရားရုပ်ရှင်တော်မြတ်များကိုဘော်ယဉ်ဖြင့် ညောင်ရွှေမြို့တွင်းသို့ လှည့်လည်အပူဇော်ခံသည်။

ထို့နောက် ဖောင်တော်ဦးဘုရားပွဲတော် အင်းလေးရိုးရာလှေပြိုင်ပွဲကို ကျင်းပရာ အမျိုးသား ၄၆ တက် လှေပြိုင်ပွဲတွင် ကေလာနောက်တောင်အသင်းက ပထမ၊ စမ်းဘဲအင်းအသင်းက ဒုတိယ၊ အမျိုးသား ရာကျော်လှေပြိုင်ပွဲတွင် ရေသာအင်းအသင်းက ပထမ၊ ရွှေပြည်သာအသင်းက ဒုတိယ၊ အမျိုးသမီး ၂၆ တက် လှေပြိုင်ပွဲတွင် မိုင်းသောက်အင်းအသင်းက ပထမ၊ အိုင်ထောင့်ကြီးအသင်းက ဒုတိယနှင့် အမျိုးသားတစ်ဦးချင်း လှေပြိုင်ပွဲတွင် ဆုရရှိသူများကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဖောင်တော်ဦးဘုရားရုပ်ရှင်တော်မြတ်များ သုံးညတာကိန်းဝပ်စံပယ်တော်မူမည့် အဌဒိသာ ဓမ္မဝိဟာရ ဒေသစာရီစံကျောင်းတော်တွင် ဆွမ်း၊ပန်း၊ ရေချမ်း၊ ဆီမီး၊ ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်းပြီး ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်း၍ အမျှပေးဝေခဲ့ကြောင်း သိရသည်။

# နိုင်ငံတကာအဆင့် ဆေးပညာညီလာခံကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၇**

မြန်မာနိုင်ငံဆရာဝန်အသင်း (ဆေးပညာအဖွဲ့)၏ (၁၈) ကြိမ်မြောက်နှစ်ပတ်လည်ညီလာခံနှင့် နိုင်ငံတကာအဆင့် ဆေးပညာညီလာခံကို ရန်ကုန်မြို့ Melia ဟိုတယ်၌ စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၁ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါအဖွဲ့မှ သိရသည်။

"ကျွန်တော်တို့ ဆေးပညာအဖွဲ့ရဲ့ ပထမဆုံးကျင်းပတဲ့ ညီလာခံပါ။ မြန်မာနိုင်ငံက ပြောင်းလဲလာပြီ၊ မြန်မာနိုင်ငံမှာ လုပ်ကြမယ်ဆိုပြီး ၂၀၁၆ ခုနှစ်က အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမှာလုပ်တဲ့ (AFIM)အစည်းအဝေးမှာ ဆုံးဖြတ်ခဲ့ကြတာပါ။ ဆရာတို့ ပုံမှန်လုပ်နေကျ ညီလာခံနဲ့တိုက်တဲ့အခါကျတော့ သူတို့နဲ့ ပူးပေါင်းပြီး ကျင်းပဖြစ်တာပါ"ဟု မြန်မာနိုင်ငံဆရာဝန်အသင်း (ဆေးပညာအဖွဲ့)မှ အထွေထွေအတွင်းရေးမှူး တွဲဖက်ပါမောက္ခ ဒေါက်တာသိန်းမြင့်က ပြောသည်။

ထူးခြားချက်အနေဖြင့် အဆိုပါညီလာခံတွင် အမေရိကန်နိုင်ငံ၏ လက်ရှိဆေးပညာသင်ကြားရေးစနစ်နှင့် ASEAN Federation of Internal Medicine(AFIM)အဖွဲ့ဝင်နိုင်ငံများရှိ ဆေးပညာသင်ကြားရေးစနစ်များနှင့် ပတ်သက်သော ဟောပြောပွဲများ၊ ဆွေးနွေးပွဲများ၊ မြန်မာနိုင်ငံနှင့်အဖွဲ့ဝင်နိုင်ငံများမှ ပညာရပ်ဆိုင်ရာ သုတေသနစာတမ်းများတင်သွင်းခြင်းများ ပါဝင်မည်ဖြစ်သည်။

"အမေရိကန်နဲ့ အာဆီယံ(AFIM) အဖွဲ့ဝင်နိုင်ငံများမှာရှိတဲ့ ဆေးပညာသင်ကြားရေးစနစ်တွေနဲ့ပတ်သက်ပြီး သိခွင့်ရမယ်၊ မြန်မာနိုင်ငံမှာ ပညာသင်ကြားရေးစနစ်နိမ့်တယ်လို့ ဝေဖန်နေတဲ့အခါကျတော့ သူတို့နိုင်ငံတွေမှာ ဘယ်လိုသင်လဲ၊ ဒါတွေကို သိခွင့်ရမယ်"ဟု တွဲဖက်ပါမောက္ခ ဒေါက်တာသိန်းမြင့်က ပြောသည်။

ဆက်လက်၍ ၎င်းက "ခေတ်နဲ့အညီ ပြောင်းလဲလာတဲ့ ဆေးပညာရပ်ဆိုင်ရာ သုတေသနတွေ့ရှိချက်တွေ၊ ကုထုံးတွေ အကြောင်းသိလာမယ်၊ သိလိုတာရှိလည်း တိုက်ရိုက်မေးခွင့်ရှိတယ်၊ ညီလာခံကနေတစ်ဆင့် ဆေးပညာဆိုင်ရာ အသိပညာတွေကို နိုင်ငံတကာနဲ့ ချိတ်ဆက်ပြီး လေ့လာနိုင်မယ့် အခွင့်အလမ်းကောင်းတွေရရှိမှာပါ"ဟု ပြောသည်။

အဆိုပါ ညီလာခံကို မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဆေးပညာအဖွဲ့) ကကြီးမှူးကျင်းပခြင်းဖြစ်ပြီး အာဆီယံနိုင်ငံများမှ ဆေးပညာရှင်များပါဝင်သည့် ASEAN Federation of Internal Medicine (AFIM)အဖွဲ့၊ American College of Physicians (ACP) (South East Asia Chapter)အဖွဲ့ စသည့် အဖွဲ့အစည်းများ၏ နှစ်ပတ်လည်အစည်းအဝေးများနှင့်အတူ ပူးပေါင်းကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ယခုကျင်းပမည့်ညီလာခံသို့ ပြည်တွင်းပြည်ပမှ ပညာရှင် ၆၀၀ ကျော်တက်ရောက်ကြမည်ဖြစ်ပြီး ဆေးပညာနှင့်နီးနွှယ်သော အထူးကုဘာသာရပ်များမှ စိတ်ဝင်စားဖွယ် ပညာရပ်ဆိုင်ရာ အကြောင်းအရာများကို အမေရိကန်(ACP)နှင့် အာဆီယံ (AFIM)အဖွဲ့ဝင်နိုင်ငံများမှဖိတ်ကြားထားသော ပညာရှင်များ၊ ယူကေ၊အိန္ဒိယ၊ သြစတြေးလျ၊ သီရိလင်္ကာ အစရှိသော နိုင်ငံများနှင့် ပြည်တွင်းပြည်ပမှ ပညာရှင်များက ဟောပြောဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။ **မင်းသစ်**-MNA

# (၁၇) ကြိမ်မြောက် မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော်ပွဲတော် ရွှေလီမြို့၌ ကျင်းပမည်

**မူဆယ် စက်တင်ဘာ ၂၇**

(၁၇)ကြိမ်မြောက် မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော်ပွဲတော်ကို အောက်တိုဘာ ၁ ရက်မှ ၃ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် တယ်ဟုန်ပြည်နယ်ခွဲ ရွှေလီမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော်ပွဲတော်တွင် နှစ်နိုင်ငံယဉ်ကျေးမှုများ ဖလှယ်ခြင်း၊ ကုန်စည်ဖလှယ်မှုဆိုင်ရာ ကုန်စည်ပြပွဲများနှင့်အတူ ဆွေးနွေးပွဲများ ကျင်းပခြင်း၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့အသီးသီးမှ ရိုးရာဓလေ့ အကအလှုများနှင့် ဖျော်ဖြေခြင်း၊ မြန်မာဘက်မှ ရိုးရာအစားအသောက်များပြသခြင်း၊ ရိုးရာပစ္စည်းများ ခင်းကျင်းပြသခြင်း၊ မြန်မာ့ရိုးရာခြင်းအလှခတ်ခြင်း၊ ပိုက်ကျော်ခြင်းပြိုင်ပွဲများ ကျင်းပခြင်းနှင့် မြန်မာ့ရိုးရာ နွားလှည်းအလှယှဉ်ပြိုင်ပြသခြင်း၊ တရုတ်နိုင်ငံဘက်မှလည်း နယ်မြေကိုယ်စားပြု၊ ကုမ္ပဏီကိုယ်စားပြု၊ နွားလှည်းအလှပြိုင်ပွဲများ ထည့်သွင်းထားကြောင်း သိရသည်။

**သိန်းဇော်(ရွှေလီဦး)**

# လွိုင်ကော်မြို့၌ (၆) ကြိမ်မြောက် ကယားအမျိုးသားတို့၏ စုပေါင်းအဲ့ဒိုပေါ်မီပွဲတော် ကျင်းပ



**လွိုင်ကော် စက်တင်ဘာ ၂၇**

ကယားလူမျိုးများတွင် ပွဲတော်များရှိသည့်အနက် ထင်ရှားသည့်ပွဲတော်နှစ်ခုမှာ ကေ့ထိုးဘိုးနှင့် အဲ့ဒိုပေါ်မီပွဲတော်တို့ဖြစ်ရာ စက်တင်ဘာ ၂၇ ရက် နံနက် ၉ နာရီက ကယားရိုးရာ စုပေါင်း အဲ့ဒိုပေါ်မီပွဲတော်ကို ကယားရိုးရာ အီရိုးဖြင့်ဖွင့်လှစ်ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုး၊ လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေး၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ၊ ကယားတိုင်းရင်းသားပြည်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ (၆)ကြိမ်မြောက် ကယားအမျိုးသားတို့၏ စုပေါင်း အဲ့ဒိုပေါ်မီဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဖိုးရယ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ကယားအမျိုးသားစာပေနှင့် ယဉ်ကျေးမှု ကော်မတီဥက္ကဋ္ဌ ဦးခူးပလုရယ်က ကယားအမျိုးသားတို့၏ စုပေါင်းအဲ့ဒိုပေါ်မီပွဲတော် ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် အဲ့ဒိုပေါ်မီ၏ သမိုင်းကြောင်း ၁၅ ချက်ကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုးက "ဒီပွဲဟာ ကယားတစ်မျိုးသားလုံးကို ကိုယ်စားပြုတဲ့ စုပေါင်း အဲ့ဒိုပေါ်မီပွဲဖြစ်တယ်။ ကျွန်တော်တို့အားလုံးဟာ စည်းလုံးခြင်း၊ ညီညွတ်ခြင်း၊ ပြည်ထောင်စုအသွင်၊ ပြည်ထောင်စု စိတ်ဓာတ်တွေနဲ့ ပြည်နယ်ရဲ့အကျိုးကို ဝိုင်းဝန်းဖော်ဆောင်နေတာဟာလည်းပဲ ဒီစုပေါင်းအဲ့ဒိုပေါ်မီပွဲတော်ကို ကြည့်ခြင်းအားဖြင့် သိနိုင်ပါတယ်။ ဆက်လက် ထိန်းသိမ်းရမယ့်တာဝန်နဲ့ နောင်လာနောက်သားတွေကို လက်ဆင့်ကမ်းရမယ့် တာဝန်လည်း ရှိတယ်။ ကယားပြည်နယ်မှာရှိတဲ့ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ ထိန်းသိမ်းမြှင့်တင်မယ့် အခန်းကဏ္ဍအနေနဲ့ ကယားပြည်နယ်မှာရှိတဲ့ တိုင်းရင်းသားကိုးမျိုးစလုံးကို ကိုယ်စားပြုတဲ့ စာပေရုံးမြေနေရာကိုလည်း ရှာဖွေတွေ့ရှိခဲ့ပြီးဖြစ်တယ်။ တိုင်းရင်းသားအခွင့်အရေးနဲ့ ပတ်သက်ပြီး တတ်နိုင်တဲ့အခန်းကဏ္ဍကနေ ပံ့ပိုးသွားမှာဖြစ်ပြီး ရိုးရာဓလေ့အစဉ်အလာကို ဘုံသတ်မှတ်နိုင်ဖို့အတွက် တူညီတဲ့အမြင်၊ တူညီတဲ့စိတ်ထားတွေနဲ့ စည်းလုံးညီညွတ်စွာ ဆောင်ရွက်ကြဖို့ တိုက်တွန်းလိုပါတယ်"ဟု အားပေးအမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ကရင်နီအမျိုးသားတိုးတက်ရေးပါတီ ကိုယ်စားလှယ်တစ်ဦးနှင့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျော်လင်းမောင်တို့က အားပေးစကားပြောကြားခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က အလှူငွေကျပ် ခုနစ်သိန်းပေးအပ်ရာ ကယားအမျိုးသားတို့၏ စုပေါင်းအဲ့ဒိုပေါ်မီဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဖိုးရယ်က လက်ခံယူပြီး ဥက္ကဋ္ဌ ဦးဖိုးရယ်နှင့် တာဝန်ရှိသူများက ပြည်နယ်ဝန်ကြီးချုပ်နှင့် အလှူရှင်များအား အမှတ်တရလက်ဆောင်ပစ္စည်းနှင့် ဂုဏ်ပြုမှတ်တမ်းများပေးအပ်ကာ ကယားအမျိုးသားတို့၏ စုပေါင်းအဲ့ဒိုပေါ်မီ ဖြစ်မြောက်ရေးကော်မတီအတွင်းရေးမှူး ဦးခူးညွန့်ရယ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရ သည်။

**ကိုစိုင်း(လွိုင်ကော်)**




(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်မြို့ခုတင် ၅၀၀ ပြည်သူ့ဆေးရုံကြီး သွေးလှူဌာန၌ စက်တင်ဘာ ၂၁ ရက်က အမှတ်(၁၀) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲမှူး ဇာနည်မောင်နှင့် တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းစဉ် (ခရိုင် ပြန်/ဆက်)



(၅၃) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်ငူ မြန်မာ့မီးရထားရဲတပ်ဖွဲ့ တပ်ခွဲ(၁၀)မှ ခေတ္တတပ်ခွဲမှူး ရဲအုပ်မောင်မောင်တာ၊ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ စက်တင်ဘာ ၂၆ ရက်က တောင်ငူမြို့ ဘာသာပေါင်းစုံ သုသာန်ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများကို စုပေါင်းလုပ်အားပေးစဉ် ကျော်လှ (တောင်ငူ)

# ယစ်မျိုးအက်ဥပဒေနှင့် မြေသိမ်းအက်ဥပဒေတို့အား အသစ်ရေးဆွဲနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၇

**ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကျင့်သုံးလျက်ရှိသော ယစ်မျိုးအက်ဥပဒေနှင့် ၁၈၉၄ ခုနှစ်၊ မြေသိမ်းအက်ဥပဒေကို အသစ်ရေးဆွဲနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၇ ရက် နံနက် ၈ နာရီခွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန စုစည်းခန်းမ၌ကျင်းပရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။** (ယာပုံ)



အခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနအကြီးအကဲများနှင့် ပြည်ထဲရေးဝန်ကြီးဌာန ဥပဒေရေးရာအကြံပေးကော်မတီဝင်များ၊ ဆက်စပ်ဌာနဆိုင်ရာများမှ အကြီးအကဲများ၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီများမှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး/ ပြည်နယ် အုပ်ချုပ်ရေးမှူးများ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ အငြိမ်းစားအရာရှိကြီးများ၊ မြန်မာနိုင်ငံ ယမကာထုတ်လုပ်ဖြန့်ဖြူးသူများအသင်းမှ ကိုယ်စားလှယ်များ စုစုပေါင်း အင်အား ၅၄ ဦး တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာ၌ ယနေ့ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲသည် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ် များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်က ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကိုင်တွယ် ကျင့်သုံးလျက်ရှိသော ဥပဒေတစ်ခုချင်းအလိုက် ခေတ်ကာလနှင့် လျော်ညီမှု ရှိ/ မရှိ ဆန်းစစ်ရာတွင် ပြင်ဆင်ရန် သို့မဟုတ် အသစ်ရေးဆွဲရန် လိုအပ်ကြောင်း အကြံပြုလာခြင်းကြောင့် ယစ်မျိုးအက်ဥပဒေနှင့် မြေသိမ်းအက်ဥပဒေတို့အား အသစ်ပြန်လည်ရေးဆွဲရေးအတွက် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းဖြစ်ကြောင်း၊ ယစ်မျိုးစီမံခန့်ခွဲမှုနှင့် ယစ်မျိုးခွန်ကောက်ခံခြင်းကို ကိုလိုနီခေတ်တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို တာဝန်ယူဆောင်ရွက်နေသည့် ခရိုင်ဝန်(ကော်လိတ္တော်အရာရှိ)နှင့် နယ်ပိုင်၊ မြို့ပိုင်များစသည့် အုပ်ချုပ်ရေးအရာထမ်းများက တာဝန်ယူ ဆောင်ရွက်ခဲ့ကြကြောင်း၊ ၁၉၇၂ ခုနှစ်၊ အုပ်ချုပ်ရေးစနစ်သစ် စတင်သည့်အခါ ယစ်မျိုးဌာနကို ဖျက်သိမ်းပြီး ယစ်မျိုးစီမံခန့်ခွဲရေးကို ပြည်တွင်းအခွန်များဦးစီးဌာနက လည်းကောင်း၊ တားဆီးနှိမ်နင်းရေးကို ပြည်သူ့ရဲတပ်ဖွဲ့ ယခုမြန်မာနိုင်ငံရဲတပ်ဖွဲ့က လည်းကောင်း ဆောင်ရွက်ခဲ့ကြောင်း၊ ၁၉၈၉-၉၀ ဘဏ္ဍာရေးနှစ်မှစ၍ ယစ်မျိုးစီမံခန့်ခွဲခြင်းနှင့် ယစ်မျိုးခွန်ကောက်ခံခြင်းကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ပြန်လည်ဆောင်ရွက်ခဲ့ရပါကြောင်း၊ ၁၉၁၇ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေသည် နှစ် ၁၀၀ ခန့် ကြာမြင့်နေပြီဖြစ်သည်က တစ်ကြောင်း၊ ခေတ်ကာလ ပြောင်းလဲလာသည့်အလျောက် စီးပွားရေးဆောင်ရွက်မှုပုံစံနှင့် ထုတ်လုပ်မှုနည်းစနစ်များ ပြောင်းလဲလာခြင်းတို့ကြောင့် ပြည်သူလူထုအတွက် အကျိုးဖြစ်ထွန်းစေမည့် ဥပဒေသစ်တစ်ရပ်ရေးဆွဲရန် လိုအပ်လာသည်ကို တွေ့ရှိရကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး၊ တရားမဝင်ယစ်မျိုးလုပ်ငန်းများ မရှိစေရေး၊ ကျန်းမာရေးထိခိုက်မှု အနည်းဆုံးဖြစ်စေရေး၊ ရသင့်ရထိုက်သည့်အခွန်များ အပြည့်အဝရရှိရေးတို့အတွက် ဆက်နွှယ်သည့်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အမျိုးသား အကျိုးစီးပွားကို ဖော်ဆောင်နိုင်ရန်အလို့ငှာ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီဘက်စုံထောင့်စုံက ဖြည့်စွက်ထည့်သွင်းရေးဆွဲရန် လိုအပ်ပါကြောင်း ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လေ့လာရေးခရီးသွားခြင်းဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များရှင်သန်ထက်မြက် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ၊ ကိုးကွယ်ယုံကြည်မှု၊ ဝတ်စားဆင်ယင်မှု၊ လူနေမှုစနစ်များကို လေ့လာခွင့်ရရှိ

**နေပြည်တော် စက်တင်ဘာ ၂၇**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်သည် လေ့လာရေးခရီးစဉ် ရောက်ရှိနေသော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပညာရေး ဘွဲ့(၅) နှစ် သင်တန်းအမှတ်စဉ်(၁)မှ သင်တန်းသား၊ သင်တန်းသူများအား ယနေ့ နံနက် ၉ နာရီခွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာန စုပေါင်းခန်းမ၌ တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီးက သင်တန်းဆင်းမည့် သင်တန်းသား သင်တန်းသူများအား လေ့လာရေးခရီးစဉ်များ စီစဉ်ဆောင်ရွက်ပေးသော အဓိကရည်ရွယ်ချက်များဖြစ်သည့် နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများနှင့် နိုင်ငံတော်အတွင်း ဖြစ်ပေါ်ပြောင်းလဲတိုးတက်နေမှုများကို သိရှိစေရန်၊ သမိုင်းဝင်ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များနှင့် အထောက်အထားများကို ကြည့်ရှုလေ့လာနိုင်ရန်၊ ဒေသန္တရဗဟုသုတများ ရှာမှီးကြစေရန်၊ လေ့လာရေးခရီးစဉ်မှ ရရှိလာသည့် အတွေ့အကြုံဗဟုသုတများကို ပြန်လည်အသုံးချပြီး မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်နိုင်စေရန် စီစဉ်ဆောင်ရွက်ပေးခြင်း ဖြစ်ပါကြောင်း၊ လေ့လာရေးခရီးသွားခြင်းဖြင့် ဒေသများတွင်ရှိသည့် ဘုရား၊ စေတီပုထိုးများ ဖူးမြော်ရခြင်း၊ ရိုးရာလက်မှုပစ္စည်းများ ထုတ်လုပ်မှုကိုလေ့လာရခြင်း၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မား တက်ကြွပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ ရှင်သန်ထက်မြက်စေခြင်း၊ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ၊ ကိုးကွယ်ယုံကြည်မှု၊ ဝတ်စားဆင်ယင်မှု၊ လူနေမှုစနစ်များကို လေ့လာခွင့်ရရှိခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ကြောင်း။

လူငယ်များ၏ အနာဂတ်အလင်းရောင်သည် စာပေဖြစ်ပြီး လူ့အကြောင်း၊ လောကအကြောင်း၊ ဘဝအကြောင်း၊ သိပ္ပံပညာအကြောင်း စသည်တို့ သိရှိလေ့လာရန်အတွက် စာများများဖတ်ရန် လိုအပ်ပါကြောင်း၊ ထက်မြက်ထူးချွန်သည့် ကမ္ဘာ့နိုင်ငံ့ခေါင်းဆောင်များသည် စာဖတ်ကြသူများ ဖြစ်ပါကြောင်း၊ ယခုသင်တန်းဆင်းမည့် သင်တန်းသား သင်တန်းသူများသည် ဆရာ ဆရာမများအဖြစ် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံတို့မှ ဦးဆောင်ဦးရွက် ပြုမည့်သူများဖြစ်သည့်အတွက် စာရိတ္တမဏ္ဍိုင် မယိုင်လဲအောင် ထိန်းသိမ်းကာကွယ် သွားရန် လိုအပ်ပါကြောင်း၊ ကိုယ်၊ နှုတ်နှလုံး စောင့်စည်းပြီး စာရိတ္တ၊ အကျင့်သိက္ခာ စောင့်ထိန်း၍ ဖြောင့်မတ်တည်ကြည်စွာဖြင့် အရှက်တရား၊ အကြောက်တရားတို့ကို လက်ကိုင်ပြုပြီး ထိန်းသိမ်းသွားကြရန်လိုအပ်ပါကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကို ဖွင့်လှစ်ပေးသည့် အဓိကရည်ရွယ်ချက်သည် နိုင်ငံအတွက် အရေးပါသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ ပိုမိုရင့်သန်စေရန်အတွက် ရည်ရွယ်ဖွင့်လှစ်ထားပြီး ရည်မှန်းချက် (၇)ရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ဂါရဝပြု ကျေးဇူးတင်စကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က ပါမောက္ခချုပ် ဦးမြဝင်းအား လေ့လာရေးခရီးစဉ်အတွက် ထောက်ပံ့ငွေများပေးအပ်၍ သင်တန်းသား သင်တန်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။ **(ဝဲပုံ)**

ပါမောက္ခချုပ် ဦးမြဝင်း ဦးဆောင်သော အုပ်ချုပ်သူ ဆရာ ဆရာမ ၂၁ ဦး၊ သင်တန်းသား သင်တန်းသူ ၂၂၃ ဦး တို့သည် လေ့လာရေးခရီးစဉ်အဖြစ် စက်တင်ဘာ ၂၃ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ ပခုက္ကူမြို့ ပုဂံညောင်ဦးမြို့ ပုပ္ပားတောင်ကလပ်၊ မိတ္ထီလာမြို့ နေပြည်တော်၊ တောင်ကြီးမြို့ ပင်းတယမြို့ ကလောမြို့နှင့် အင်းလေးဒေသသို့ သွားရောက်လေ့လာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

▲ *ကျောဖုံးမှ*

လိပ်ပုတီး(Asiatic Softshell Turtle)၊ လေးကွက်လိပ် (Myanmar Peacock Softshell Turtle)၊ ခေါင်းသေးလိပ် (Myanmar Narrow-headed Softshell Turtle)၊ ဆောက်လိပ် (Myanmar Eyed Turtle)၊ စင်းချောလိပ်(Myanmar Flapshell Turtle) စသည့် ရှားပါးအနားပျော့လိပ်မျိုးစိတ်များသည် မျိုးသုဉ်းလုနီးပါး အန္တရာယ်ကြုံတွေ့နေရသည့်အတွက် အဆိုပါ ရှားပါးရေချိုလိပ်မျိုးစိတ်များ ထိန်းသိမ်းရေး ပညာပေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ရှားပါးရေချိုလိပ်မျိုးစိတ်များ ဥ ဥလေ့ရှိသည့် ဧရာဝတီ မြစ်ဝကြီးနှင့် ဆက်စပ်နေသည့် မြို့ရွာများတွင် ထိန်းသိမ်းရေးပညာပေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် ရှားပါးအနားပျော့လိပ်မျိုးစိတ်များသည် နည်းလမ်းအမျိုးမျိုးဖြင့် လူတို့ဖမ်းဆီးစားသောက်ခြင်း၊ တရားမဝင်နည်းလမ်းများဖြင့် ပြည်ပပို့ရန် ရောင်းဝယ်ခြင်း၊ ၎င်းတို့၏ နေရင်းဒေသများကို စိုက်ပျိုးမြေ ချဲ့ထွင်ခြင်း၊ ဒေသခံပြည်သူများက ထိန်းသိမ်းရေးနှင့်ဆိုင်သော ထိန်းသိမ်းရေးအသိပညာနည်းပါးခြင်းစသည့် အခြေအနေများနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း လိပ်ထိန်းသိမ်းရေး ဆောင်ရွက်နေသူများက ပြောကြားသည်။

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၂၇**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

**(မိုး/ဇလ)**

# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်စွာဆောင်ရွက်နိုင်ရေးဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၇**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်သည် အမေရိကန်နိုင်ငံ John Hopkins University၊ SAIS ၏ အာရှရေးရာဌာန အကြီးအကဲ Professor Dr. Karl Jackson နှင့်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ(၁)၌ တွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းနေသည့် ကာလတွင် စိန်ခေါ်မှုများစွာနှင့် ကြုံတွေ့နေချိန်တွင် မိမိတို့တစ်နိုင်ငံတည်း ဆောင်ရွက်ရန် မစွမ်းသည့်ကဏ္ဍများ၌ နိုင်ငံတကာအဖွဲ့အစည်းများ၊ စီးပွားရေးမိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အတွေးအမြင်သစ်များနှင့် သုံးသပ်အကြံပြုချက်များကို ကြိုဆိုပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များ၊ မြန်မာနိုင်ငံအတွက်သာမက ဒေသတွင်းနိုင်ငံများအတွက်ပါ ဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းများစွာ ဖန်တီးပေးနိုင်မည့် ထားဝယ်အထူးစီးပွားရေးဇုန် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့် ယင်းစီမံကိန်းနှင့်အတူ တနင်္သာရီကျွန်းဆွယ်တစ်လျှောက်ရှိ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းတို့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုပါ ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေး ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သဘာဝသယံဇာတများကို နိုင်ငံသားတိုင်း တန်ဖိုးထား မြတ်နိုးတတ်ရန် လိုအပ်

**သတင်းဆောင်းပါး- ခင်မောင်ထွေး၊ နန္ဒာဝင်း**

**မြန်မာနိုင်ငံသည် သဘာဝသယံဇာတအရင်းအမြစ်များ ပေါကြွယ်ဝရာ နိုင်ငံတစ်နိုင်ငံဖြစ်သည်။ သို့တစေ နိုင်ငံ၏ သဘာဝအရင်းအမြစ်များမှာ ခေတ်အဆက်ဆက် တရားမဝင်ခိုးထုတ်မှုများကြောင့်လည်း လေလွင့်ဆုံးရှုံးမှုများစွာ ရှိခဲ့သည်။**

"သစ်နဲ့ သစ်တောထွက်ပစ္စည်းအပါအဝင် သယံဇာတတွေဟာ ကျွန်တော်တို့နိုင်ငံရဲ့ အမွေအနှစ်ဖြစ်ပြီးအားလုံးနဲ့ သက်ဆိုင်ပါတယ်။ သစ်တောတွေပြုန်းတီးမယ်၊ ပျက်စီးသွားမယ်ဆိုရင် သဘာဝပတ်ဝန်းကျင်ထိခိုက်မယ်၊ ရာသီဥတုဘေးဒဏ်တွေ ခံရမယ်ဆိုတာတွေအထိ အရှည်ကြီး မတွေးကြတော့တာလည်းပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းတိုးက ဆိုသည်။

ပြီးခဲ့သည့် စက်တင်ဘာ ၂၂ ရက်ကမူ ရန်ကုန်မြို့သီလဝါ (MITT) ဆိပ်ကမ်းမှတစ်ဆင့် ပြည်ပသို့တရားမဝင်တင်ပို့မည့် သစ်များကို အကောက်ခွန်ဦးစီးဌာန (စုံစမ်းရေးဌာန) က သိမ်းဆည်းရရှိခဲ့ကြောင်း သိရသည်။

"သီလဝါ(MITT) ဆိပ်ကမ်းမှာ ပြောင်း၊ ဝါ ကုန်အမျိုးအမည်နဲ့ ကုန်သေတ္တာအလုံး ၂၀ ကို ဆိပ်ကမ်းအကောက်ခွန်ဦးစီးဌာနက ဖွင့်ရှာလိုက်တဲ့အခါ ၁၆ လုံးမှာ တရားမဝင်



သီလဝါ (MITT) ဆိပ်ကမ်းမှ ဖမ်းဆီးရမိသည့်သစ်များကို စစ်ဆေးစဉ်

သစ်တွေတွေ့ရတယ်။ လေးလုံးကတော့ ပြောင်းဆန်တွေဖြစ်တယ်။ စိုက်ပျိုးရေးသီးနှံကို export လုပ်ဖို့ WAN MAY ကုမ္ပဏီနဲ့ ဆိပ်ကမ်းအာဏာပိုင်ရဲ့ အသိအမှတ်ပြုထားတဲ့ Agent ကိုကျော်ကျော်ဇင်တို့ နှစ်ဦးက ချိတ်ဆက်ပြီး ဆိပ်ကမ်းကို ကုန်သေတ္တာအလုံး ၂၀ ချထားဖြစ်ပါတယ်။ အကောက်ခွန်ဦးစီးဌာနက ဆောင်ရွက်နေတဲ့ (Myanmar Automatic Cargo Clearance System-MACCS) စနစ်အရ ဘယ်ကုန်ပစ္စည်းက Green Channel နဲ့ Red Channel ကို ခွဲခြားပေးတယ်။ Green Channel ဆိုရင် တိုက်ရိုက်တင်လို့ရတယ်။ Red Channel ဆိုရင် X-ray ဖြတ်ရမယ်။ ပြောင်း၊ ပဲ၊ ဝါ၊ အထည်အလိပ်တွေဆိုရင် သစ်တောထွက်ပစ္စည်း မဟုတ်တဲ့အတွက် အကောက်ခွန်ဦးစီးဌာနကပဲ စစ်လို့ရတယ်" ဟု ညွှန်ကြားရေးမှူး ဦးသိန်းတိုးက ဆိုသည်။

အဆိုပါဖြစ်စဉ်နှင့်စပ်လျဉ်း၍ ကုန်သေတ္တာများကို ဆိပ်ကမ်းသို့ တင်သွင်းသည့် Agent ကို အကောက်ခွန်ဦးစီးဌာနက ပို့ကုန်သွင်းကုန်ဥပဒေဖြင့် လည်းကောင်း၊ သစ်တောဦးစီးဌာနမှ ပြည်သူပိုင်ပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေ ပုဒ်မ ၆(၁) တို့ဖြင့်လည်းကောင်း၊ စိုက်ပျိုးရေးသီးနှံပို့ကုန်အမည်ဖြင့် စာရွက်စာတမ်းအသုံးပြုသော ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာတို့ကို သစ်တောဦးစီးဌာနမှ ပြည်သူပိုင်ပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၆ (၁)တို့ဖြင့်လည်းကောင်း သီလဝါရဲစခန်းတွင် အမှုဖွင့်ထားကြောင်း သိရသည်။ ထို့ပြင် သတင်းကွင်းဆက်ဖော်ထုတ်ချက်များအရ ကြားခံချိတ်ဆက်ပေးသူနှစ်ဦးကိုလည်း ပြည်သူပိုင်ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေ ပုဒ်မ ၆(၁) နှင့်လည်း အမှုဖွင့်ထားသည်။

"သတင်းကွင်းဆက်ဖော်ထုတ်ချက်အရ ကုန်သေတ္တာသွင်းလာတဲ့စာရင်းကို အဝင်အထွက်ဂိတ်မှာ တောင်းလိုက်တဲ့အခါ ကုန်သေတ္တာအလုံး ၂၀ က ကားအစီး ၂၀ နဲ့ လာတာမဟုတ်ဘူး။ ကားက ကိုးစီးနဲ့ ခေါက်တုံ့ခေါက်ပြန်လာတာဖြစ်တယ်။ ယာဉ်မောင်းတွေကိုလည်း သီလဝါရဲစခန်းမှာ ၆ (၁)နဲ့ အမှုဖွင့်ထားပါတယ်" ဟု သစ်တောဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ယခုဖမ်းဆီးရမိသော တရားမဝင်သစ်များပါဝင်သည့် ကုန်သေတ္တာ ၁၆ လုံးကို စက်တင်ဘာ ၂၃ ရက်က မြန်မာ့သစ်လုပ်ငန်းပိုင် တောင်ဒဂုံသစ်ဆိပ်သို့ ပို့ထားကြောင်း သိရသည်။

"အကောက်ခွန်ဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်းသုံးဖွဲ့က သစ်တွေထုတ်၊ တိုင်းတာပါတယ်။ ပိတောက်နဲ့ တမလန်းသားတွေဖြစ်ပြီး ၁၆ လုံးလုံး တိုင်းတာပြီးသွားပါပြီ။ စုစုပေါင်း ကုဗတန် ၁၅၆ ဒသမ ၆၉၇၈ တန်ရှိပါတယ်" ဟု သစ်တောဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဆက်လက်ပြောကြားသည်။

"အခုသီလဝါမှာ ဖမ်းမိတာအကောက်ခွန်ဦးစီးဌာနနဲ့ သစ်တောဦးစီးဌာန ပူးပေါင်းဆောင်ရွက်တဲ့သဘောပါပဲ။ ဌာနချင်းပေါင်းစပ်ဆောင်ရွက်ကြတာဆိုတော့ အဆင်ပြေပါတယ်။ စိုက်ပျိုးရေးပစ္စည်းကို သတင်းရလို့ဖွင့်လိုက်တော့ သစ်တွေတွေ့တယ်။ အခုလို ကွင်းဆက်တွေကို ဖော်ထုတ်လို့ရတယ်။ ကျွန်တော်တို့ ဖော်ထုတ်လို့ရတာကို ရဲကကူညီတယ်။ အခုလွတ်နေတဲ့သူတွေကိုလည်း ပြည်သူတွေရဲ့အကူအညီ၊ ဆက်စပ်ဌာနဆိုင်ရာတွေရဲ့ ပံ့ပိုးမှုနဲ့ မိအောင်ဆောင်ရွက်နိုင်မယ်လို့ယူဆပါတယ်။ အားလုံးက တက်ညီလက်ညီနဲ့ ပူးပေါင်းကြမယ်ဆိုရင် အောင်မြင်ထိရောက်အောင် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်" ဟု ညွှန်ကြားရေးမှူး ဦးသိန်းတိုးက ဆိုသည်။

ပြီးခဲ့တဲ့နှစ်က ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျွန်း၊ ပိတောက်၊ တမလန်း အပါအဝင် တရားမဝင်သစ်တန် ၂၃၆၄ ဒသမ ၆၆၆၈ တန်၊ နိုင်ငံသား ၂၅၇ ဦး ဖမ်းဆီးရမိ အရေးယူနိုင်ခဲ့သည်။ ယာဉ်ယန္တရားများအနေဖြင့် မော်တော်ကား ၁၀၈ စီး၊ Chain Saw ငါးလက်ကို ဖမ်းဆီးရမိခဲ့သည်။

ယခုနှစ် ဩဂုတ်လကုန်အထိ တရားမဝင်ကျွန်း၊ သစ်မာ၊ အခြားခွဲသားစုစုပေါင်း ၂၈၉ ဒသမ ၀၈၉၃ တန် ဖမ်းဆီးရမိခဲ့ပြီး ယခုအချိန်ထိ စုစုပေါင်း တန် ၄၀၀ ကျော်နှင့် ယာဉ် ၄၁ စီး ဖမ်းဆီးရမိခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာနက သိရသည်။

"သစ်ထွက်ရာဒေသတွေမှာလည်း သစ်တောဦးစီးဌာနက ဝန်ထမ်းတွေကတော့ ဖမ်းဆီးတာပါပဲ။ နည်းမျိုးစုံနဲ့ မထင်မှတ်တဲ့ လိုင်စင်မဲ့ကား အကောင်းစားတွေနဲ့လည်း သယ်ကြတယ်။ ခေတ်ဆီပို့တဲ့ ဆီဘောက်ဆာကားတွေမှာလည်း နောက်ဖုံးကိုထွင်းပြီး သစ်တွေထည့်သယ်ကြတယ်။ အဲဒီလိုပဲကုန်တွေဖုံးပြီး သယ်ကြတယ်။ ရေစိုမခံတဲ့ ကုန်တွေဖြစ်နေတော့ပျက်စီးမှာစိုးလို့ သေချာမစစ်ဆေးနိုင်တာတွေရှိတယ်။ လူနာတင်ယာဉ်အယောင်ဆောင်ပြီး တင်တာတွေလည်းတွေ့ရှိတယ်။ အဲလိုနည်းမျိုးစုံနဲ့ ဝင်လာကြတယ်။ ရန်ကုန်က မြို့ပြဖြစ်တယ်။ သစ်ထွက်ရာဒေသ မဟုတ်ဘူး။ ပင်လယ်ထွက်ပေါက်က ရန်ကုန်မှာဖြစ်တဲ့အတွက် တရားမဝင်သစ်တွေ ရန်ကုန်ကိုဝင်လာတာ၊ ဒီမှာစုပြီး ပင်လယ်ထွက်ပေါက်ကနေ ပြည်ပကို တရားမဝင်ခိုးထုတ်ချင်တဲ့ သဘောဖြစ်ပါတယ်"ဟု ညွှန်ကြားရေးမှူး ဦးသိန်းတိုးက ပြောသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာတစ်နိုင်ငံလုံးတွင် ကျွန်း၊ သစ်မာနှင့် အခြားသား အပါအဝင်တရားမဝင်သစ်စုစုပေါင်း တန်ချိန် ငါးသောင်းကျော် ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

သစ်နှင့် သစ်တောထွက်ပစ္စည်း တရားမဝင်ခိုးထုတ်နေမှုများကို ပြည်သူအခြေပြု စောင့်ကြည့်ပြီး သတင်းပေးပို့သည့်စနစ် (Community Monitoring and Reporting System) ကို အခြေပြုပြီး သတင်းရယူဖော်ထုတ်ဆောင်ရွက်လျက်ရှိသလို အဓိကသက်ဆိုင်သည့် သစ်တောဦးစီးဌာနသာမက ဆက်စပ်သည့်ဌာနများနှင့်လည်း သတင်းရယူချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ပြည်သူတွေဆီက သတင်းတွေရဖို့ ဖုန်းနံပါတ်တွေပေးထားတာရှိပါတယ်။ ဆက်သွယ်လာရင် ကျွန်တော်တို့ သွားရောက်စုံစမ်းဖော်ထုတ်ဆောင်ရွက်ပါတယ်။ ကျွန်တော်တို့ သစ်တောဦးစီးဌာနအနေနဲ့လည်း နည်းလမ်းမျိုးစုံနဲ့ ရှာဖွေဖော်ထုတ်ဖမ်းဆီးနေသလို အခြားဝန်ကြီးဌာနတွေကလည်း ပူးပေါင်းဆောင်ရွက်နေပါတယ်၊ သစ်ခိုးထုတ်တယ်သတင်းရလို့ လိုက်လံဖမ်းဆီးရတာတကယ်တော့ မလွယ်ပါဘူး" ဟု သစ်တောဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြည်ပသို့သစ်များ တရားမဝင်တင်ပို့နေခြင်းများနှင့် ပတ်သက်၍ သစ်တောဦးစီးဌာနညွှန်ကြားရေးမှူး ဦးသိန်းတိုးက "မြန်မာနိုင်ငံရဲ့သစ်တောသယံဇာတကို ပြည်ပကတော်တော်ကို လိုချင်မက်မောပါတယ်။ ငွေပင်ငွေရင်းစိုက်ထုတ်ပြီး ဌာနေတိုင်းရင်းသားတွေကို သိမ်းသွင်းခိုင်းစေတဲ့သဘောဖြစ်ပါတယ်။ သူတို့ကမက်လုံးပေးတိုင်း ဒီအလုပ်ကိုတော့ မလုပ်ဘူးဆိုပြီး၊ မိမိနိုင်ငံရဲ့သယံဇာတတွေကို ထိန်းသိမ်းကာကွယ်ကြမယ်ဆိုပြီး အသိစိတ်ဓာတ်လေးတွေ အသိပညာရှိဖို့ လိုပါတယ်။ ထို့အတူ ဥပဒေနဲ့အညီ ထိထိရောက်ရောက်အရေးယူပေးဖို့လည်း လိုပါ



ဦးသိန်းတိုး
ညွှန်ကြားရေးမှူး
ရန်ကုန်တိုင်း
ဒေသကြီး သစ်တော
ဦးစီးဌာန

တယ်" ဟုဆိုသည်။

နိုင်ငံတော်၏ သစ်တောသယံဇာတများကို ထိန်းသိမ်းရာတွင် ပိုမိုပြည့်စုံကောင်းမွန်သော သစ်တောဥပဒေတစ်ရပ် ပေါ်ထွက်လာစေရေးအတွက် လွှတ်တော်သို့ တင်ပြထားပြီး မကြာမီအတည်ပြုပြဋ္ဌာန်းနိုင်တော့မည်ဖြစ်ကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သိရသည်။

မြန်မာနိုင်ငံမှ သစ်တောထွက်ပစ္စည်းများကို တန်ဖိုးမြှင့်ထုတ်ကုန်သစ် အချောထည်ထုတ်လုပ်ပြီး ရောင်းချနိုင်လာအောင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်လာရန်လိုအပ်ကြောင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများကို ရောင်းချနိုင်မည်ဆိုပါက တိုင်းပြည်အတွက် ဝင်ငွေတွေပိုလာမည်ဖြစ်ပြီး ပြည်သူများလည်း အလုပ်အကိုင်အခွင့်အလမ်း တိုးတက်ရရှိလာမည်ဖြစ်ကြောင်း သစ်တောရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက သုံးသပ်သည်။

"သစ်တောဝန်ထမ်းတွေကတော့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းဖို့၊ သစ်တောတွေ မပျက်စီးစေဖို့၊ တောရိုင်းတိရစ္ဆာန်တွေကို ထိန်းသိမ်းကြဖို့ ရောက်တဲ့နေရာတိုင်း စည်းရုံးဟောပြောနေပါတယ်။ ပြည်သူတွေက အသိပညာတွေပြည့်ဝလာပြီး ဝိုင်းဝန်းထိန်းသိမ်းလာကြမယ်။ တစ်ဖက်ကလည်း ဥပဒေနဲ့အညီ ထိထိရောက်ရောက် ဟန့်တားနိုင်မယ်ဆိုရင် ဒီလိုတရားမဝင်သစ်ခိုးထုတ်တာတွေ လျော့နည်းပပျောက်သွားမှာ ဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်သုံးသပ်သည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်တစ်ဦးကမူ "ကျွန်ုပ်တို့သည် ကမ္ဘာမြေကြီးကို မိဘဘိုးဘွားတို့ထံမှ အမွေဆက်ခံခဲ့ခြင်းမဟုတ်၊ မျိုးဆက်သစ်တို့ထံမှ ခေတ္တငှားရမ်းယူထားခြင်းသာဖြစ်သည်" ဟု ဆိုခဲ့ဖူးသည်။ မိမိနိုင်ငံ၏ သဘာဝသယံဇာတများကို နိုင်ငံသားတိုင်း တန်ဖိုးထားမြတ်နိုးတတ်ဖို့ လိုအပ်သည်။

သို့နှင့် မြန်မာ့သဘာဝသယံဇာတအရင်းအမြစ်များကိုလည်း မျိုးဆက်သစ်တို့ထံ ပြန်လည်လက်ဆင့်ကမ်း လွှဲပြောင်းပေးရန်အတွက် ပစ္စက္ခနိုင်ငံသားများနှင့် တာဝန်သိနိုင်ငံ့ဝန်ထမ်းကောင်းများအပေါ် မူတည်လျက်ရှိပါကြောင်း။ ။

**သစ်တောဝန်ထမ်းတွေကတော့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းဖို့၊ သစ်တောတွေ မပျက်စီးစေဖို့၊ တောရိုင်းတိရစ္ဆာန်တွေကို ထိန်းသိမ်းကြဖို့ ရောက်တဲ့နေရာတိုင်း စည်းရုံးဟောပြောနေပါတယ်။ ပြည်သူတွေက အသိပညာတွေပြည့်ဝလာပြီး ဝိုင်းဝန်းထိန်းသိမ်းလာကြမယ်။ တစ်ဖက်ကလည်း ဥပဒေနဲ့အညီ ထိထိရောက်ရောက် ဟန့်တားနိုင်မယ်ဆိုရင် ဒီလိုတရားမဝင် သစ်ခိုးထုတ်တာတွေ လျော့နည်းပပျောက်သွားမှာဖြစ်**

## ကြက်ခြေနီလှုပ်ရှားမှုအစီအစဉ်ဖြင့် စစ်တွေမြို့ရှိ ယာယီကယ်ဆယ်ရေးစခန်းများ၌ ခေတ္တခိုလှုံနေသော ပြည်သူများအတွက် ကူညီထောက်ပံ့ပစ္စည်းများပေးအပ်

**စစ်တွေ စက်တင်ဘာ ၂၇**

စစ်တွေမြို့ရှိ ယာယီကယ်ဆယ်ရေးစခန်းများ၌ ခိုလှုံနေထိုင်လျက်ရှိသည့် ဒေသခံတိုင်းရင်းသားများအတွက် ရခိုင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကိုလေးနှင့် ကြက်ခြေနီစေတနာ့လုပ်အားရှင်များနှင့် ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီစေတနာ့လုပ်အားရှင်များက စက်တင်ဘာ ၂၆ ရက် မွန်းလွဲပိုင်းက ကူညီထောက်ပံ့ပစ္စည်းများ ပေးအပ်ကြသည်။

စစ်တွေမြို့ အောင်မြေကုန်းကျောင်း၊ စိတ္တသုခကျောင်း၊ ဒက္ခိဏာရာမကျောင်း၊ ဗုဒ္ဓမော်ကျောင်း၊ ဆုတောင်းပြည့်ကျောင်း၊ အလိုတော်ပြည့်ကျောင်း၊ လမ်းမတော် (မြောက်)ကျောင်း၊ လရောင်ဝန်းကျောင်းနှင့် သိဒ္ဓိကာရုံကျောင်း ယာယီကယ်ဆယ်ရေးစခန်းများရှိ ဒေသခံတိုင်းရင်းသား အိမ်ထောင်စု ၄၀၆ စုအတွက် တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းပုံး ၄၀၆ ပုံး၊ အမျိုးသမီးသုံး တစ်ကိုယ်ရေသန့်ရှင်းရေးသုံး ပစ္စည်းပုံး ၃၀၀၊ ခြင်ထောင် ၄၀၆ ထည်၊ စောင် ၄၀၆ ထည်၊ ငါးသေတ္တာဘူး ၃၂ ဘူး၊ ခေါက်ဆွဲခြောက်ထုပ် ၂၀၅၈ ထုပ်၊ တာပေါ်လင်စ ၂၀ တို့ကို ကူညီထောက်ပံ့ပေးအပ်ပြီး အောင်မြေကုန်းဘုန်းတော်ကြီးကျောင်းရှိ ယာယီကယ်ဆယ်ရေးစခန်းအတွက် လီတာ ၁၀၀၀ ဆံ့ ရေတိုင်ကီတစ်လုံးကိုလည်း လှူဒါန်းခဲ့ကြောင်း သိရသည်။

ဝင်းမင်းစိုး (မြန်/ဆက်)

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တည်ထောင်သည့် (၂၉)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား ရန်ကုန်မြို့၌ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၇**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တည်ထောင်သည့် (၂၉)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(ဗဟိုဌာနချုပ်)တွင် ကျင်းပသည်။ **(ယာပုံ)**




အခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အား အလေးပြုပြီး ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုကြသည်။ ထို့နောက် ဒီမိုကရေစီအရေးတော်ပုံ အဆင့်ဆင့်တွင် ကျဆုံးသွားခဲ့ရသော ရဟန်း၊ ရှင်လူ ကျောင်းသား ပြည်သူတို့အား ဝမ်းနည်းခြင်းအထိမ်းအမှတ်ဖြင့် ရှစ်စက္ကန့်ငြိမ်သက်ကြသည်။

သဘာပတိဖြစ်သူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူးအဖွဲ့ဝင် ဦးဟံသာမြင့်က အမှာစကားပြောကြားရာတွင် "၁၉၈၈ ခုနှစ် ဒီမိုကရေစီအရေးတော်ပုံကြီးသည် ဒီမိုကရေစီခေါင်းဆောင်များနှင့် ဒီမိုကရေစီပါတီများ၊ အဖွဲ့အစည်းများကို မွေးဖွားပေးခဲ့ပါကြောင်း၊ ထို့အတူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် သမိုင်း၏ တောင်းဆိုမှုအရ ပြည်သူလူထု၏ ဆန္ဒနှင့် ယုံကြည်မှုအရ ပေါ်ပေါက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ အလားတူ လူထုခေါင်းဆောင်၊ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည်လည်း လူထုတိုက်ပွဲနှင့်အတူ ပေါ်ထွန်းရှင်သန်လာခဲ့ရခြင်း ဖြစ်ပါကြောင်း၊ ယနေ့သည် တန်းတူညီမျှမှုနှင့် လွတ်လပ်မှုကို တန်ဖိုးထားချီတက်နေသည့် ဒီမိုကရေစီအသွင်ကူပြောင်းရေးကာလဖြစ်ပါကြောင်း၊ အခြားတစ်ဖက်မှာလည်း ရှုပ်ထွေးသိမ်မွေ့သည့် စိန်ခေါ်မှုနှင့် ဖိအားများကို ရင်ဆိုင်နေရပါကြောင်း၊ မြန်မာနိုင်ငံ၏ အမျိုးသားဂုဏ်သိက္ခာနှင့် အချုပ်အခြာအာဏာကို ကာကွယ်နေရဆဲဖြစ်ပါကြောင်း၊ အကြမ်းဖက်ဝါဒနှင့် အကြမ်းဖက်သမားများကို မစေ့စပ်စတမ်းတိုက်ပွဲဆင်နေကြဆဲဖြစ်ပါကြောင်း။

အကြမ်းဖက်ဝါဒသည် ယဉ်ကျေးသည့် လူ့အဖွဲ့အစည်းအတွင်းက အခြေခံအကျဆုံး စည်းမျဉ်းများကို ချိုးဖောက်ခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် စေတနာနှင့် ရည်ရွယ်ချက်မကောင်းသည့် မီဒီယာလုပ်ကြံမှုများ၊ ကမ္ဘာ့ကုလသမဂ္ဂနှင့် နိုင်ငံတကာအသိုင်းအဝိုင်းတွင် ပုံမှားရိုက်စွပ်စွဲချက်များနှင့် မိမိနိုင်ငံ၏ ပုံရိပ်ကို ပုံပျက်ပန်းပျက်ဖြစ်အောင် လိမ်ညာအကွက်ဆင်မှုများကို အမှန်တရားနှင့်ယှဉ်ပြီး ခုခံချေဖျက်နေရဆဲဖြစ်ပါကြောင်း၊ အကြမ်းဖက်ဝါဒမှန်သမျှကို တန်ပြန်တိုက်ခိုက်ချေမှုန်းရေးသည် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကြရမည်ဖြစ်ပါကြောင်း၊ အခြေအမြစ်မရှိသည့် လုပ်ကြံစွပ်စွဲမှုများသည် ရေရှည်မတည်တံ့နိုင်သလို အမှန်တရားသည် အချိန်တန်လျှင် ပွင့်ပွင့်လင်းလင်း ထင်ရှားလာမည်ဖြစ်ပါကြောင်း၊ ဘယ်လိုအခြေအနေမျိုးမှာဖြစ်ဖြစ် ကျွန်တော်တို့အဖွဲ့ချုပ်သည် ပြည်သူလူထု၏ ကိုယ်ပိုင်စွမ်းရည်သတ္တိများနှင့် တရားမျှတစွာ၊ ကျိုးကြောင်းဆီလျော်စွာ စဉ်းစားဆုံးဖြတ်နိုင်စွမ်းများအပေါ်တွင် စိတ်ချယုံကြည်မှုအပြည့်ရှိပါကြောင်း၊ ထို့ကြောင့် ကျွန်တော်တို့သည် ရဲရင့်တည်ကြည်သည့် စိတ်ဓာတ်၊ မွန်မြတ်သည့် မေတ္တာတရားအခြေခံထားပြီး နိုင်ငံတော်၏ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူနှင့်အတူကြိုးပမ်းဆောင်ရွက်ကြပါစို့"ဟု ပြောကြားသည်။

ထို့နောက် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် တည်ထောင်သည့် (၂၉)နှစ်မြောက် နှစ်ပတ်လည်နေ့ ကြေညာချက်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာ ဒေါ်မေဝင်းမြင့်က ဖတ်ကြားပြီး အခမ်းအနားသို့ ဝါရင့်နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များနှင့် အခြားနိုင်ငံရေးအဖွဲ့အစည်းများမှ ပေးပို့သော သဝဏ်လွှာများကို မှတ်တမ်းတင်သည်။

"အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီရဲ့ အင်မတန်မှအားကောင်းခိုင်မာတဲ့ ဒီမိုကရေစီအရေးနဲ့ လူ့အခွင့်အရေးရပ်တည်ချက်ကြောင့် ဒီလို ရှင်သန်ရပ်တည်နိုင်တာပါ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဆိုတာ ၈၈ အရေးတော်ပုံကြီးနဲ့ အတူပေါက်ဖွားလာတဲ့ နိုင်ငံရေးပါတီကြီးတစ်ခုဖြစ်တယ်လေ။ အဲဒီပါတီကြီးဟာ ခေတ်အဆက်ဆက်ကို ဖြတ်သန်းခဲ့ရတယ်။ နောက်ဆုံးမှာတော့ ပြည်သူလူထုထောက်ခံမှုအားနဲ့ ရှေ့ကိုရောက်ခဲ့ပါတယ်။ ကျွန်တော်တို့ကတော့ ဒီမိုကရေစီ ဖက်ဒရယ်ပေါ်ထွန်းလာတဲ့အထိ လက်တွဲဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု အဆိုပါ အခမ်းအနားသို့ တက်ရောက်လာသူ ၈၈ မျိုးဆက် (ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း) မှ ဦးဂျင်မီက ပြောသည်။

ယနေ့ အခမ်းအနားသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များ၊ ဝါရင့်နိုင်ငံရေးသမားများ၊ သံတမန်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယအကြိမ် လူငယ်ညီလာခံကျင်းပရေးဗဟိုကော်မရှင်၊ ညီလာခံကျင်းပရေး ဗဟိုလုပ်ငန်းကော်မတီနှင့် တိုင်းနှင့် ပြည်နယ်အသီးသီးမှ လူငယ်ကော်မရှင်ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ တွေ့ဆုံဆွေးနွေးပွဲကို အဆိုပါရုံးချုပ်၌ ကျင်းပသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် လူငယ်အဖွဲ့ဝင်အသစ်များ စုဆောင်းမှုနှင့်ပတ်သက်သည့် လုပ်ငန်းစဉ်များ၊ ရရှိလာမည့် လူငယ်အဖွဲ့ဝင်အသစ်များထဲမှ လူငယ်မျိုးဆက်သစ်ခေါင်းဆောင်များမွေးထုတ်မည့်လုပ်ငန်းစဉ်များနှင့် လူငယ်ညီလာခံအဆင့်ဆင့် ကျင်းပနိုင်ရေး စသည့်အချက်များကို အဓိကထားဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**

# အာဆီယံနိုင်ငံများအကြား စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စများ ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၇**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့်အဖွဲ့သည် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ စက်တင်ဘာ ၂၆ ရက်မှ ၂၉ ရက်အထိ ကျင်းပသည့် (၃၅)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်လျက်ရှိသည်။




(၃၅)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေး၊ အာဆီယံစွမ်းအင်ဆိုင်ရာ စာတမ်းဖတ်ပွဲနှင့် ပြပွဲ(၂၀၁၇)ဖွင့်ပွဲအခမ်းအနားတို့ကို ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပရာ ဖိလစ်ပိုင်နိုင်ငံ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး H.E .ALFONSO G.CUSI က တက်ရောက်ဖွင့်လှစ်ပေးသည်။ ထို့နောက် အာဆီယံနိုင်ငံများမှ ခင်းကျင်းပြသထားသော စွမ်းအင်ကဏ္ဍဆိုင်ရာပြခန်းများအား လေ့လာကြည့်ရှုသည်။ **(ယာပုံ)**

အစီအစဉ်အရ (၃၅)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေးကို ဆက်လက်ကျင်းပရာ အာဆီယံနိုင်ငံများ၏ အက္ခရာစဉ်အရ ၂၀၁၆ ခုနှစ်တွင် (၃၄)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အိမ်ရှင်နှင့် အလှည့်ကျဥက္ကဋ္ဌအဖြစ် အောင်မြင်စွာတာဝန်ထမ်းဆောင်ခဲ့သော မြန်မာနိုင်ငံ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က အာဆီယံစွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (၂၀၁၆-၂၀၂၅)အား စတင်အကောင်အထည်ဖော်သည့်ကာလအတွင်း အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရခြင်းအတွက် ဂုဏ်ယူပါကြောင်း၊ မိမိတို့ဦးဆောင်သည့် ကာလအတွင်း ဝိုင်းဝန်းကူညီပံ့ပိုးခဲ့ကြသော အဖွဲ့ဝင်နိုင်ငံများ၊ အဖွဲ့အစည်းများ၊ ဆွေးနွေးဖက်နိုင်ငံများ၊ အာဆီယံစွမ်းအင်ဗဟိုဌာနနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့မှ တာဝန်ရှိသူများကို ကျေးဇူးတင်ရှိပါကြောင်း၊ အာဆီယံဒေသတွင်း စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များနှင့် အနာဂတ်စွမ်းအင်ဖူလုံရေးအတွက် ပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အလှည့်ကျဥက္ကဋ္ဌဖြစ်သော ဖိလစ်ပိုင်နိုင်ငံ၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံမှ အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဖိလစ်ပိုင်အစိုးရ၏ ဧည့်ဝတ်ကျေပွန်မှုများအား ကျေးဇူးတင်ရှိပါကြောင်းနှင့် ၂၀၁၇ ခုနှစ်အတွက် ရလဒ်ကောင်းများရရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားခဲ့သည်။ ထို့နောက် အလှည့်ကျဥက္ကဋ္ဌ တာဝန်အား ဖိလစ်ပိုင်နိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E. ALFONSO G.CUSI ထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

အစည်းအဝေးတွင် အာဆီယံစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (ASEAN Plan of Actions for Energy Cooperation –APAEC) ၂၀၁၆-၂၀၂၅ (ပထမအဆင့်)အဖြစ် ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ အာဆီယံဒေသတွင်းနိုင်ငံများ၏ စွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်များ၊ အာဆီယံစွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍခွဲများဖြစ်သော အာဆီယံရေနံကောင်စီ၊ ကျောက်မီးသွေးနှင့် သန့်စင်သော ကျောက်မီးသွေး သုံးစွဲရေးနည်းပညာဆိုင်ရာကဏ္ဍခွဲ၊ အာဆီယံလျှပ်စစ်စွမ်းအားဆိုင်ရာကဏ္ဍခွဲ၊ စွမ်းအင်အကျိုးရှိထိရောက်စွာ အသုံးပြုရေးနှင့် စွမ်းအင်ခြိုးခြံချွေတာရေးကဏ္ဍခွဲ၊ မြို့ပြသုံးနျူကလီးယားစွမ်းအင်ဆိုင်ရာ ကဏ္ဍခွဲ၊ အာဆီယံစွမ်းအင်မူဝါဒချမှတ်သူများအဖွဲ့အစည်း ကွန်ရက်နှင့် အာဆီယံစွမ်းအင်ဗဟိုဌာန အဆင့်မြှင့်တင်ရေးကဏ္ဍများနှင့် ပတ်သက်၍ ၂၀၁၇ ခုနှစ်အတွင်း ဆောင်ရွက်မည့် အစီအစဉ်များနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများအား အပြန်အလှန် ညှိနှိုင်းဆွေးနွေးအတည်ပြုခဲ့ပြီး အာဆီယံစွမ်းအင်ဝန်ကြီးများ၏ ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။

အဆိုပါ အစည်းအဝေးအပြီးတွင် လာအို၊ ထိုင်း၊ မလေးရှား နိုင်ငံတို့အကြား နယ်စပ်ဖြတ်ကျော် လျှပ်စစ်ဓာတ်အားရောင်းဝယ်ရေးဆိုင်ရာ သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ပြည်တွင်း ပြည်ပမီဒီယာများ ဟိန္ဒူဘာသာဝင် ဦးနီမောလ်အား မေးမြန်းနေစဉ်**

○ *ကျောဖုံးမှ*

မိန်းကလေးရှစ်ယောက်နဲ့ ကလေးငယ်တွေကတစ်ဆင့် ကျွန်တော်နဲ့ အွန်လိုင်းကနေ အဆက်အသွယ်ရပြီး သိခဲ့ရတာပါ။ သူတို့နဲ့ အဆက်အသွယ်ရခဲ့တာက လူမှုကွန်ရက်မှာ တင်ထားတာတွေ့တော့ ဘင်္ဂလားဒေ့ရှ် ရောက်သွားပြီဆိုတာ သိလိုက်ရတယ်။ အဲဒါနဲ့ ဘင်္ဂလားဒေ့ရှ် ရောက်နေတဲ့ ဟိန္ဒူဘာသာဝင်တွေကို ကယ်တင်ပေးဖို့ အကူအညီတောင်းလိုက်တယ်။ အဲဒီမိန်းကလေးတွေကို ဘင်္ဂလားဒေ့ရှ်မှာရှိတဲ့ ဟိန္ဒူဘာသာဝင်တွေကလည်း ကယ်တင်လိုက်နိုင်ခဲ့တယ်။ အဲဒါနဲ့ နင်တို့အဲဒီကို ဘယ်လိုရောက်သွားတာလဲ။ နင်တို့ မိဘဆွေမျိုး၊ ညီအစ်ကိုမောင်နှမတွေရော အဲဒီမှာရှိလားမေးတော့ ခမောင်းဆိပ်ကနေ သူတို့အဖွဲ့ကို အကြမ်းဖက်သမားတွေက အတင်းအဓမ္မဆွဲခေါ်ခဲ့ကြတယ်။ မလှမ်းမကမ်းတဲတစ်ခုရောက်တော့ အဲဒီမိန်းကလေးတွေကို ထိုင်ခိုင်းပြီး သူတို့ရဲ့ အဖေ၊ အမေ၊ အမျိုးသားတွေကို လည်ပင်းဖြတ်၊ ခြေ၊ လက်တွေကိုလည်း ဓားနဲ့ခုတ်တယ်။ ပြီးတော့ နင်တို့အသတ်ခံမှာလား၊ ငါတို့ဘာသာထဲဝင်ပြီး ငါတို့ကိုလက်ထပ်ယူမှာလားဆိုပြီး ခြိမ်းခြောက်ပြောဆိုတယ်လို့ ပြောတယ်။ အဲဒါနဲ့ သူတို့လည်း သူတို့ဘာသာထဲဝင်ပါမယ်ပြောမှ သူတို့ကို မသတ်ဘဲ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ခေါ်သွားတယ်လို့ ပြောပါတယ်။ အဲဒါနဲ့ သူတို့ရဲ့ ပြောကြားချက်အရ ကျွန်တော်လည်း သက်ဆိုင်ရာ နယ်ခြားစောင့်ရဲတပ်ဖွဲ့ကို အကြောင်းကြားပြီး သူတို့ပြောတဲ့ ဒီလမ်းကြောင်းအတိုင်း လိုက်လံရှာဖွေတူးဖော်ကြည့်တဲ့အခါ အခုလို ဟိန္ဒူဘာသာဝင် ရုပ်အလောင်းတွေ တွေ့ရှိခဲ့တာဖြစ်ပါတယ်"ဟု အသေးစိတ်ရှင်းပြခဲ့သည်။

ယင်းနောက် ပြည်တွင်း ပြည်ပ သတင်းဌာနများမှ သတင်းမီဒီယာသမားများသည် မောင်တောခရိုင် တောင်ပိုင်းအတွင်းရှိ ပန်းတောပြင်ကျေးရွာသို့ ရောက်ရှိပြီး တပ်မတော်ဆေးတပ်ဖွဲ့မှ အစ္စလာမ်ဘာသာဝင်များအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို သွားရောက်ကြည့်ရှုပြီး ဒေသခံ အစ္စလာမ်ဘာသာဝင်များအား ဩဂုတ် ၂၅ ရက် ဖြစ်စဉ်နှင့်ပတ်သက်ပြီး တွေ့ဆုံမေးမြန်းသတင်းရယူခဲ့သည်။

ယနေ့ ပြည်တွင်း ပြည်ပ သတင်းမီဒီယာအဖွဲ့များ သွားရောက်သတင်းယူခဲ့သော မောင်တောခရိုင် မြောက်ပိုင်း ရဲဘော်ကျကျေးရွာ အနောက်ဘက် မီတာ ၁၂၀၀ အကွာ၌ ဩဂုတ် ၂၅ ရက်က ARSA အစွန်းရောက်အကြမ်းဖက်သမားများ ရက်စက်စွာသတ်ဖြတ်ခဲ့သော ဟိန္ဒူဘာသာဝင် ရုပ်အလောင်းများ ရှာဖွေတူးဖော်ရရှိမှုမှာ စက်တင်ဘာ ၂၄ ရက်တွင် ရုပ်အလောင်း ၂၈ လောင်း၊ စက်တင်ဘာ ၂၅ ရက်တွင် ရုပ်အလောင်း ၁၇ လောင်း စုစုပေါင်း ရုပ်အလောင်း ၄၅ လောင်း တူးဖော်ရရှိထားပြီး သက်ဆိုင်ရာအနေဖြင့် ယင်းဝန်းကျင်လမ်းကြောင်းတစ်လျှောက်တွင် ထပ်မံရှာဖွေလျက်ရှိကြောင်း သိရသည်။

# ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ တတိယအကြိမ်အစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၇

**ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ တတိယအကြိမ်အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။** (ယာပုံ)



အခမ်းအနားတွင် ကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မိမိတို့ကော်မတီအနေဖြင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မြေပြင်ကွင်းဆင်းစိစစ်ခဲ့ရာ တွေ့ရှိရသည့် အခြေအနေများအပေါ်မူတည်၍ ရေတို ရေရှည်အကောင်အထည်ဖော်ရမည့်ကိစ္စများ၊ ချက်ချင်းဆောင်ရွက်ပေးရမည့်ကိစ္စများကို သတ်မှတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ဆောင်ရွက်ရမည့် လုပ်ငန်းများဖော်ထုတ်ပြီး ဦးစားပေးလုပ်ငန်းများ ရွေးချယ်ကာ ထိုဦးစားပေးလုပ်ငန်းများထဲမှ ချက်ချင်းဆောင်ရွက်ပေးရမည့်လုပ်ငန်းများကို စတင်အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း၊ မိမိတို့ဆောင်ရွက်မည့် လုပ်ငန်းများသည် ရေရှည်အကျိုးရှိမည့် လုပ်ငန်းများဖြစ်ရန်နှင့် လုံခြုံရေး၊ တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို ဦးတည်ရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ကော်မတီ၏ ပူးတွဲဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက စိုက်ပျိုးသီးနှံများ ရိတ်သိမ်းရေး၊ ပိုင်ရှင်မဲ့တိရစ္ဆာန်များ ထိန်းသိမ်းရေး၊ မီးလောင်ပျက်စီးသည့်နေရာများကို ပြန်လည်ရှင်းလင်းဆောင်ရွက်ရမည့် အခြေအနေများကိုလည်း ပြည်နယ်တွင် ဆွေးနွေးထားကြောင်း၊ မိမိတို့အကောင်အထည်ဖော် ဆောင်ရွက်မှုများသည် ဥပဒေနှင့်ညီညွတ်ရန်လိုကြောင်း၊ ဥပဒေနှင့်အညီ ပြည်နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီတစ်ရပ်ဖွဲ့စည်းရန် ဆောင်ရွက်ထားကြောင်း၊ လတ်တလောဆောင်ရွက်ရမည့် လုပ်ငန်းများအရေးကြီးသကဲ့သို့ ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းများသည် အနာဂတ်အတွက် အရေးကြီးလုပ်ငန်းများဖြစ်သဖြင့် နက်နက်နဲနဲစဉ်းစား ဆုံးဖြတ်ဆောင်ရွက်ရန် လိုကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်ရန် လိုကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ကော်မတီအတွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က မိမိတို့ဆောင်ရွက်သည့် လုပ်ငန်းစီမံချက်များကို အကောင်အထည်ဖော်ရာတွင် မူဝါဒတစ်ရပ် လိုအပ်မည်ဖြစ်ကြောင်းနှင့် တိုင်းရင်းသား ကျေးရွာများ ပြန်လည်ထူထောင်ပေးရေး၊ နယ်စပ်လမ်းများ ကွန်ကရစ်လမ်းခင်းနိုင်ရေး ဆောင်ရွက်မှုအခြေအနေကို ဆွေးနွေးသည်။

ထို့နောက် ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် အမြဲတမ်းအတွင်းဝန်များနှင့် ဌာနဆိုင်ရာအကြီးအကဲများက သက်ဆိုင်ရာကဏ္ဍအလိုက်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး စီမံထားရှိမှု၊ တစ်ဖက်နိုင်ငံသို့ တိမ်းရှောင်သွားသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေး၊ ပြန်လည်လက်ခံရေးအဖွဲ့ ဖွဲ့စည်းရေး၊ NV Card ထုတ်ပေးရေး ဆောင်ရွက်ထားရှိမှု၊ သတင်းထုတ်ပြန်မှု လျင်မြန်သွက်လက်စေရေး၊ မြေယာပိုင်ဆိုင်မှုများ စိစစ်ရေး၊ တယ်လီဖုန်းလိုင်းများ ကောင်းမွန်ရေး၊ စုရပ်များရှိ ကျောင်းသား ကျောင်းသူများ ပညာဆက်လက်သင်ကြားနိုင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုပေးရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး စသည့် ကဏ္ဍအလိုက် ဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးတင်ပြခဲ့ကြသည်။ **(သတင်းစဉ်)**

# လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဟိန္ဒူဘာသာဝင်များပူးပေါင်း၍ ပျောက်ဆုံးနေသည့်ဟိန္ဒူဘာသာဝင်များကို ရှာဖွေမှုဆက်လက်ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၇

**ဩဂုတ်လ ၂၆ ရက်တွင် ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ သေနတ်ဖြင့် ပစ်ခတ်ခံရမှုကြောင့် မောင်တောမြို့ ဆောက်လုပ်ဆဲ ခရိုင်တရားရုံး၌ ဟိန္ဒူဘာသာဝင်ခြောက်ဦး၊ နေအိမ်အတွင်းရှိ ဟိန္ဒူဘာသာဝင် ကလေးငယ်တစ်ဦး စုစုပေါင်း ခုနစ်ဦးတို့မှာ သတ်ဖြတ်ခံခဲ့ရကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်သည်။**

ARSA အစွန်းရောက် အကြမ်းဖက်သမားများ တိုက်ခိုက်မှုဖြစ်စဉ်များကြောင့် ဟိန္ဒူဘာသာဝင် မိသားစု ၅၆၃ စု၊ လူဦးရေ ၂၇၅၂ ဦးတို့သည် နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရပြီး စစ်တွေမြို့ရှိ ယာယီကယ်ဆယ်ရေးစခန်းများတွင် အိမ်ထောင်စု ၃၂၀ စု၊ လူဦးရေ ၁၂၆၂ ဦး၊ မောင်တောမြို့ရှိ ယာယီကယ်ဆယ်ရေး စခန်းများတွင် အိမ်ထောင်စု ၂၄၁ စု၊ လူဦးရေ ၁၄၈၇ ဦး၊ ဘူးသီးတောင်မြို့ရှိ ယာယီကယ်ဆယ်ရေးစခန်းတွင် အိမ်ထောင်စု တစ်စု၊ လူဦးရေ သုံးဦးတို့ အသီးသီး ခိုလှုံနေထိုင်လျက်ရှိကြောင်း သိရှိရသည်။

ထို့အပြင် ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် မောင်တောမြို့နယ်အတွင်းရှိ ဟိန္ဒူဘာသာဝင်များ ပျောက်ဆုံးနေသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဟိန္ဒူဘာသာရေးခေါင်းဆောင် ဦးနီမောလ်ပါ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည့် ဟိန္ဒူဘာသာဝင်များနှင့်အတူ စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းမှစတင်၍ ရှာဖွေခဲ့ရာ ရဲဘော်ကျကျေးရွာ၏ အနောက်မြောက်ဘက် မီတာ ၁၅၀၀ ခန့်အကွာတွင် မြေကျင်းနှစ်ကျင်း၌ ARSA အစွန်းရောက် အကြမ်းဖက် သမားများက သတ်ဖြတ်မြှုပ်နှံထားသည့် ရုပ်အလောင်း ၂၈ လောင်းကို ဦးစွာတူးဖော်တွေ့ရှိခဲ့သည်။ ယင်းသို့ တွေ့ရှိရသည့် ရုပ်အလောင်း ၂၈ လောင်းတွင် ၁၀ နှစ်အောက် ကလေးသူငယ်ခြောက်ဦးနှင့် ၁၆ နှစ်အောက် ကလေးငယ်နှစ်ဦး စုစုပေါင်း ကလေးငယ်ရှစ်ဦး၏ အလောင်းများ ပါဝင်ခဲ့သည်။




စက်တင်ဘာ ၂၅ ရက်နေ့တွင် ပထမတွေ့ရှိခဲ့သည့်နေရာ၏ အရှေ့ဘက် မီတာ ၂၀၀ အကွာတွင် မြေကျင်းနှစ်ကျင်း၌ မြှုပ်နှံထားသည့် ရုပ်အလောင်း ၁၇ လောင်းကို ထပ်မံတူးဖော်တွေ့ရှိခဲ့သဖြင့် အကြမ်းဖက်သတ်ဖြတ်ခြင်း ခံရသော ဟိန္ဒူဘာသာဝင် စုစုပေါင်း ၄၅ ဦး ရှိပြီဖြစ်သည်။

စက်တင်ဘာ ၂၆ ရက်နေ့တွင်လည်း ရှာဖွေမှုများ ဆက်လက် ဆောင်ရွက်ခဲ့ရာ ရဲဘော်ကျကျေးရွာမှ ပျောက်ဆုံးနေဆဲဖြစ်သည့် ဟိန္ဒူဘာသာဝင် ၄၈ ဦးကို ရှာဖွေတွေ့ရှိခြင်း မရှိသေးသည့်အပြင် မောင်တောမြို့နယ် အိုးထိန်းကျေးရွာမှ ဟိန္ဒူဘာသာဝင် ၁၄၄ ဦး ပျောက်ဆုံးနေကြောင်း ထပ်မံသိရှိရသဖြင့် ဆက်လက်ရှာဖွေလျက်ရှိသည်။

ARSA အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ဟိန္ဒူဘာသာဝင် ၅၂ ဦး သေဆုံးခဲ့ရပြီး စုစုပေါင်း ၁၉၂ ဦး ပျောက်ဆုံးလျက်ရှိကြောင်း သိရှိရသည်။

ရခိုင်ပြည်နယ်အတွင်း ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက် တိုက်ခိုက်သတ်ဖြတ်ခံခဲ့ရသည့် ဟိန္ဒူဘာသာဝင် ရုပ်အလောင်းများ တူးဖော်တွေ့ရှိခဲ့သည့်နေရာသို့ မြန်မာနိုင်ငံအခြေစိုက် ပြည်တွင်းပြည်ပမီဒီယာများဖြစ်သည့် TBS ၊ Asahi Shinbum ၊ EPA ၊ AFP၊ VOA ၊ CNA၊ BBC၊ Xinhua၊ TV Asahi၊ Nippon TV၊ Frontier Myanmar နှင့် Reuter သတင်းဌာနတို့မှ သတင်းအဖွဲ့များသည် ယနေ့တွင် နေ့ချင်းပြန် သွားရောက်သတင်းယူခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဟိန္ဒူဘာသာဝင်အလောင်း ၄၅ လောင်းတွေ့ရှိသည့်နေရာနှင့် ထပ်မံရှာဖွေသည့်နေရာပြမြေပုံ




# ကြက်ခြေနီလှုပ်ရှားမှု (Red Cross Movement) အဖွဲ့မှ စစ်တွေမြို့ရှိ ယာယီကယ်ဆယ်ရေးစခန်းများ၌ ခေတ္တခိုလှုံနေသော ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်

**စစ်တွေ စက်တင်ဘာ ၂၇**

စစ်တွေမြို့ရှိ ယာယီကယ်ဆယ်ရေးစခန်းများတွင် ခိုလှုံနေထိုင်လျက်ရှိသည့် ဒေသခံတိုင်းရင်းသားများအတွက် ကြက်ခြေနီလှုပ်ရှားမှု (Red Cross Movement) အဖွဲ့မှ ထောက်ပံ့ရေးပစ္စည်းများကို မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ရခိုင်ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကိုလေး ဦးဆောင်၍ ပြည်နယ်ကြက်ခြေနီစေတနာ့လုပ်အားရှင်များနှင့် ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီစေတနာ့လုပ်အားရှင်များက ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ယနေ့ ညနေပိုင်းတွင် စစ်တွေမြို့ ကောဝိဒဘုန်းတော်ကြီးကျောင်း၊ ဓမ္မရာမဘုန်းတော်ကြီးကျောင်း၊ သရက်တောဘုန်းတော်ကြီးကျောင်း၊ ဥတ္တရာဘုန်းတော်ကြီးကျောင်းနှင့် ဇေယျဝတီဘုန်းတော်ကြီးကျောင်းတို့၌ ဖွင့်လှစ်ထားသည့် ယာယီကယ်ဆယ်ရေးစခန်းများရှိ ဒေသခံတိုင်းရင်းသား အိမ်ထောင်စု ၂၄၂ စုအတွက် တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းပုံး၊ အမျိုးသမီး တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းပုံး၊ ခြင်ထောင်၊ စောင်၊ တာပေါ်လင်စ၊ ငါးသေတ္တာဘူးနှင့် ခြောက်ဆွဲခြောက်ထုပ်တို့ကို ကူညီထောက်ပံ့ပေးခဲ့သည်။

စစ်တွေမြို့ ယာယီကယ်ဆယ်ရေးစခန်းများ၌ နေထိုင်လျက်ရှိသည့် အိမ်ထောင်စု ၁၇၇၄ စုအတွက် တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းပုံး၊ အမျိုးသမီးတစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းပုံး၊ ခြင်ထောင်၊ စောင်၊ တာပေါ်လင်စ၊ ငါးသေတ္တာဘူးနှင့် ခေါက်ဆွဲခြောက်ထုပ်များကို စက်တင်ဘာ ၁၀ ရက်မှ ၂၇ ရက်အထိ ကြက်ခြေနီလှုပ်ရှားမှု (Red Cross Movement)အဖွဲ့ အစီအစဉ်ဖြင့် ထောက်ပံ့ပေးအပ်ခဲ့သည့်အပြင် အောင်မြေကုန်းဘုန်းတော်ကြီးကျောင်းနှင့် ဝိသုဒ္ဓါရာမဘုန်းတော်ကြီးကျောင်းတို့ရှိ ယာယီကယ်ဆယ်ရေးစခန်းများ၌ အသုံးပြုရန် လီတာ ၁၀၀၀ ဆံ့ ရေတိုင်ကီနှစ်လုံးကိုလည်း လှူဒါန်းခဲ့ကြသည်။ **ဝင်းမင်းစိုး (ပြန်/ဆက်)**



# ကရုဏာ (အကြင်နာ) တရားလက်ကိုင်ထား၍

**ကနောင်မောင်ဆန်းသစ်**

ကျောင်းသားကျောင်းသူငါးဦး စာမရ၍ အဝတ်အစားများချွတ်ကာ မတ်တတ်ရပ်ခိုင်းသည့်ဆရာမအား စစ်ဆေးနေဆိုသော သတင်းခေါင်းစဉ်နှင့်သတင်းအချက်အလက်များကို ၂၄.၉.၂၀၁၇ (တနင်္ဂနွေနေ့) ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၁၂) မှာ ဖတ်လိုက်ရပါတယ်။

သတင်းစာထဲမှာ မဖတ်ရခင် လူမှုကွန်ရက် သတင်းစာ (Facebook) မှ ပါလာတဲ့အကြောင်း အသိမိတ်ဆွေတစ်ယောက်က ပြောတာကြားခဲ့ရပါတယ်။ သတင်းအချက်အလက် အပြည့်အစုံကိုတော့ ခုမှ ဖတ်လိုက်ရခြင်း ဖြစ်ပါတယ်။ ဒီသတင်းဖတ်လိုက်ရတဲ့အတွက် ဒဏ်ပေးခံရတဲ့ ကလေးများအတွက် စိတ်မကောင်း ဖြစ်ခဲ့ရသလို ဒဏ်ပေးတဲ့ ဆရာမကိုလည်းကောင်း၊ ကျန်သော ဘဝတူ ဆရာ/ဆရာမများကိုလည်းကောင်း၊ ဆင်ခြင်တုံတရားနဲ့ သတိထားစေချင်လို့ ဒီဆောင်းပါးရေးလိုက်ရခြင်းဖြစ်ပါတယ်။ ဆရာ့ဝတ္တရား(၅)ပါး ကို မြတ်စွာဘုရားက သိင်္ဂါလောဝါဒသုတ်မှာ ဟောကြားညွှန်ပြထားပြီးဖြစ်ပါတယ်။ ဒါကို အမှတ်ရလွယ်ကူအောင် သင်္ဃဇာဆရာတော်ဘုရားက အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန် ၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ဖို့၊ ဆရာတို့ ကျင့်ဖို့ဝတ်ငါးဖြာလို့ လင်္ကာရေးဖွဲ့ပေးခဲ့ပါတယ်။ ဒါကြောင့် ဆရာဆိုတာ တပည့်တွေကို အသိပညာ၊ အတတ်ပညာတွေ သင်ကြားပေးရမှာ ဖြစ်သလို မလိမ္မာလို့ ဆုံးမရတာမျိုး၊ တတ်စေချင်လို့ ဆုံးမရတာမျိုးဟာ မလွဲမသွေ ရှိရမှာပါ။ ဒါပေမယ့် ဆုံးမပုံနည်းနာကတော့ အမျိုးမျိုးရှိပေမယ့် များသောအားဖြင့် ဆရာဆရာမတွေဟာ ကြိမ်လုံးအသုံးပြုတဲ့ ရိုက်နှက်ခြင်းနည်းကို အကျွမ်းတဝင်ရှိနေတတ်ကြပါတယ်။ ဆရာက တပည့်ကို ရိုက်နှက်ဆုံးမတာဟာ မုန်းလို့မဟုတ်ဘူးလို့ ပြောနိုင်ပေမယ့် ကရုဏာဒေါသနဲ့ ရိုက်တာပါလို့ ဆိုနိုင်ပေမယ့် ဒေါသကပါလာပြီမို့ အနည်းနဲ့အများဆင်ခြင်တုံတရား လျော့ပါးသွားတာကို ဂရုပြုစေချင်ပါတယ်။

ဆရာ ဆရာမက ကျောင်းသား ကျောင်းသူတွေကို ရိုက်နှက်ဆုံးမခြင်းမပြုကြဖို့ ပညာရေးဝန်ကြီးဌာနက လမ်းညွှန်ချက်ပေးထားတယ်လို့ သိရပါတယ်။ ဒါကလည်း Educational Psychology နဲ့ Child Psychology ကို ဆရာဖြစ်သင်တန်းတိုင်းမှာ သင်ကြားခဲ့ကြရတဲ့ ဆရာဆရာမများအဖို့ သင့်လျော်မှန်ကန်တဲ့ လမ်းညွှန်မှုဆိုတာ လက်ခံကြရမှာပါ။

ယခုသတင်းစာထဲမှာပါလာတဲ့ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကူးတို့ဆိပ်ကမ်းကျေးရွာ အမက မူလွန်ကျောင်းက ဆရာမဟာ ဒီလမ်းညွှန်ချက်ကို အဓိပ္ပာယ်ကောက်လွဲပြီး နည်းလမ်းမှားဆုံးမလိုက်တာလားလို့ စာရေးသူ အတွေးတစ်ချက်ဝင်ခဲ့ပါတယ်။ ၎င်းဆရာမအနေနဲ့ သူ့တပည့်များအား ကိုယ်အောက်ပိုင်း အဝတ်အစားများ ချွတ်ခိုင်းပြီး မိန်းကလေးနဲ့ ယောကျ်ားလေးတွေအား မျက်နှာချင်းဆိုင်ရပ်ခိုင်းထားခြင်း ၊ နံနက် ၉ နာရီ မှ မွန်းလွဲ ၁၂ နာရီခွဲအထိ အချိန် ၃ နာရီခွဲကျော်အောင် ရပ်ခိုင်းထားခြင်း စသည်တို့ဟာ စာမရ၍ ဒဏ်ပေးခြင်းထက် နှိပ်စက်ကလူပြုခြင်းဘက်သို့ ရောက်ရှိသွားပါတယ်။ ဆရာမအနေနဲ့ စာမရသော ကလေးတွေအား အရှက်ရှိအောင်၊

> **ဆရာဆိုတာ တပည့်တွေကို အသိပညာ၊ အတတ်ပညာတွေ သင်ကြားပေးရမှာ ဖြစ်သလို မလိမ္မာလို့ ဆုံးမရတာမျိုး၊ တတ်စေချင်လို့ ဆုံးမရတာမျိုးဟာ မလွဲမသွေရှိရမှာပါ။ ဒါပေမယ့် ဆုံးမပုံနည်းနာကတော့ အမျိုးမျိုးရှိပေမယ့် များသောအားဖြင့် ဆရာဆရာမတွေဟာ ကြိမ်လုံးအသုံးပြုတဲ့ ရိုက်နှက်ခြင်းနည်းကို အကျွမ်းတဝင်ရှိနေတတ်ကြပါတယ်။ ဆရာက တပည့်ကို ရိုက်နှက်ဆုံးမတာဟာ မုန်းလို့မဟုတ်ဘူးလို့ ပြောနိုင်ပေမယ့် ကရုဏာဒေါသနဲ့ ရိုက်တာပါလို့ ဆိုနိုင်ပေမယ့် ဒေါသကပါလာပြီမို့ အနည်းနဲ့အများဆင်ခြင်တုံတရား လျော့ပါးသွားတာကို ဂရုပြုစေချင်ပါတယ်**

အကြောက်ရှိအောင် ဆုံးမခြင်းဟု ယူဆနိုင်သော်လည်း ပြစ်မှုနဲ့ ပြစ်ဒဏ်က မမျှတဟု ဆိုနိုင်ပါတယ်။ ခန္ဓာကိုယ်အား ရိုက်နှက်ရာမှ စိတ်ဒဏ်ရာသို့ မကူးပြောင်းစေရေးကို ရည်ရွယ်၍ ဌာနက ရိုက်နှက်ခြင်းမပြုရန် လမ်းညွှန်ထားခြင်းဖြစ်ပါတယ်။ ရိုက်တော့ မရိုက်ဘူးပေါ့။ ဌာနက လမ်းညွှန်ချက်ကိုလည်း မသွေဖည်ဘူးပေါ့။

ဒါပေမယ့် ဒီလမ်းညွှန်ချက်ရဲ့ ရည်ရွယ်ချက်ကိုတော့ တည့်တည့်ကြီး ချိုးဖောက်လိုက်ခြင်းပါပဲ ။ ရိုက်တာထက်ပိုဆိုးတဲ့ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုကို ဖြစ်သွားစေနိုင်ပါတယ်။ ဒီအချက်ကို ဆရာ ဆရာမတွေ သတိထားစေချင်ပါတယ်။

သတင်းစာထဲမှာပါတဲ့ သတင်းအချက်အလက်တွေအရ ၎င်းဆရာမသည် မူလတန်းပြဟု ခန့်မှန်းရပါတယ်။ ဒီလိုဆိုရင် ကျောင်းအုပ်ကြီးက အခြေအနေကို ဝင်မထိန်းဘူးလားဟု မေးစရာရှိနေပါတယ်။ ကျောင်းအုပ်ကြီးက စောစောဝင်၍ ထိန်းသိမ်းကြပ်မတ်ပေးလျှင် သတင်းစာထဲပါတဲ့အထိ ရောက်လာမည်မဟုတ်ပါ။ ဒီစာရေးရတာကလည်း စာရေးသူကိုယ်တိုင် မူလတန်းလက်ထောက်ဆရာဘဝမှာ ကြုံတွေ့ခဲ့ရတဲ့အဖြစ်အပျက်တွေကို သင်ခန်းစာယူစေချင်လို့ပါပဲ။

အခြေခံမူလတန်းကျောင်း တစ်ကျောင်းမှာ လက်ထောက်တာဝန်နဲ့ ဒုတိယတန်း၊ ပထမတန်း၊ သူငယ်တန်း၊ အတန်းသုံးတန်းကို ဘာသာစုံ သင်ကြားပေးခဲ့ရတဲ့ ၁၉၇၃ ခုနှစ်တုန်းက အဖြစ်အပျက်ပါ ။ အဲဒီတုန်းက ဒုတိယတန်းကလေးတွေကို သင်္ချာသင်ပေးဖို့ အမြှောက်အလီပေါင်းများ (၂) ကနေ (၂၄) အထိ အလွတ်ကျက်ခိုင်းခဲ့ပါတယ်။ တစ်ရက်ကြိုပြီးအချိန်ပေးကျက်ခိုင်းထားပေမယ့် တစ်တန်းလုံးနီးပါးမရတာကြောင့် စာရေးသူ မူလတန်းပြဆရာလေးဟာ ဒေါသထွက်ကာ စာမရတဲ့ ကလေးတွေအားလုံးကို လေးဘက်ထောက်ခိုင်းပြီး စာသင်ခန်းထဲမှာ ခွေးတွေသွားသလို သွားခိုင်းပါတယ်။ ဖြစ်ချင်တော့ မိန်းကလေးကျောင်းသူတွေကို ရှေ့ကသွားခိုင်းမိပါတယ်။ ကလေးတွေကတော့ ပျော်ပျော်ပါးပါးနဲ့ လေးဖက်ထောက်သွားကြပါတယ်။ အဲဒီနေ့က ကျောင်းအုပ်ဆရာကြီးက ကျောင်းမှာမရှိတော့ ကျွန်တော့်သဘောဖြစ်နေတာပေါ့။ သုံးပတ်လောက်ပတ်ခိုင်းပြီးတော့ အပြစ်ပေးတာရပ်လိုက်ပြီး မြန်မာစာဆက်သင်ပါတယ်။ အလီတွေရအောင်ကျက်ခဲ့၊ မရရင် မနက်ဖြန်မှာလည်းဒီလို ထပ်အပြစ်ပေးဦးမယ်လို့ ပြောလိုက်မိတယ်။ နောက်နေ့ ကျောင်းပြန်တက်တော့ သင်္ချာချိန် ရောက်တဲ့အခါ အလီတွေ ဆိုခိုင်းပြန်တယ်။ ဒီတစ်ခါကျတော့ မရတဲ့သူက ၁၀ဦးလောက်ပဲ ကျန်တော့တယ်။ ဒါပေမယ့် မနေ့ကလိုပဲ အပြစ်ပေးရမယ်ဆိုပြီး မိန်းကလေးတွေကို ရှေ့ကထား ယောကျ်ားလေးတွေကို နောက်ကလိုက်ခိုင်းလုပ်တော့ ရှက်တဲ့ကလေးတွေက မျက်ရည်ကျ၊ ယောကျ်ားလေးတွေက လှောင်ပြောင်ပြောဆိုကြတော့ အတန်းဟာ ဆူညံနေတော့တာပေါ့ ။ အဲဒီအချိန်မှာ ကျောင်းအုပ်ဆရာကြီးလည်း ကျောင်းမှာ ရှိနေချိန်ဖြစ်တော့ ချက်ချင်းရောက်လာပြီး ဒီလိုအပြစ်ဒဏ်မျိုး မပေးသင့်တဲ့အကြောင်း ၊ ရွာထဲမှာ ကျောင်းသားမိဘအချို့က မကျေနပ်လို့ သူ့ကိုလာပြောကြကြောင်း၊ ကလေးတွေကိုခွေးလုပ်ခိုင်းတာလားလို့ ပြောကြကြောင်းစတဲ့ အခြေအနေတွေကို ရှင်းပြပြီး ကျောင်းအုပ်ဆရာကြီးက ကျွန်တော့်ကို ဆုံးမပြုပြင်ပေးခဲ့ပါတယ်။ ၁၉၇၃ ခုနှစ်အချိန်ဆိုတော့ ခုခေတ်လို (Facebook) တွေကလည်း မရှိသေး ဆရာဆရာမဆိုရင် ရိုသေလေးစားကြရမည်ဆိုတဲ့ ဘာသာရေး အဆုံးအမအခံစိတ်တွေရှိကြတာရယ်၊ ကျောင်းအုပ်ဆရာကြီးက အချိန်မီ ထိန်းသိမ်းကြပ်မတ်နိုင်တာရယ်ကြောင့် ကလေးတွေကို ခွေးလိုသွားခိုင်းပြီး အပြစ်ပေးတဲ့ကိစ္စဟာ ရွာမှာပဲ၊ ကျောင်းမှာပဲ အေးချမ်းငြိမ်သက်စွာ ပြီးဆုံးသွားခဲ့ပါတယ်။

ကျွန်တော်တို့ မြန်မာစကားပုံ တစ်ခုရှိပါတယ်။ "အသက်နဲ့ လူလုပ်တာ မဟုတ်ဘူး၊ အရှက်နဲ့ လူလုပ်တာ" ဆိုတဲ့ စကားပုံပါပဲ။ ဒါဟာလည်း အမှန်တရားပါ။ တရားရုံးများမှာတောင် လူ့ဂုဏ်သိက္ခာညှိုးနွမ်းစေမည့် အပြစ်ဒဏ်များ မချမှတ်ရလို့ ပြဋ္ဌာန်းထားပါတယ်။ ဒီတော့ ဆရာဆရာမတွေအနေနဲ့ တို့သင်ကြားပေးနေတဲ့ ကလေးတွေဟာ လူသားလေးတွေပဲ၊ သူတို့ရဲ့ဂုဏ်သိက္ခာညှိုးနွမ်းစေမယ့် ဆုံးမမှုတွေ၊ အပြစ်ဒဏ်ပေးမှုတွေကို ဆင်ခြင်တုံတရားနဲ့ သတိထားကြစေချင်ပါတယ်။

"ရှေးရှုမေတ္တာ၊ ကရုဏာနှင့်၊ နာနာကြင်ကြင်အပြစ်မြင်တိုင်း၊ ဝမ်းတွင်းမသို၊ ဟုတ်တိုင်းဆို၍၊ ကျိုးလိုစိတ်က၊ ဆုံးမတတ်သူ ဆရာဟူလေ့" ဆိုတဲ့ မန်လည်ဆရာတော် ဘုရားကြီးရဲ့ဆုံးမစာအတိုင်း ကျင့်သုံးကြမည်ဆိုလျှင် ဒီလိုအဖြစ်မျိုးတွေ ဖြစ်မလာနိုင်ပါဘူး။

ဟိုတုန်းကတော့ ဆရာ ဆရာမဆိုရင် နာ(၃)နာနဲ့ ပြည့်စုံရမယ်လို့ ဆိုထုံးရှိကြပါတယ်။ စေတနာ ၊ ဝါသနာ ၊ အနစ်နာ ရှိရမယ်ပေါ့။ ကျွန်တော်တို့ ပညာရေးဌာနရဲ့ မီးရှူးတန်ဆောင်ကြီးဖြစ်ခဲ့တဲ့ ဆရာကြီး ဦးသောင်းထွဋ် (ဒုတိယဝန်ကြီးဟောင်း၊ ပညာရေး တက္ကသိုလ် ပါမောက္ခချုပ်ဟောင်း) ရဲ့ ဩဝါဒကတော့ ဆရာ ဆရာမတစ်ဦးဖြစ်လာပြီဆိုလျှင် နာ(၄)နာနဲ့ ပြည့်စုံရမယ်လို့ ဆိုပါတယ်။ စေတနာ ၊ ဝါသနာ၊ အနစ်နာနဲ့ အကြင်နာတို့ဖြစ်ပါတယ်။ ဆရာကြီးရဲ့ ဩဝါဒဟာ မန်လည်ဆရာတော်ဘုရားကြီးရဲ့ဆုံးမစာနဲ့လည်း ကိုက်ညီသလို ဆရာ ဆရာမတိုင်း အမြဲလိုက်နာသင့်တဲ့ လမ်းညွှန်ချက်လည်း ဖြစ်ပါတယ်။ ဒါကြောင့် ကရုဏာ (သို့) အကြင်နာ တရားလက်ကိုင်ထား၍ သင်ကြားပေးကြပါ။ ပြောဆိုဆုံးမကြပါလို့ အနာဂတ်မျိုးဆက်သစ် ကလေးတွေရဲ့ဉယျာဉ်မှူးကြီးတွေအား အထူးမေတ္တာရပ်ခံ ပန်ကြားရေးသားလိုက်ရပါသတည်း။ ။

## မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အိမ်ရာစီမံကိန်းများမှ တိုက်ခန်းများအား နိုင်ငံ့ဝန်ထမ်းများအား အိမ်ရာချေးငွေစနစ်ဖြင့်ရောင်းချပေးသွားမည်

**နေပြည်တော် စက်တင်ဘာ ၂၇**

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အိမ်ရာစီမံကိန်းများမှ တိုက်ခန်းများအား နိုင်ငံ့ဝန်ထမ်းများအား အိမ်ရာချေးငွေစနစ်ဖြင့်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တန်ဖိုးနည်းအိမ်ရာစီမံကိန်းအဖြစ် ဒဂုံမြို့သစ် (ဆိပ်ကမ်း)တွင် ကနောင်အိမ်ရာစီမံကိန်းနှင့် လှိုင်သာယာမြို့နယ်တွင် ရွှေလင်ပန်းအပိုင်း(၂)(၃) အိမ်ရာစီမံကိန်းမှ တိုက်ခန်းများကိုလည်းကောင်း၊ တန်ဖိုးသင့်အိမ်ရာစီမံကိန်းအဖြစ် လှိုင်သာယာမြို့နယ်တွင် ထီးလှိုင်ရှင်အိမ်ရာနှင့် ရွှေလင်ပန်း Commerical Area အိမ်ရာစီမံကိန်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တွင် အင်းဝအိမ်ရာနှင့် ပုလဲမွန်အိမ်ရာစီမံကိန်း၊ မြောက်ဥက္ကလာပမြို့နယ်တွင် ရွှေပေါက်ကံ (၁၄)အိမ်ရာစီမံကိန်းတို့မှ တိုက်ခန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နိုင်ငံ့ဝန်ထမ်းများအား ရောင်းချရာတွင် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်နှင့် ချိတ်ဆက်ကာ အိမ်ရာချေးငွေစနစ်ဖြင့်လည်းကောင်း ငွေအကျေချေစနစ်ဖြင့်လည်းကောင်း ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

အရစ်ကျငွေပေးချေသည့် စနစ်ဖြင့် တိုက်ခန်းများဝယ်ယူလိုပါက ဝယ်ယူလိုသည့် ဝန်ထမ်းများအနေဖြင့် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်တွင် မိမိဝယ်ယူလိုသည့် တိုက်ခန်းတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းကို ထည့်ဝင်ထားရမည်ဖြစ်ပြီး ကျန်သည့် ၇၀ ရာခိုင်နှုန်းကို မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနထံ ချေးငွေလျှောက်ထား၍ အရစ်ကျ ငွေပေးချေသည့်စနစ်ဖြင့် ဝယ်ယူနိုင်ကြောင်း သိရသည်။

တိုက်ခန်းများအား ချေးငွေလျှောက်ထား ဝယ်ယူလိုပါက ညွှန်ကြားရေးမှူးချုပ်၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသို့လိပ်မူ၍ လျှောက်ထားဝယ်ယူနိုင်ပြီး ချေးယူလိုသည့် ငွေပမာဏ၊ ချေးငွေရယူလိုသည့် ကာလဖော်ပြထားသော လျှောက်လွှာနှင့်အတူ ဓာတ်ပုံသုံးပုံ၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဝယ်ယူခွင့်ရရှိသော အကြောင်းကြားစာ၊ လျှောက်ထားသူ၏ မှတ်ပုံတင်မိတ္တူ၊ မိသားစု အိမ်ထောင်စုစာရင်း၊ ဝန်ထမ်းကတ်မိတ္တူတို့ဖြင့် လျှောက်ထားရယူနိုင်ကြောင်း သိရသည်။

ထို့အပြင် မန္တလေး၊ ပုသိမ်၊ မကွေးနှင့် မုံရွာမြို့တို့၌လည်း အိမ်ရာစီမံကိန်းများကို မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဝယ်ယူလိုသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အဆိုပါဦးစီးဌာန၏ နေပြည်တော် ဖုန်း ၀၆၇-၃၄၀၇၇၀၃ နှင့် ၀၁-၃၃၉၂၅၂၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**ရှင်မင်း**

## စာပေဗိမာန်စာမူဆုရစာအုပ် ဖြန့်ချိရောင်းချ

**နေပြည်တော် စက်တင်ဘာ ၂၇**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၅ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ စာပဒေသာပထမဆုရရှိသည့် ရွှေညောင်မြေ မောင်စန်းမြင့်၏ " မဲဇာမြိုင်ဂနိုင်တွင်းမှာ ပန်းတစ်ခင်းပျိုးခဲ့တယ်" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။




ယင်းစာအုပ်သည် ထီးချိုင့်မြို့နယ်ရှိ ဒင်ကြီးကျဟူသော ရွာကလေး၌ မူလတန်းပြဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော စာရေးသူ၏ ဘဝမှတ်တမ်း၊ လုပ်ငန်းမှတ်တမ်းများကို စာပဒေသာပုံစံဖြင့် ရေးဖွဲ့ထားခြင်းဖြစ်သည်။ လူတစ်ယောက်၏ ကိုယ်ရေးကိုယ်တာဟု ဆိုသော်လည်း လူတိုင်းသိသင့်၊ ခံစားသင့်သည့် အကြောင်းများကိုသာ ရေးသားထားခြင်းဖြစ်သည်။ ကိုယ်တွေ့"စာ" များဟုလည်း ဆိုနိုင်ပါသည်။ ကလေးတို့၏ ဆရာ ဆရာမများအဖြစ် လုပ်ကိုင်နေသော စာဖတ်ပရိသတ်အတွက် သာမက မြန်မာစာပေလောကမှ စာတမ်းဟုခေါ်ဆိုသော စာပဒေသာကောင်းဖတ်လိုသူများအတွက် အရသာတွေ့စေမည့် စာအုပ်ဖြစ်ပါသည်။

ရောင်းဈေးငွေကျပ် ၆၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်ဆိုင် (ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈)၊ အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း-၀၂-၃၀၁၈၆)နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဌာန (ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈)တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## သန်လျင်၌ မြန်မာ့ရိုးရာ မီးထွန်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲကျင်းပမည်

**သန်လျင် စက်တင်ဘာ ၂၇**

မြန်မာ့ရိုးရာမီးထွန်းပွဲတော်နှင့် တေးဂီတဖျော်ဖြေပွဲကို သန်လျင်လူမှုကွန်ရက်ကဦးဆောင်၍ အောက်တိုဘာ ၃ ရက်မှ ၅ ရက်အထိ သန်လျင်မြို့ ပြည်တော်သာလမ်းရှိငြိမ်းချမ်းရေးကွင်း၌ ကျင်းပသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါသီတင်းကျွတ်မီးထွန်းပွဲတော် အခမဲ့ဂီတဖျော်ဖြေပွဲနှင့်အတူ ကာတွန်းပြပွဲကိုပါ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

# ဘင်္ဂလားဒေ့ရှ်သို့ ထွက်ပြေးရောက်ရှိနေသူများကို ပြန်လည်လက်ခံရာတွင် ၁၉၉၃ ခုနှစ် မြန်မာ-ဘင်္ဂလားဒေ့ရှ် သဘောတူညီချက်အတိုင်း ဆောင်ရွက်သွားရန်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၇**

တစ်ဖက်နိုင်ငံ ဘင်္ဂလားဒေ့ရှ်သို့ ထွက်ပြေးရောက်ရှိနေသူများအား ပြန်လည်လက်ခံရာတွင် ကုန်းလမ်းမှ လာရောက်သူများကို တောင်ပြိုလက်ဝဲ၌လည်းကောင်း၊ ရေလမ်းမှ လာကြသူများကို ငါးခူရ၌လည်းကောင်း စိစစ်လက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

"လက်ခံမယ့်နေရာက တောင်ပြိုလက်ဝဲကနေစပြီး လက်ခံမယ်။ ကုန်းလမ်းက လာတဲ့သူတွေပေါ့။ ရေလမ်းကလာတဲ့သူကို ငါးခူရကနေလက်ခံမယ်။ အဲဒီကနေ စိစစ်မယ်။ စိစစ်ပြီးလို့ရှိရင် ပြန်လည်နေရာချထားရေးကတော့ ဒါးကြီးဇားကျေးရွာလို့ လတ်တလောလျာထားတယ်။ ဒါတွေအကုန်လုံးက လုံခြုံရေးနဲ့ပတ်သက်ပြီးတော့ ညှိနှိုင်းဆောင်ရွက်ရမယ့် ကိစ္စတွေအများကြီးရှိတယ်။ ဒါကတော့ အခု လျာထားတဲ့အချက်တွေပါ"ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြောသည်။

နေပြည်တော်၌ ယနေ့ကျင်းပသည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ တတိယအကြိမ်အစည်းအဝေးအပြီး သတင်းမီဒီယာသမားများနှင့်တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက တစ်ဖက်နိုင်ငံ ဘင်္ဂလားဒေ့ရှ်သို့ ထွက်ပြေးရောက်ရှိနေသူများကို ပြန်လည်စိစစ်လက်ခံရာတွင်လည်း ၁၉၉၃ ခုနှစ် မြန်မာ-ဘင်္ဂလားဒေ့ရှ် သဘောတူညီချက်နှင့်အညီ လက်ခံရန် အားလုံး သဘောတူညီထားကြကြောင်း၊ အဖွဲ့များဖွဲ့စည်းပြီး အဆင်ပြေအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ (National Verification Process)နှင့်ပတ်သက်၍လည်း ဦးစားပေးဆောင်ရွက်ရန်ရှိပြီး ကြိုတင်ပြင်ဆင်ထားကြောင်း ဆက်လက်ပြောကြားသည်။


ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မီဒီယာများအား ဖြေကြားစဉ်

တစ်ဖက်နိုင်ငံ ဘင်္ဂလားဒေ့ရှ်သို့ ထွက်ပြေးရောက်ရှိနေသူများ ပြန်လည်လက်ခံရေးနှင့်ပတ်သက်ပြီး ဘင်္ဂလားဒေ့ရှ်အစိုးရနှင့် သွားရောက်ညှိနှိုင်းရန်ရှိနေပြီး ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်သူထက်**

# မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ကျေးရွာအတွင်း ရေဝင်

**န္တားထိုးကြီး စက်တင်ဘာ ၂၇**

န္တားထိုးကြီးမြို့နယ်အတွင်း စက်တင်ဘာ ၂၆ ရက်က မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် န္တားထိုးကြီးမြို့၏အနောက်မြောက်ဘက် ၁၀ မိုင်ခန့်အကွာရှိ နန္ဒင်းတော်ဘိုးကျေးရွာအတွင်းသို့ ချောင်းရေလျှံမှုဖြစ်ကာ ကျေးရွာအတွင်းရေ နှစ်ပေ ခွဲခန့် ရေဝင်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ချောင်းရေလျှံမှုကြောင့် အိမ်ထောင်စု ၉၄ အိမ်၊ လူဦးရေ ၄၁၉ ဦး၊ ရွာဦးဘုန်းတော်ကြီးကျောင်းတစ်ကျောင်းမှာ မြေညီထပ်တွင် ရေနစ်မြုပ်ကာ အနည်းငယ်တိမ်းစောင်းသွားကြောင်း သိရသည်။

အိမ်ထောင်စုများကို ရေကင်းလွတ်သည့် ဆွေမျိုးသားချင်းများနေအိမ်သို့ ခေတ္တပြောင်းရွှေ့နေထိုင်ပြီး ဘုန်းတော်ကြီးကျောင်းမှ ရဟန်း၊ သာမဏေများကို ရွာလည်ကျောင်းတိုက်သို့ ပြောင်းရွှေ့သီတင်းသုံးနေထိုင်လျက်ရှိပြီး ချောင်းရေလျှံမှုကြောင့် လူနှင့် တိရစ္ဆာန်များ ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။ နန္ဒင်းတော်ဘိုးကျေးရွာသို့ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့်ဝန်ထမ်းများ၊ မီးသတ်ဦးစီးမှူးနှင့် အဖွဲ့ဝင်များ၊ လျှပ်စစ် ဝန်ထမ်းများနှင့် ရွှေညာမြေလူမှုကူညီရေးအသင်းတို့က သွားရောက်ကူညီကယ်ဆယ်၍ လိုအပ်သည်များကို ကူညီဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သန်းအောင်ဇော်**

# သီပေါ၌ ယာဉ်အန္တရာယ်ကင်းရှင်းရေး လူသွားလမ်းပလက်ဖောင်းတည်ဆောက်

**သီပေါ စက်တင်ဘာ ၂၇**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်သည် မန္တလေး- လားရှိုး- မူဆယ်ပြည်ထောင်စုလမ်းမကြီး၏ အချက်အချာကျရာနေရာ၌တည်ရှိကာ အဆိုပါလမ်းကြောင်းတစ်လျှောက် အခြေခံပညာကျောင်းများတည်ရှိ၍ ကျောင်းသား ကျောင်းသူများ ကျောင်းတက် ကျောင်းဆင်းသွားလာရာ၌ ယာဉ်အန္တရာယ်များကြောင်း သိရသည်။

သို့ဖြစ်၍ မြို့နယ်စည်ပင်သာယာရေးဌာနအနေဖြင့် ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဒုတိယ သုံးလပတ်ငွေလုံးငွေရင်းလုပ်ငန်းဖြစ်သော ငွေကျပ် ၃၆ သိန်းကျော် ကုန်ကျသည့်အမှတ်(၆)အခြေခံပညာမူလတန်းကျောင်းရှေ့ ၂၅၅ ပေရှည် လူသွားပလက်ဖောင်းတည်ဆောက်လျက်ရှိရာ လုပ်ငန်းပြီးစီးမှုအခြေအနေများကို မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းခွန်ဇော်ဦး၊ တာဝန်ခံအင်ဂျင်နီယာ ဦးဖြိုးပြည့်ဟိန်းနှင့် တာဝန်ရှိသူများ စက်တင်ဘာ ၂၆ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

ထာဝရကုသိုလ်ရယူဖို့
သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

# ကုန်ပစ္စည်းနှင့် မော်တော်ယာဉ်ဆုံးရှုံးသူများ အာမခံလျော်ကြေးပေးအပ်

**ရန်ကုန် စက်တင်ဘာ ၂၇**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်းတွင် အာမခံအကာအကွယ်ယူထားသော ကုန်ပစ္စည်းနှင့် မော်တော်ယာဉ်များ ဆုံးရှုံးနစ်နာသူများသို့ စက်တင်ဘာ ၂၅ ရက်က ရန်ကုန်မြို့ မြန်မာ့အာမခံလုပ်ငန်းရုံးချုပ်၌ လျော်ကြေးငွေပေးအပ်ပွဲ အခမ်းအနားကို ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ဆုံးရှုံးနစ်နာမှု လျော်ကြေးများ လက်ခံရယူရန် ကုန်ပစ္စည်းပိုင်ရှင်များ၊ မော်တော်ယာဉ်ပိုင်ရှင်များနှင့် မြန်မာ့အာမခံလုပ်ငန်းဌာနမှတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန္ဒာဦးက အမှာစကားပြောကြားရာ၌ ယနေ့ အခမ်းအနားသည် နိုင်ငံပိုင်မြန်မာ့အာမခံလုပ်ငန်းတွင် အာမခံအကာအကွယ်ယူထားသော စီးပွားရေးလုပ်ငန်းရှင်များနှင့် အာမခံထားရှိသူများသို့ အသက်အိုးအိမ်စည်းစိမ် ဆုံးရှုံးနစ်နာမှုများအတွက် လျော်ကြေးပေးအပ်သည့် အခမ်းအနားဖြစ်ကြောင်း၊ ယခုအခမ်းအနားတွင် အလုံးစုံမော်တော်ယာဉ်အာမခံထားရှိသော မော်တော်ယာဉ်သုံးစီးအတွက် ငွေကျပ် ၃၁ ဒသမ ၅၄ သန်း၊ မီးအာမခံနှင့်အတူ ရေစိုပျက်စီးဆုံးရှုံးမှုအာမခံထားရှိသော ကုမ္ပဏီ သုံးခုအတွက် ငွေကျပ် ၁၂၆ ဒသမ ၈၅၈ သန်း စုစုပေါင်း ၁၅၈ ဒသမ ၄၀ သန်း ပေးလျော်ခဲ့ကြောင်းစသည်ဖြင့် ပြောကြားသည်။

မြန်မာ့အာမခံလုပ်ငန်းတွင် အာမခံလုပ်ငန်းများကို လွယ်ကူလျင်မြန်စွာလက်ခံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နစ်နာဆုံးရှုံးသူများကိုလည်း လျင်မြန်စွာ လျော်ကြေးငွေများ ထုတ်ပေးလျက်ရှိကြောင်း၊ ယခုနှစ် ဧပြီ ၁ ရက်မှစပြီး ယနေ့အထိ မြန်မာ့အာမခံလုပ်ငန်းက စုစုပေါင်း လျော်ကြေးငွေကျပ် ၃၂၆၁ဒသမ ၉၈၁ သန်းပေးလျော်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**မြင့်မောင်စိုး**

# ခရီးသွားများကိုပိုမိုဆွဲဆောင်နိုင်မည့် ဆောင်နိုင်ကြီးရေတံခွန်အပန်းဖြေစခန်း ကျိုက်ထီးရိုးတောင်ခြေ၌ တည်ဆောက်မည်

**မော်လမြိုင် စက်တင်ဘာ ၂၇**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျိုက်ထီးရိုးတောင်ခြေ ကင်မွန်းစခန်းမှ ငါးမိုင်ကွာ၌ရှိသော ဆောင်နိုင်ကြီးရေတံခွန်နေရာတစ်ဝိုက်ကို အများပိုင်ကုမ္ပဏီတစ်ခုက ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းအဖြစ် အပန်းဖြေစခန်းတစ်ခုတည်ဆောက်ရန် ဆောင်ရွက်လျက်ရှိသည်ဟု ပြည်နယ် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနရုံးမှ သိရသည်။

မွန်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍငါးရပ်ဖွံ့ဖြိုးရေးကို အကောင်အထည်ဖော်လျက်ရှိရာ ခရီးသွားကဏ္ဍဖွံ့ဖြိုးရေးသည်လည်း တစ်ခုအပါအဝင်ဖြစ်သည့်နည်းတူ မွန်ပြည်နယ်သည် ထူးခြားလှပပြီး သဘာဝအတိုင်းတည်ရှိနေသော တောတောင်သဘာဝအလှများ၊ သမိုင်းအစဉ်အလာကြီးမားသော ယဉ်ကျေးမှုအမွေအနှစ်များ ပေါကြွယ်ဝသဖြင့် ပြည်တွင်းပြည်ပခရီးသွားများကို လာရောက်လည်ပတ်စေရန် အထူးဆွဲဆောင်ပေးထားနိုင်သော နေရာဖြစ်သည်။ ထို့အပြင် မွန်ပြည်နယ်တွင် လူသိနည်းပြီး ဖွံ့ဖြိုးတိုးတက်ရန်အလားအလာကောင်းများရှိနေသော နေရာများကို ဆက်လက်ဖော်ထုတ်လျက်ရှိရာ ဆောင်နိုင်ကြီးရေတံခွန်အပန်းဖြေစခန်းသည်လည်း အပါအဝင်ဖြစ်သည်။



ရာမညအပန်းဖြေစခန်းဟု အမည်ပေးထားသည့် အဆိုပါ အပန်းဖြေစခန်း တည်ဆောက်ရေးအတွက် ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် ဇူလိုင်လက ပြည်နယ်အစိုးရ၏ သဘောတူညီချက်ဖြင့် ယခုအခါ မြေယာပိုင်ဆိုင်မှုများကို ဆောင်ရွက်နေပြီဖြစ်သည်။ မြေယာပိုင်ဆိုင်မှု ပြီးစီးပါက ရာမညအပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်၊ ဝါးပျိုးဥယျာဉ်၊ ဝါးပြတိုက်၊ တည်းခိုရန်ဘန်ဂလိုများ၊ ရေသန့်လုပ်ငန်းစက်ရုံ၊ country class တို့ တည်ဆောက်သွားမည်ဖြစ်သည်ဟု ရွှေဇနက အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ဒါရိုက်တာအဖွဲ့ဝင် ဦးထွဏ်းကြည်က ပြောသည်။

"လောလောဆယ် မြေယာပိုင်ဆိုင်မှုတွေ အရင်လုပ်နေတယ်။ တည်ဆောက်ရေးလုပ်ငန်းကိုတော့ လာမယ့် အောက်တိုဘာလမှာစတင်ပြီးတော့ မြေပိုင်ဆိုင်မှုရသလောက်ပေါ် မူတည်ပြီး အဆင့်လိုက်သွားမှာ ဖြစ်ပါတယ်။ ရေသန့်လုပ်ငန်းဆိုရင် အခုကတည်းက စတင်နေပါပြီ။ အားလုံးအတွက်ဆိုရင် နှစ်နှစ်လောက် အချိန်ယူတည်ဆောက်ရင် ပြီးစီးမယ်လို့ ခန့်မှန်းထားပါတယ်" ဟု ၎င်းက ပြောသည်။

ကုန်ကျစရိတ် ကန်ဒေါ်လာနှစ်သန်းဖြင့် ကနဦးမတည်ရင်းနှီးမြှုပ်နှံမည် ဖြစ်သော အဆိုပါ အပန်းဖြေစခန်းအကောင်အထည်ပေါ်လာပါက တောရိပ် တောင်ရိပ် သဘာဝအလှကို နှစ်သက်ကြသော ပြည်တွင်း ပြည်ပခရီးသွားများ ဆိတ်ငြိမ်အေးချမ်းမှုကို ခံစားနိုင်မည်ဖြစ်သည်။ ထို့အပြင် ဒေသခံပြည်သူများအတွက်အလုပ်အကိုင်အခွင့်အလမ်းများလည်း ပေါ်ထွက်လာမည်ဖြစ်ပြီး မြန်မာ့ဝါးမျိုးစိတ်များကိုလည်း ထိန်းသိမ်းနိုင်သည့်အလျောက် ခရီးသွားများကို ဝါးမှတစ်ဆင့် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်းဖြင့် ပြည်ပဝင်ငွေ ရရှိစေမည် ဖြစ်သည်။

ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးစေတီ၊ ပေါင်မြို့နယ်ရှိ ဇင်းကျိုက်ရေတံခွန်၊ သံဖြူဇရပ်မြို့နယ်ရှိ ကျိုက္ခမီရေလယ်ဘုရားစသည်ဖြင့် မွန်ပြည်နယ် ၁၀ မြို့နယ်တွင် လူသိများပြီး ခရီးသွားများ လာရောက်လည်ပတ်လေ့ရှိကြသည့် နေရာ ၂၆ နေရာရှိသည်ဟု ပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနရုံးမှ သိရသည်။

**မြတ်မွန်ထွေး(မြန်မာ့အလင်း)**
**ဓာတ်ပုံ-KS**

# ကျိုက္ခမီဆုတောင်းပြည့်ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

**သံဖြူဇရပ် စက်တင်ဘာ ၂၇**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့ ဆုတောင်းပြည့် ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၇၉ ခုနှစ် သီတင်းကျွတ်လဆန်း ၁၄ ရက်မှ လပြည့်ကျော် ၅ ရက် (အောက်တိုဘာ ၄ ရက်မှ ၁၀ ရက်အထိ )စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ရာ သီတင်းကျွတ်လပြည့်နေ့တွင် ဆွမ်းအိုးမျှောပူဇော်ပွဲ၊ ဆီမီးကိုးထောင် ထွန်းညှိပူဇော်ပွဲ၊ အဘိဓမ္မာအခါတော်နေ့အခမ်းအနားနှင့် ရွှေသင်္ကန်းအနားကွပ်တော်မြတ် ကပ်လှူပူဇော်ပွဲများ ကျင်းပသွားမည်ဖြစ်သည်။

ပွဲတော်ရက်တွင် အနုပညာဦးစီးဌာန ယဉ်ကျေးမှုပဒေသာကပွဲ၊ ရန်ကုန်နှင့် မွန်ပြည်နယ်ဇာတ်ပွဲများ၊ ထိုင်း- မြန်မာလက်ဝှေ့အထူးစိန်ခေါ်ပွဲများ၊ အလွတ်တန်းကလပ်အသင်းဘောလုံးပွဲများဖြင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပသွားမည်ဖြစ်ပြီး ဘုရားဖူးလာရပ်ဝေးရပ်နီးမှ ရဟန်းရှင်လူများကို စတုဒိသာဖြင့် ဧည့်ခံကျွေးမွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန် / ဆက်)**

# အမ်းမြို့နယ်တွင် ဆူပူအုံကြွစေရန် ဆောင်ရွက်ခဲ့သူများကို ဥပဒေအရ အရေးယူသွားမည်

**မကွေး စက်တင်ဘာ ၂၇**



မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ သတင်းပေး တိုင်တန်းချက်အရ တရားမဝင် နွားမှောင်ခိုကူးသူများနှင့် နွားအကောင် ၃၀ ကို စက်တင်ဘာ ၂၆ ရက်က ဖမ်းမိခဲ့ပြီး အမ်းမြို့နယ်၌ ဆူပူအုံကြွစေရန် ရည်ရွယ်လုပ်ဆောင်ခဲ့သူအချို့ မကွေးတိုင်းဒေသကြီး၌ ပေါ်ပေါက်ခဲ့သဖြင့် ဥပဒေအရ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း စက်တင်ဘာ ၂၆ ရက် မွန်းလွဲပိုင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပသော သတင်းစာရှင်းလင်း ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညိုက ပြောကြားသည်။

"မနေ့ညက နွားတွေ မှောင်ခိုချမယ်ဆိုတာကြားရတယ်။ အဲ့ဒါကို စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ကျွန်တော့်ဆီ အကြောင်းကြားတယ်။ တောင်တွင်းကနေ ထွက်လာပြီး မြို့သစ်-နတ်မောက်လမ်းအတိုင်း လာနေပြီဆိုတာသိရတော့ တိုင်းဒေသကြီးဝန်ကြီးနဲ့ လုံခြုံရေးအဖွဲ့တို့က သွားဖမ်းတာ နတ်မောက်မှာ ဖမ်းမိသွားတယ်။ ကားရယ်၊ နွားအကောင် ၃၀ ရယ် ဖမ်း ထားတယ်။ အရင်တစ်ခါလည်း အဲ့ဒီလို နွားအကောင် ၃၀ ဖမ်းထားပြီးပြီ။ ကားကော၊ ပိုင်ရှင်ကော၊ ရှေ့ကလမ်းရှင်းတဲ့အဖွဲ့ဆိုတာကော ပါသေးတယ်။ လမ်းရှင်းတဲ့အဖွဲ့တော့ မမိလိုက်ဘူး။ နွားတွေနဲ့ ကားပဲမိလိုက်တယ်။ ဒါမျိုးတွေ မဖြစ်စေချင်ဘူး" ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

အဆိုပါ နွားမှောင်ခိုအဖွဲ့ကို ဖမ်းမိစေရန်အတွက် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ချိတ်ဆက်ထားသည့် တောင်သူလယ်သမားအဖွဲ့တစ်ခုက သတင်းပေးခဲ့ခြင်းဖြစ်သည်။ မကွေးမြို့နယ် ကံပြားတိုးဂိတ်အနီး ဖမ်းဆီးနေခဲ့သည့် နွားအကောင် ၃၀ မှာလည်း အဆိုပါအဖွဲ့၏ သတင်းပေးချက်အရသာ ဖမ်းဆီးမိခဲ့ခြင်းဖြစ်သည်ဟု တိုင်းဒေသကြီးဝန်ကြီး ဦးစိုးမြင့်က ပြောသည်။

"အရင်ဖမ်းမိခဲ့တဲ့ ကားပေါ်မှာလည်း နွားအကောင် ၃၀ ပါတယ်။ အခု ဒုတိယအကြိမ် သတင်းပေးတာမှာလည်း နွားအကောင် ၃၀ ထပ်မံ ဖမ်းမိခဲ့ခြင်းဖြစ်ပါတယ်" ဟု တိုင်းဒေသကြီး ဝန်ကြီးက ပြောသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီးတွင် လူတစ်ဦးလျှင်ငွေကျပ်ငါးသိန်းပေးမည်ဟု လူစုကာ ရခိုင်ပြည်နယ် အမ်းမြို့နယ်တွင် ဆူပူအုံကြွစေရန် ဆောင်ရွက်မည့် လူအချို့ကိုလည်း စုံစမ်းသိရှိထားသောကြောင့် တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရန် လုပ်ဆောင်လျက်ရှိကြောင်း သတင်းစာရှင်းလင်းပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညိုက ပြောကြားခဲ့သည်။

**ကျော်ဇေယျ**

# မြန်မာ-ထိုင်းနယ်စပ် မြဝတီစီးပွားရေးဇုန်ရှိ လူဦးရေ ၃၀၀ ခန့် အလုပ်ပေးနိုင်မည့် ဖိနပ်စက်ရုံ ဖွင့်လှစ်တော့မည်

**မြဝတီ စက်တင်ဘာ ၂၇**

မြန်မာ-ထိုင်းနယ်စပ်မြို့တစ်မြို့ဖြစ်သည့် မြဝတီမြို့ရှိ စီးပွားရေးဇုန်တွင် လူဦးရေ ၃၀၀ ခန့် အလုပ်အကိုင်ပေးနိုင်မည့် ဖိနပ်စက်ရုံတစ်ရုံ မကြာမီဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဖိနပ်စက်ရုံမှာ မြဝတီမြို့နှင့် ခုနစ်မိုင်ခန့်အကွာတွင်ရှိပြီး ၂၀၁၃ ခုနှစ်က စီးပွားရေးဇုန်မြေနေရာအဖြစ် ဖော်ထုတ်ထားသောမြေနေရာဖြစ်သည်။ စက်ရုံအလုပ်ရုံပေါင်း ၃၇ ရုံအတွက် မြေနေရာဖော်ထုတ်ရောင်းချခဲ့ပြီးဖြစ်သော်လည်း ရေသန့်စက်ရုံတစ်ရုံ၊ မကြာသေးမီကမှ ဖွင့်လှစ်သည့် ဝဥအမှုန့်ကြိတ် စက်ရုံတစ်ရုံနှင့် အဆိုပါဖိနပ်စက်ရုံတစ်ရုံ စုစုပေါင်းသုံးရုံတို့သာ ဖွင့်လှစ်နိုင်သေးကြောင်း သိရသည်။

အဆိုပါ ဖိနပ်စက်ရုံပိုင်ရှင် APEX RUBBER ကုမ္ပဏီမှ ဒေါ်သင်းသင်းမြတ်က "ထိုင်းနဲ့ အကျိုးတူပူးပေါင်းဆောင်ရွက်ပြီး ဒီစက်ရုံကို သက်ဆိုင်ရာရဲ့ ခွင့်ပြုချက်နဲ့ ၂၀၁၆ နှစ်ဆန်းပိုင်းမှာ တည်ဆောက်ခဲ့ပါတယ်။ အခုစက်ရုံကြီးပြီးစီးသွားပြီဖြစ်လို့ အလုပ်သမားတွေခေါ်ယူနေပါပြီ။ စုစုပေါင်းအလုပ်မား ၃၀၀ လိုမှာဖြစ်ပါတယ်။ အဓိကခေါ်ယူတဲ့ အလုပ်သမားတွေ အနေနဲ့ စက်ချုပ်တတ်တဲ့သူတွေကို ဦးစားပေးခေါ်ယူပါတယ်။ ထိုင်းဘာသာလည်း အနည်းငယ်ပြောတတ်ရမယ်၊ ဒီစက်ရုံလည်ပတ်နိုင်ဖို့အတွက် ဗန်ကောက်ကထိုင်းအလုပ်သမား ၅၀ ရောက်လာမှာပါ။ မတတ်တဲ့ မြန်မာအလုပ်သမားတွေကိုလည်း ထိုင်းအလုပ်သမားတွေက သင်ပေးသွားမှာဖြစ်ပါတယ်။ တစ်နေ့ လုပ်အားခအနေနဲ့ မကျွမ်းကျင်သေးတဲ့ အလုပ်သမားတွေကို ထိုင်းဘတ်ငွေ ၁၂၀ ပေးမှာဖြစ်ပြီး ကျွမ်းကျင်ပြီးသားသူတွေကိုတော့ ထိုင်းဘတ်ငွေ ၁၅၀ လောက်ပေးသွားမှာပါ။ ပြီးတော့ အချိန်ပိုဆင်းရင်လည်း အချိန်ပိုကြေးထပ်ရကြမှာပါ။ ရပ်ဝေးက အလုပ်သမားတွေကိုတော့ သူတို့နေမယ့်အဆောင်တွေကအစ စီစဉ်ပေးထားပါတယ်။ မကြာခင်မှာ စက်ရုံကို ဖွင့်လှစ်နိုင်တော့မှာပါ။ စက်ရုံတည်ဆောက်တဲ့မြေကတော့ နှစ်ဧကခွဲရှိပြီး ကုန်ကျတဲ့တန်ဖိုးက အမေရိကန်ဒေါ်လာ ငါးသန်း ကုန်ကျပါတယ်။ လျှပ်စစ်မီးကိုလည်း မီးစက်ကြီးတွေနဲ့ မောင်းနှင်လည်ပတ်သွားမှာဖြစ်ပါတယ်" ဟု ရှင်းလင်းပြောကြားသည်။

ယခုအခါ အလုပ်လျှောက်ထားသူများကို လက်ခံပေးနေပြီး သထုံ၊ ပေါင်၊ ရင်းငြိမ်ဘက်မှ လာရောက်လျှောက်ထားမှုပိုများကြောင်း သိရသည်။ ရပ်ဝေးမှ လာရောက် လျှောက်ထားသူများကိုလည်း အရည်အချင်းပြည့်မီသူများအား လက်ခံပေးမည်ဖြစ်ပြီး အလုပ်သမား စုစုပေါင်း ၅၀ ကျော် လာရောက်လျှောက်ထားပြီးဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# ပျော်ဘွယ်မြို့နယ်ရှိ သနပ်ခါးတောကျေးရွာချင်းဆက်လမ်း ရေတိုက်စားမှုကြောင့် ပြိုကျပျက်စီး


**ပျော်ဘွယ် စက်တင်ဘာ ၂၇**

ပျော်ဘွယ်မြို့နယ်အတွင်း စက်တင်ဘာ ၂၅ ရက် ည ၁၂ နာရီခန့်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျော်ဘွယ်-တောင်ကြီးကားလမ်းနှင့်ဆက်သွယ်ထားသော သနပ်ခါးတော-အလယ်ကုန်း-ပန်းအိုင်လု ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ရေပြွန် တပ်ဆင်ထားသည့်နေရာတွင် ရေတိုက်စားမှုကြောင့် ပြိုကျပျက်စီးခဲ့ပြီး သွားလာရေး ခက်ခဲမှုဖြစ်ပေါ်နေကြောင်း သိရသည်။ **(ယာပုံ)**

"ရေတိုက်စားမှုကြောင့် ပြွန်ကလည်း ပျက်စီးသွားတယ်။ ပျက်ကျသွားတဲ့လမ်းပိုင်းက အကျယ် ပေ ၂၀၊ အနက်က ခုနစ်ပေလောက်ရှိပါတယ်။ ကျေးရွာက သုံးဘီးဆိုင်ကယ်တွေ၊ ကားတွေကတော့ ဘယ်လိုမှသွားလို့ မရပါဘူး။ ဆိုင်ကယ်နဲ့လူတွေကတော့ အနီးမှာရှိတဲ့ အိမ်ဝိုင်းထဲကဖြတ်ပြီး ပုဂ္ဂလိကပိုင် လူသွားချောင်းကူးတံတားကနေ ခွင့်တောင်းပြီး သွားလာနေရပါတယ်။ ဒါပေမယ့် ဒီတံတားကလည်း ယာယီလုပ်ထားတာဖြစ်လို့ မခိုင်ခံ့ပါဘူး။ လတ်တလောသွားလာလို့ဖြစ်အောင် ကျွန်တော်တို့ ကျေးရွာသုံးရွာက လူတွေ စုပေါင်းပြီး ယာယီတံတားကို အတော်အသင့်ခိုင်ခံ့အောင် ပြင်ဆင်နိုင်ဖို့ ညှိနှိုင်းဆောင်ရွက်နေပါတယ်" ဟု သနပ်ခါးတောကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအေးကိုဝင်းက ပြောသည်။

ထို့ကဲ့သို့ ရေတိုက်စားမှုကြောင့် ကျေးရွာချင်းဆက်လမ်းပေါ်၌ အချင်း သုံးပေရှိ ရေပြွန်ပျက်စီးခဲ့ကာ လမ်းအကျယ်ပေ ၂၀ ခန့် ရေတိုက်စားမှုဒဏ်ခံခဲ့ရပြီး တံတားတည်ဆောက်နိုင်ရေး သက်ဆိုင်ရာဌာနများသို့ တင်ပြထားကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**




# LED မီးလုံးပေါင်း သန်း ၇၀ ကျော်ဖြင့် မီးအလှပွဲတော် မုံရွာ၌ ကျင်းပမည်

**မုံရွာ စက်တင်ဘာ ၂၇**

Myanmar LED Beautyful World Festival ပွဲတော်ကြီးကို စက်တင်ဘာ ၂၉ရက်တွင် မုံရွာမြို့ကန်သာယာကျောက်တိုင်ကျွန်းပေါ်တွင် ဖွင့်လှစ်ကာ အများပြည်သူများ အပန်းဖြေနိုင်ရန် တစ်လကြာ ပြသသွားမည်ဖြစ်ကြောင်း ပွဲစီစဉ်သူ ကိုရဲမြင့်ထံမှသိရသည်။

" ကျောက်တိုင်ကျွန်းရဲ့အဝင်လမ်းမှာ မီးခုံးပုံစံအမျိုးအစားပေါင်း ၃၀၀ ကျော် ခင်းကျင်းပြသဖို့ လုပ်နေပါတယ်။ ပွဲကွင်းတစ်ကွင်းလုံးအတွက် LED မီးလုံးပေါင်း သန်း ၇၀ ကျော်သုံးဖို့ ရှိပါတယ်။အခုပွဲတော်ကို မွန်းဘရားသားကုမ္ပဏီက စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ပံ့ပိုးမှုနဲ့ ဒီပွဲကြီးဖြစ်အောင် စီစဉ်လုပ်ဆောင်နေတာပါ" ဟု ကိုရဲမြင့်က ပြောသည်။ တစ်လကြာကျင်းပမည့် မီးအလှပြပွဲတော်တွင် Selfie Photo ပြိုင်ပွဲပြုလုပ်ကာ ဆုများချီးမြှင့်ပေးမည့် အစီအစဉ်ထည့်သွင်းထားသည်။ ဝင်ကြေး လူကြီး ငွေကျပ် ၂၀၀၀၊ ကလေးငွေကျပ် ၁၀၀၀၊ ကျောင်းသား ကျောင်းသူ ငွေကျပ် ၁၀၀၀ သတ်မှတ်ထားပြီး ရဟန်း သံဃာသီလရှင်နှင့် ငါးနှစ်အောက် ကလေးငယ်များကို အခမဲ့စီစဉ်ထားကာ ပွဲတော်ကို နေ့စဉ် ညနေ ၆နာရီမှ ၁၀ နာရီခွဲအထိ ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သိရသည်။

**သံတိုင်ထွန်း**

# ခွေးရူးပြန်ရောဂါကာကွယ်ဆေးများ အခမဲ့ထိုးနှံ

**ရေစကြို စက်တင်ဘာ ၂၇**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်၌ စက်တင်ဘာ ၂၈ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ခွေးရူးပြန် ရောဂါကာကွယ် တိုက်ဖျက်ရေးနေ့အား ဂုဏ်ပြုသောအားဖြင့် ခွေးရူးပြန်ရောဂါကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးခြင်းကို မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ စက်တင်ဘာ ၂၇ ရက်မှ ၂၉ ရက်အထိ ဆောင်ရွက်ပေးလျက်ရှိသည်။

**အိမွန်ဆွေ(ရေစကြို)**




# ပါဆန်း-ခတ်တန် ကျေးရွာချင်းဆက်တံတားပြိုကျ

**မိုင်းဖြတ် စက်တင်ဘာ ၂၇**

ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ်တွင် စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းက မိုးသည်းထန်စွာရွာသွန်း၍ ချောင်းရေတိုက်စားမှုကြောင့် ပါဆန်း-ခတ်တန် ကျေးရွာချင်းဆက် ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်နှင့် သစ်သားတံတားတစ်စင်း ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။

ယင်းတံတားသည် ကျေးရွာနေပြည်သူများက ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် တည်ဆောက်ထားသည့် အရှည်ပေ ၁၀၀ခန့်၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်ပေခန့်ရှိ ကွန်ကရစ်နှင့် သစ်သားတံတားဖြစ်ကြောင်း သိရသည်။ အဆိုပါပျက်စီးသွားသည့် တံတားကို အချိန်မီပြန်လည်ပြုပြင်ဆောင်ရွက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**





ကမ္ဘာ့ဆရာများနေ့

၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်

# အာရှ ယူ-၁၆ ခြေစစ်ပွဲတွင် မြန်မာအသင်း တောင်ကိုရီးယားကို ရှုံးနိမ့်

**ရန်ကုန် စက်တင်ဘာ ၂၇**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၁၈ အာရှယူ-၁၆ ခြေစစ်ပွဲ အုပ်စု(H) ဒုတိယနေ့ကို စက်တင်ဘာ ၂၇ ရက် ညနေပိုင်းက သုဝဏ္ဏကွင်း၌ ကျင်းပရာ တောင်ကိုရီးယားအသင်းက မြန်မာအသင်းကို လေးဂိုးပြတ် အနိုင်ရခဲ့သည်။

အာရှဘောလုံးအင်အားကြီးအသင်းများနှင့် ဆက်တိုက်ကစားနေရသည့် မြန်မာအသင်းသည် ပွဲချိန်ပြည့် အားကုန်ထုတ်ကစားခဲ့သော်လည်း ဘောလုံးအဆင့်အတန်းချင်း ကွာခြားမှုများကြောင့် ဂိုးပြတ် ရှုံးပွဲကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။ မြန်မာအသင်းသည် တရုတ်နှင့်ပွဲကဲ့သို့ အခွင့်အရေးများ ပြန်မရခဲ့သော်လည်း ခံစစ်ပိုင်းက တောင်ကိုရီးယားတိုက်စစ်ကို အကောင်းဆုံးထိန်းချုပ်နိုင်



ခဲ့ပြီး ပယ်နယ်တီဂိုးအပါအဝင် လေးဂိုးသာ ပေးခဲ့ရခြင်းဖြစ်သည်။ မြန်မာအသင်းသည် နှစ်ပွဲဆက်အရှုံးကြောင့် ခြေစစ်ပွဲအောင်မြင်ရန် မျှော်လင့်ချက် အဆုံးသတ်ခဲ့ရသည်။

တောင်ကိုရီးယား အသင်းသည် အချိန်အများစု ဖိကစားနိုင်ခဲ့သော်လည်း မြန်မာအသင်း ကစားပုံကြောင့် ဂိုးရရန် ခက်ခက်ခဲခဲကြိုးပမ်းခဲ့ရသည်။ ၁၅ မိနစ်တွင် တောင်ကိုရီးယားအသင်း ဂိုးစရခဲ့ပြီး ယွန်ဆွတ်ဂျူက ခေါင်းတိုက်သွင်းယူခဲ့သည်။ ၃၈ မိနစ်တွင် လီဂျန်ဆွတ်၊ ၅၇ မိနစ်တွင် ဂျောင်ဆန်ဘင်တို့က ဂိုးများ ထပ်မံသွင်းယူခဲ့သည်။ စတုတ္ထဂိုးကို ၈၁ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ဟောင်ယွန်ဆောင်က သွင်းယူပေးခဲ့သည်။ နှစ်ပွဲဆက် အနိုင်ရခဲ့သည့် တောင်ကိုရီးယားနှင့် တရုတ်အသင်းတို့၏ နောက်ဆုံးပွဲမှာ ခြေစစ်ပွဲအောင်မြင်ရေးအတွက် အဆုံးအဖြတ်ပွဲ ဖြစ်လာမည်ဖြစ်သည်။

ညနေ ၃ နာရီက ကျင်းပသည့် ပထမပွဲတွင် တရုတ်အသင်းက ဖိလစ်ပိုင်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ယခုပွဲအပြီးတွင် တောင်ကိုရီးယားနှင့် တရုတ်တို့က ခြောက်မှတ်စီ၊ မြန်မာနှင့် ဖိလစ်ပိုင်အသင်းတို့က အမှတ်မရသေးပေ။ နောက်ဆုံးပွဲအဖြစ် စက်တင်ဘာ ၂၉ ရက် ညနေ ၃ နာရီတွင် တောင်ကိုရီးယားနှင့် တရုတ်၊ ညနေ ၆ နာရီတွင် မြန်မာနှင့် ဖိလစ်ပိုင်တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

## KBZ Bank Women's League ပြိုင်ပွဲတွင် အား/ကာအသင်း ဂိုးပြတ်နိုင်

**ရန်ကုန် စက်တင်ဘာ ၂၇**

၂၀၁၆-၂၀၁၇ ရာသီ KBZ Bank Women's League ပွဲစဉ် (၉) ဒုတိယနေ့ကို စက်တင်ဘာ ၂၇ ရက် ညနေပိုင်းက အောင်ဆန်းကွင်း၌ ကျင်းပရာ အားကစားနှင့်ကာယပညာဦးစီးဌာနအသင်း ဂိုးပြတ်အနိုင်ရခဲ့သည်။ အားကစားနှင့်ကာယပညာဦးစီးဌာနအသင်းသည် ဂန္ဓမာအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ကိုးဂိုးပြတ် အနိုင်ရခဲ့သည်။

အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းသည် ပွဲစကတည်းက ခြေအသာဖြင့် ကစားခဲ့ပြီး ပထမပိုင်းတွင် လေးဂိုး၊ ဒုတိယပိုင်းတွင် ငါးဂိုးသွင်းယူခဲ့သည်။ အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းအတွက် ဂိုးများကို ၁၇ မိနစ်တွင် ဇင်ဇင်နိုင်၊ ၃၄၊ ၃၅၊ ၅၄၊ ၆၀ မိနစ်တို့တွင် နန္ဒ၊ ၃၉၊ ၅၀ မိနစ်တွင် ရီရီဦး၊ ၆၈ မိနစ်တွင် သင်းသင်းယု၊ ၇၅ မိနစ်တွင် ရွှေရည်ထွန်းတို့က သွင်းယူခဲ့သည်။ တတိယနေ့ကို စက်တင်ဘာ ၂၈ ရက် ညနေ ၃ နာရီခွဲတွင် အောင်ဆန်းကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဇွဲကပင်နှင့် YREO အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိန်း**

## တိုင်းဒေသကြီးနှင့် ပြည်နယ် နပန်းပြိုင်ပွဲဆုချီးမြှင့်

**ရန်ကုန် စက်တင်ဘာ ၂၇**

၂၀၁၇ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် နပန်းပြိုင်ပွဲများကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ သိမ်ဖြူအားကစားရုံ၌ ကျင်းပခဲ့သည်။ ပြိုင်ပွဲများအပြီး အမျိုးသမီးကီလိုတန်းအလိုက်ပြိုင်ပွဲများနှင့် အမျိုးသားကီလိုတန်းအလိုက်ပြိုင်ပွဲများတွင် ဆုရရှိသူများ၊ အမျိုးသမီးအကောင်းဆုံးဆုရ ၅၉ ကီလိုတန်းမှ အိပွင့်ဖြူ (တနင်္သာရီတိုင်းဒေသကြီး) နှင့် အမျိုးသားအကောင်းဆုံးဆုရ ၅၅ ကီလိုတန်းမှ တင်ဌေးလွင် (နေပြည်တော်တိုင်းဒေသကြီး)တို့ကို တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။

ဆက်လက်ပြီး ရွှေနှစ်ခု၊ ငွေတစ်ခုဖြင့် အမျိုးသမီးတံခွန်စိုက်ဒိုင်းရ ရခိုင်ပြည်နယ်၊ ရွှေလေးခု၊ ငွေနှစ်ခုဖြင့် အမျိုးသားတံခွန်စိုက်ဒိုင်းဆုရ ရခိုင်ပြည်နယ် တို့ကို တာဝန်ရှိသူများက တံခွန်စိုက်ဒိုင်းဆုများ ချီးမြှင့်ပေးပြီး ရွှေခြောက်ခု၊ ငွေသုံးခုဖြင့် စုပေါင်းတံခွန်စိုက်ဆုဖလားရ ရခိုင်ပြည်နယ်အသင်းကို အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးစိုးအောင်က ချီးမြှင့်ခဲ့သည်။ **(အပေါ်ပုံ)**



**သတင်းနှင့်ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)**


# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ Max Highway Co.,Ltd မှ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် B.O.T စနစ်ဖြင့် ဆောင်ရွက်နေသော ရန်ကုန်-ပြည်လမ်းတိုးချဲ့ခြင်း စီမံကိန်းများအတွက် လိုအပ်သော အောက်ပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ခွဲကျောက်ရွယ်စုံ
(ခ) ကျောက်စရစ်(မြစ်ကျောက်)
(ဂ) သဲ
(ဃ) တောင်မြေ

၂။ တင်ဒါတင်သွင်းရာ၌ ခွဲကျောက်ရွယ်စုံ၊ ကျောက်စရစ်၊မြစ်ကျောက်၊ သဲတို့အား တင်ဒါ (၁)စောင် တောင်မြေအတွက် တင်ဒါ(၁)စောင်စီ သီးခြားခွဲတင်ရမည်။

၃။ တင်ဒါနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၉၆၇၀၈၉၁၊၀၁-၉၆၇၀၈၉၂၊၀၁-၉၆၇၀၈၉၃တို့တွင် ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

၄။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်/အချိန်** - ၂-၁၀-၂၀၁၇ရက်(တနင်္လာနေ့) ညနေ ၄ နာရီ

၅။ **တင်ဒါစိစစ်ရွေးချယ်မည့် ရက်/အချိန်** - ၁၀-၁၀-၂၀၁၇ရက်(အင်္ဂါနေ့) - မွန်းလွဲ ၂နာရီ

၆။ **တင်ဒါစိစစ်ရွေးချယ်မည့် နေရာ** - A-2-No(6,7,8,9,10)၊ သီရိရတနာ လက်လီ/လက္ကားဈေးဝန်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**

" ကန့်ကွက်နိုင်ပါကြောင်း "

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ အမှတ်(၂၆) ကျိုက်ဗောဓိမြောက်ရပ်ကွက်၊ အမှတ်(၁၈) မြို့မ(၂)ကွင်း၊ ဗိဿာလမ်း၊ ဖြံအမှတ်(၉)ဟု ခေါ်တွင်သော ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင် မြို့နယ်၊ ဘုတ်ဖိုစုရပ်ကွက်၊ ကွင်းအမှတ်(၂၆)၊ ကျိုက်ဗောဓိမြောက် ရပ်ကွက်၊ မြေကွက် အမှတ်(၁၅/ခ)၊ မြေအကျယ်အဝန်း (ဝ.၁၄၇)ဧကရှိ ပိုင်ဆိုင်ခွင့် (ဘီ) အမျိုးအစား - ၃(ခ)ရပြီး သန်လျင် မြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် ဦးမောင်မောင်ကြီး အမည်ဖြင့် မှတ်သား တည်ရှိပါသည်။

ယင်းမြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရံငွေအချို့ကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက် အရောင်းအဝယ်နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်မှုရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးတိုင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်ခွန်ဆောင် (စဉ်-၄၀၉၃၆) (L.L.B) အထက်တန်းရှေ့နေ
ဒေါ်သီရိဝင်း (စဉ်-၁၀၁၁၀) (L.L.B,D.B.L,D.I.L) တရားလွှတ်တော်ရှေ့နေ
ဦးအုန်းသန်း (စဉ်-၈၂၃၉) (B.A(Geog)R.L,D.B.L) တရားလွှတ်တော်ရှေ့နေ

အမှတ်(၃၁၀/ခ)၊ ဗလ္လိက(၁၂)လမ်း၊ ၁၀-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။
ဖုန်း - ၀၉၂၅၄၂၃၅၅၀၊ ၀၉၄၅၀၀၁၉၇၄၅

**ဖခင်အမည်မှန်**
မတ္တရာမြို့နယ်၊ ရေနံ့သာကျေးရွာ အထက နဝမတန်း(B)မှ မောင်ဟိန်းသူ၏ ဖခင်အမည်မှန်မှာ ဦးအောင်ဇော်လွင် ၉/မတရ(နိုင်)၁၁၀၃၃၂ ဖြစ်ပါကြောင်း။ **ဦးအောင်ဇော်လွင်**

**ဖခင်အမည်မှန်**
မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့ အထက နဝမတန်းမှ မဝေဝေနှင်း၏ဖခင် အမည်မှန်မှာ ဦးခင်မောင်စိုး ၈/စလန(နိုင်)၀၅၇၄၉၀ ဖြစ်ပါသည်။ **ဦးခင်မောင်စိုး**

**ဖခင်အမည်မှန်**
မကွေးတိုင်းဒေသကြီး၊ စလင်းမြို့၊ အထက(၂) သတ္တမတန်း(B)မှ မခင်ရတနာဦး၏ဖခင် အမည်မှန်မှာ ဦးမင်းဝေ ၈/စလန(နိုင်)၁၄၄၅၃၀ ဖြစ်ပါသည်။ **ဦးမင်းဝေ**

**ဖခင်အမည်မှန်**
မကွေးတိုင်းဒေသကြီး၊ စလင်းမြို့ အထက(၁)နဝမတန်း(B)မှ မမြဖူးငုံ၏ ဖခင်အမည်မှန်မှာ ဦးမြင့်အောင် ၈/စလန(နိုင်)၁၂၂၀၂၆ ဖြစ်ပါသည်။ **ဦးမြင့်အောင်**

**ဖခင်အမည်မှန်**
မကွေးတိုင်းဒေသကြီး၊ စလင်းမြို့ အထက(၁)နဝမတန်း(E)မှ မောင်ဝင်းမင်းသူ၏ဖခင် အမည်မှန်မှာ (ဦးဖိုးဝင်း) ဖြစ်ပါသည်။ **(ဦးဖိုးဝင်း)**

**ဖခင်အမည်မှန်**
တောင်သာမြို့၊ ဝဲလောင် အထက တက္ကသိုလ်ဝင်တန်းမှ မနန်းယုဝေ၏ ဖခင်အမည်မှန်မှာ ဦးရန်အောင်ဆွေ ၉/တသန(နိုင်)၁၄၀၉၇၃ ဖြစ်ပါကြောင်း။ **ဦးရန်အောင်ဆွေ**

**ဖခင်အမည်မှန်**
မကွေးတိုင်းဒေသကြီး၊ စလင်းမြို့ အထက(၁)နဝမတန်း(ဈ)မှ မနှင်းနှင်းဝေ၊ မင်းတဲ အမက စတုတ္ထတန်းမှ မောင်နန်းဝေအောင်နှင့် ဒုတိယတန်းမှ မပိုင်းစုခိုင်သိန်းတို့၏ ဖခင်အမည်မှန်မှာ ဦးထွေး ၈/စလန(နိုင်)၂၂၀၄၂၆ ဖြစ်ပါသည်။

**ဖခင်အမည်မှန်**
ဝမ်းတွင်းမြို့နယ်၊ ဘုရားစုကျေးရွာ အထက(ခွဲ)ဘုရားစု ပဥ္စမတန်းမှ မောင်စည်သူဖြိုး၏ဖခင် ဦးမင်းနိုင်၏ အမည်မှန်မှာ ဦးဆန်းမြင့် ၉/ဝတန(နိုင်)၁၄၂၂၁၅ ဖြစ်ပါကြောင်း။ **ဦးဆန်းမြင့်**

**ဖခင်အမည်မှန်**
ဟုမ္မလင်းမြို့ အထက(၁)တက္ကသိုလ်ဝင်တန်း(G)မှ မောင်မြမင်းဦး၏ဖခင် အမည်မှန်မှာ ဦးအောင်ခိုင်မင်း ၅/ကလဝ(နိုင်)၀၀၁၃၃၆ ဖြစ်ပါကြောင်း။ **ဦးအောင်ခိုင်မင်း**

**မိဘအမည်မှန်**
ကော့ကရိတ်မြို့ အထက(ခွဲ)အံကောင်နဝမတန်းမှ မနန်းထက်ထက်ဦး၏မိဘ အမည်မှန်မှာ ဦးရွှေညွန့် ၃/ကကရ(နိုင်)၁၅၂၇၆၆-ဒေါ်တင်ဌေး ၃/ကကရ(နိုင်)၁၅၂၇၇၈ ဖြစ်ပါကြောင်း။ **ဦးရွှေညွန့်-ဒေါ်တင်ဌေး**

**ဖခင်အမည်မှန်**
မကွေးတိုင်းဒေသကြီး၊ စလင်းမြို့ အထက(၁)နဝမတန်းမှ မောင်အောင်စိုးမိုး၏ဖခင် အမည်မှန်မှာ ဦးမောင်မောင်စိုး ၈/စလန(နိုင်)၀၈၅၁၇၇ ဖြစ်ပါသည်။ **ဦးမောင်မောင်စိုး**

**ဖခင်အမည်မှန်**
ဝမ်းတွင်းမြို့နယ်၊ ဘုရားစုကျေးရွာ အထက(ခွဲ)ဘုရားစု ပဥ္စမတန်းမှ မောင်သန့်ဇင်ထွန်း၏ဖခင် ဦးကိုနိုင်၏ အမည်မှန်မှာ ဦးထွန်းဝင်းနိုင် ၉/ဝတန(နိုင်)၁၃၉၇၃၃ ဖြစ်ပါကြောင်း။ **ဦးထွန်းဝင်းနိုင်**

**ဖခင်အမည်မှန်**
မကွေးတိုင်းဒေသကြီး၊ စလင်းမြို့ အထက(၁)နဝမတန်း(A)မှ မအိကေသွယ်၏ဖခင်အမည်မှန်မှာ ဦးကျော်စန်း ၈/စလန(နိုင်)၀၉၆၉၀၅ ဖြစ်ပါသည်။ **ဦးကျော်စန်း**

**ဖခင်အမည်မှန်**
ဝမ်းတွင်းမြို့နယ်၊ ဘုရားစုကျေးရွာ အထက(ခွဲ)ဘုရားစု ဆဋ္ဌမတန်းမှ မောင်ကျော်မျိုးဟိန်း၏ဖခင် ဦးဘိုတိုး၏ အမည်မှန်မှာ ဦးစိုးခိုင် ၉/ဝတန(နိုင်) ၁၃၇၀၅၃ ဖြစ်ပါကြောင်း။ **ဦးစိုးခိုင်**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ် ၄၈ဟုခေါ်တွင်သည့် နှစ်ခန်းတွဲ၊ ခြောက်ထပ်တိုက် အဆောက်အအုံ၏ ပထမထပ်နှစ်လွှာ၊ တိုက်ရှေ့မျက်နှာမူလျှင်(ဝဲ)ဘက်၊ အကျယ်အဝန်းပေ(၁၅×၆၀)ရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်မြင့်မြင့်ဌေး ၉/မနတ(နိုင်)၀၇၂၀၇၅ထံမှ ဝယ်ယူရန် ကျွန်ုပ်တို့၏ မိတ်ဆွေများမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
**ဦးဘုမောင်(LL.B)(စဉ်-၂၂၇၄၇)** **ဒေါ်နှင်းပွင့်သန်း(LL.B)(စဉ်-၂၇၀၇၅)**
**အကျိုးဆောင် အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ မြေညီ၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၂၅၄၂၇၈၃၃၆၊ ၀၉-၅၁၈၃၅၆၉**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၂ခ/၄၇၂၀၊ Hino TE21 ယာဉ်လက်ဝယ်ရှိသူ ဦးမြတ်လှိုင် ၇/လပတ(နိုင်)၀၁၃၀၈၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(သာယာဝတီ)**

**ဆရာဌေး** နှင့် သမီး-ဆရာမ ဌေးစန္ဒာလွင်
B.A (Hons), M.A (English)
**အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်**
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ) အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။
ဘွဲ့ကြို ဘွဲ့ရ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
အခြေခံညံ့သည်ဟု ယူဆလျှင် မဖြစ်မနေတက်ပါ။
အောက်တိုဘာလ(၄/၆/၇)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
၄ တန်း မှ ၈ တန်း နှစ်ပေါက်တန်းခွဲများ Guide များအိမ်လိုက်သင်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

# ယူကရိန်း၌ လက်နက်သိုလှောင်ရုံပေါက်ကွဲမှုကြောင့် လူထောင်နှင့်ချီ၍ ကယ်ဆယ်ရွှေ့ပြောင်း



**ကီယက်ဗ် စက်တင်ဘာ ၂၇**
ယူကရိန်းအလယ်ပိုင်းတွင် တပ်မတော်လက်နက်သိုလှောင်ရုံတစ်ခု အကြီးအကျယ်မီးလောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူပေါင်း ၂၄၀၀၀ ခန့်ကို အာဏာပိုင်များက ကယ်ဆယ်ရွှေ့ပြောင်းခဲ့ရပြီး အဆိုပါဒေသအတွင်းရှိ လေပိုင်နက်ကိုပိတ်ထားခဲ့ရကြောင်း အာဏာပိုင်များက ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့သည်။

လက်နက်ရုံပေါက်ကွဲမှုသည် အင်္ဂါနေ့နှောင်းပိုင်းတွင် ကီယက်မြို့အနောက်ဘက်မှ ၂၇၀ ကီလိုမီတာ (၁၆၈ မိုင်)အကွာ ဗင်နစ်ဆရာဒေသအတွင်းရှိ ကယ်လ်နစ်ဗ်ကာအနီး စစ်အခြေစိုက်စခန်း၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အရေးပေါ်ဝန်ဆောင်မှုအဖွဲ့ဝင်များကပြောကြားခဲ့သည်။

ပေါက်ကွဲမှုအတွင်း လူတစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ပေါက်ကွဲမှုဖြစ်ပွားပြီး နာရီအနည်းငယ်အကြာတွင် အဆိုပါဒေသအတွင်းသို့ ရောက်ရှိခဲ့သည့် ဝန်ကြီးချုပ် Volodymyr Groysman က ပေါက်ကွဲမှုဖြစ်ရပ်၏ နောက်ကွယ်တွင် အခြားသောအကြောင်းအရာ ရှိနိုင်ကြောင်းပြောကြားခဲ့သည်။
**(ရိုက်တာ)**

# မီးတောင်ပေါက်ကွဲနိုင်သည့် အန္တရာယ်ကြောင့် လူပေါင်း ၇၅၀၀၀ကျော် ဘေးလွတ်ရာသို့ထွက်ပြေး

**ဘာလီ စက်တင်ဘာ ၂၇**
အင်ဒိုနီးရှားနိုင်ငံရှိ ဘာလီကျွန်းတွင် မီးတောင်တစ်ခု ပေါက်ကွဲမည့်အခြေအနေကြောင့် အနီးတစ်ဝိုက်တွင်နေထိုင်ကြသည့် ပြည်သူ ၇၅၀၀၀ ကျော် ဘေးလွတ်ရာသို့ထွက်ပြေးတိမ်းရှောင်ခဲ့ရကြောင်းသိရသည်။

ပြီးခဲ့သည့်ရက်သတ္တပတ်သောကြာနေ့က အာဏာပိုင်များသည် Agung မီးတောင်မှာ ပေါက်ကွဲနိုင်သည့်အမြင့်ဆုံးအခြေအနေဖြစ်သည့် အဆင့်၄သို့ ရောက်ရှိနေပြီဖြစ်ကြောင်း သတိပေးနှိုးဆော်ခဲ့သည်။

မီးတောင်ပေါက်ကွဲမှုနှင့်ဆက်စပ်နေသည့် တုန်ခါမှုကို တွေ့ရှိခဲ့ပြီး ကမ္ဘာ့မြေလွှာအောက်ရှိကျောက်ရည်ပူများကြောင့် အပူပေးခြင်းခံရသည့် မြေအောက်ရေမှဖြစ်သော ရေနွေးငွေ့များ ထွက်ပေါ်လာမှုကို တွေ့ရှိရကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။



၁၉၆၃ ခုနှစ်က ဖြစ်ပွားခဲ့သည့် မီးတောင်ပေါက်ကွဲမှုတွင် လူ ၁၀၀၀ ကျော်သေဆုံးခဲ့ရသည်။

အင်ဒိုနီးရှားသမ္မတဂျိုကိုဝီဒိုဒိုသည် အင်္ဂါနေ့က ရွှေ့ပြောင်းခဲ့ကြသူများထံသို့ သက်သာချောင်ချိရေးအထောက်အပံ့ပစ္စည်းများဖြန့်ဝေပေးခဲ့ပြီး အမိုးအကာများ ကာရံပေးခဲ့ကြောင်းသိရသည်။

အစိုးရအနေဖြင့် ပြည်သူများ၏ ဘေးကင်းလုံခြုံမှုနှင့် သက်သာချောင်ချိရေးအတွက်ဖြစ်နိုင်သမျှဆောင်ရွက်မှုအားလုံးကို ဦးစားပေးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဝီဒိုဒိုက အလေးအနက်ကတိပေးအပ်ခဲ့သည်။ ဘာလီကျွန်းပေါ်ရှိ လေဆိပ်ကို ပုံမှန်အတိုင်း လည်ပတ်ဆောင်ရွက်နေဆဲဖြစ်ကြောင်း သိရသည်။
**(အင်န်အိတ်ချ်ကေ)**

# အကျင့်ပျက်ခြစားမှုများတိုက်ဖျက်ရေး တောင်အာဖရိကတွင် ဆန့်ကျင်ဆန္ဒပြ

**ကိတ်ပ်တောင်း စက်တင်ဘာ ၂၇**
တောင်အာဖရိကလူမျိုး ထောင်ပေါင်းများစွာတို့သည် ဗုဒ္ဓဟူးနေ့က အကျင့်ပျက်ခြစားမှုကိုတိုက်ဖျက်ရန် ချီတက်ကာ ကန့်ကွက်ဆန္ဒပြကြမည်ဖြစ်ကြောင်း သိရသည်။

တောင်အာဖရိကကုန်သွယ်ရေးသမဂ္ဂနှင့် အာဏာရအာဖရိကန်အမျိုးသားကွန်ဂရက်တို့ ပူးပေါင်းကာ လူတစ်သန်းနီးပါးပါဝင်ကြရန် ဖိတ်ခေါ်ထားပြီး တောင်အာဖရိကတစ်လွှားရှိ မြို့ကြီးများတွင် ပါဝင်ချီတက်ကြရန် တောင်းဆိုထားသည်။ ယခုပြုလုပ်သည့်ဆန့်ကျင်ဆန္ဒပြမှုမှာ တရားဝင်ကန့်ကွက်ဆန္ဒပြမှုဖြစ်ပြီး သမ္မတဖြစ်သူ ဂျက်ကော့ဇူးမားကို ရည်ရွယ်ကာ ဆန္ဒပြကြခြင်းဖြစ်သည်။

သမ္မတ ဂျက်ကော့ဇူးမား၏ လက်ထက်တွင် အကျင့်ပျက်ခြစားမှုများပို၍ များပြားလာကြောင်း တောင်အာဖရိကကုန်သွယ်ရေးသမဂ္ဂက ပြောသည်။ အလုပ်သမားများနှင့် နိုင်ငံသားများသည် ဒီအကျင့်ပျက်ခြစားမှုကိုတိုက်ဖျက်ရန် အတူတကွ တောင်းဆိုသွားရန် တိုက်တွန်းထားသည်။

မကြာသေးမီက သမ္မတဇူးမား၏သူငယ်ချင်းဖြစ်သူက ဒေါ်လာသန်းချီတန်သော နိုင်ငံတော်ပိုင်စာချုပ်တစ်ခုတွင် အလွဲသုံးမှုပြုလုပ်သည်ဟုဆိုကာ အာဖရိကန် အမျိုးသားကွန်ဂရက်ကလည်းသမ္မတ ဂျက်ကော့ဇူးမားကို ရာထူးမှဆင်းပေးရန် တောင်းဆိုထားသည်။

ဇူးမားနှင့်၎င်း၏ သူငယ်ချင်းဖြစ်သူကမူ အဆိုပါအလွဲသုံးမှုနှင့်ပတ်သက်၍ ငြင်းဆိုထားပြီး အာဖရိကန်အမျိုးသားကွန်ဂရက်သည် ဒီဇင်ဘာလ၌သမ္မတသစ် ရွေးချယ်မည်ဖြစ်သည်။
**(ရိုက်တာ)**

# ထိုင်းဝန်ကြီးချုပ်ဟောင်းရင်လပ်ကို ထောင်ဒဏ်ငါးနှစ်ချ

**ဗန်ကောက် စက်တင်ဘာ ၂၇**
ထိုင်းဝန်ကြီးချုပ်ဟောင်းရင်လပ်ကို နိုင်ငံတော်၏ အမြင့်ဆုံးတရားရုံးက ဗုဒ္ဓဟူးနေ့တွင် ဆန်အမတော်ကြေးသုံးစွဲရာတွင် စီမံခန့်ခွဲရာ၌ ပေါ့ဆသည့်အတွက် ထောင်ဒဏ်ငါးနှစ်ချမှတ်လိုက်ကြောင်း သိရသည်။

ရင်လပ်ကို ဩဂုတ် ၂၅ ရက်ကစပြီး တရားခွင်၌ တရားစွဲဆိုခဲ့ရာ ရင်လပ်မှာရုံးတော်သို့ လာရောက်ရန်ပျက်ကွက်ခဲ့သည်။ အံ့ဩဖွယ်ရာပင် ၎င်းကိုထောက်ခံသူများက တရားရုံးတွင် စုဝေးခဲ့ကြသည်။ ၎င်း၏လက်ထောက်များက ရင်လပ်မှာ ထိုင်းနိုင်ငံမှ ထွက်ပြေးသွားပြီဖြစ်ကြောင်း ပြောခဲ့ကြသည်။

လွန်ခဲ့သောလက ရိုက်တာသတင်းတစ်ရပ်တွင် ရင်လပ်မှာ ဒူဘိုင်းသို့ ထွက်ပြေးသွားကြောင်း ဖော်ပြထားသည်။ ဒူဘိုင်းတွင် အစ်ကိုဖြစ်သူ ထိုင်းနိုင်ငံဝန်ကြီးချုပ်ဟောင်းသက်ဆင်ရှိကာ ကိုယ်ပိုင်အိမ်တစ်လုံးလည်း ဝယ်ယူထားကြောင်း သိရသည်။


ရင်လပ်သည် ၂၀၁၁ ခုနှစ်ရွေးကောက်ပွဲတွင် အာဏာရခဲ့ပြီး တောင်သူလယ်သမားများကို ဆန်အမတော်ကြေး ထုတ်ပေးခဲ့သည်။ ယင်းသို့ထုတ်ပေးမှုကြောင့် လယ်သမားများ၏ ထောက်ခံမှုကိုရရှိသော်လည်း နိုင်ငံတော်၏ဘဏ္ဍာငွေများ ဘီလီယံနှင့်ချီ၍ ဆုံးရှုံးခဲ့ရသည်ဟု စွပ်စွဲခံရသည်။ **(ရိုက်တာ)**




# ကဘူးလ်လေဆိပ်၌ ဒုံးကျည်ငယ်များပေါက်ကွဲမှုဖြစ်ပွားပြီး မကြာမီ ကာကွယ်ရေးဝန်ကြီး ဂျိမ်းစ်မက်တစ် အာဖဂန်သို့ ရောက်ရှိလာ

**ကဘူးလ် စက်တင်ဘာ ၂၇**
ကဘူးလ်လေဆိပ်နှင့်အနီးတစ်ဝိုက်တွင် အသေးစားဒုံးကျည်အချို့ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ပြီးနောက် နာရီအနည်းငယ်အကြာလောက်တွင် အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျိမ်းစ်မက်တစ်သည် အာဖဂန်သို့ ကြိုတင်အသိပေးထားခြင်းမရှိဘဲ ရောက်ရှိလာခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ဒုံးကျည်ငယ်များပေါက်ကွဲမှုတွင် သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှု ရှိမရှိမသိရှိရသေးပေ။ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က အာဖဂန်အတွက်နည်းဗျူဟာအသစ်တစ်ရပ်ကိုကြေညာခဲ့ပြီး အမေရိကန်က ကျောထောက်နောက်ခံပေးထားသည့် အာဖဂန်အစိုးရတပ်ဖွဲ့ဝင်များကို မြေပြင်၌အနိုင်ရရှိခဲ့သည့် တာလီဘန်စစ်သွေးကြွများကို ထိုးစစ်ဆင်နွှဲမှု အရှိန်မြှင့်ဆောင်ရွက်မည်ဟု ကတိပေးအပ်ခဲ့ပြီး နောက်တွင် ကာကွယ်ရေးဝန်ကြီးမက်တစ်က အာဖဂန်သို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း သိရသည်။



အမေရိကန်ပြည်ထောင်စုသည် တာလီဘန်များနှင့် အခြားသော စစ်သွေးကြွအုပ်စုများကို တိုက်ခိုက်ချေမှုန်းရန်အတွက် အာဖဂန်လုံခြုံရေးတပ်ဖွဲ့များကိုကူညီလေ့ကျင့်ပေးရန် နောက်ထပ်တပ်ဖွဲ့ဝင် ၃၀၀၀ ကို အာဖဂန်သို့ စေလွှတ်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

လတ်တလောတွင် အာဖဂန်၌ အမေရိကန်မှ ပို့ဆောင်ထားသည့်တပ်ဖွဲ့ဝင်အရေအတွက် ၈၄၀၀ ခန့်ရှိသည်။ အများစုမှာ အာဖဂန်တပ်ဖွဲ့များကို အကြံပေးလျက်ရှိပြီးအချို့သည် တာလီဘန်များအားနှိမ်နင်းသည့် စစ်ဆင်ရေးအတွင်း ပါဝင်လျက်ရှိသည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျိမ်းစ်မက်တစ်၊ အာဖဂန်သမ္မတ အက်ရှရက်ဖ်ဂါနီနှင့် နေတိုးအဖွဲ့အတွင်းရေးမှူးချုပ် ဂျန်စ်စတော်တန်ဘတ်တို့သည် ပူးတွဲသတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။
**(ရိုက်တာ)**

## နိုင်ငံတကာ သတင်းတိုထွာ

### အမေရိကန်ကာကွယ်ရေးဝန်ကြီး နယူးဒေလီသို့ နှစ်ရက်ကြာ အလည်အပတ်ခရီး ရောက်ရှိ

**နယူးဒေလီ စက်တင်ဘာ ၂၇**

အမေရိကန် ကာကွယ်ရေးဝန်ကြီး ဂျိန်းမက်တစ်သည် အိန္ဒိယနိုင်ငံသို့ နှစ်ရက်ကြာ အလည်အပတ်ခရီးရောက်ရှိခဲ့ကြောင်း အိန္ဒိယအာဏာပိုင်များက ပြောသည်။ အိန္ဒိယကာကွယ်ရေးဝန်ကြီး၏ဖိတ်ကြားချက်အရ လာရောက်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်ကာကွယ်ရေး ဝန်ကြီးက အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာ မိုဒီနှင့်တွေ့ဆုံဖို့ရှိကြောင်း သိရသည်။ အာဏာပိုင်များ၏ အဆိုအရ နှစ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးများသည် နှစ်နိုင်ငံ ဆက်ဆံရေးတိုးမြှင့်စေရေးဆွေးနွေးကြမည် ဖြစ်ကြောင်း သိရသည်။ မက်တစ်သည် အိန္ဒိယအမျိုးသား လုံခြုံရေးအကြံပေးနှင့်လည်း ခရီးစဉ်အတွင်း တွေ့ဆုံဖို့ရှိကြောင်း သိရသည်။

သမ္မတဒေါ်နယ်ထရန့် လက်ထက်တွင် ပထမဦးဆုံး ကက်ဘိနက်အဆင့်အရာရှိ အိန္ဒိယသို့ ချစ်ကြည်ရေးအလည်အပတ်ခရီးလာရောက်ခြင်းဖြစ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**

### ဒူဘိုင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ခရီးသည် ဝင်ရောက်မှုနှုန်း မြင့်တက်

**ဒူဘိုင်း စက်တင်ဘာ ၂၇**

ဩဂုတ်လအတွင်း ဒူဘိုင်းလေဆိပ်သို့ ခရီးသွားဝင်ရောက်မှုနှုန်း အမြင့်ဆုံးဖြစ်ခဲ့ကြောင်း အာရပ်စော်ဘွားများပြည်ထောင်စု သတင်းအေဂျင်စီက ဖော်ပြသည်။ လစဉ် စာရင်းဇယားများအရ ဩဂုတ်လအတွင်း ခရီးသည် ၈ ဒသမ ၂၃ သန်း ဝင်ရောက်ခဲ့ကြောင်း၊ လွန်ခဲ့သောနှစ်က ၇ ဒသမ ၂၃ သန်း ဝင်ရောက်ခဲ့ကြောင်းနှင့် မနှစ်ကထက်စာလျှင် ၆ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်လာကြောင်း သိရသည်။

ဒူဘိုင်း အပြည်ပြည်ဆိုင်ရာလေဆိပ်သည် လွန်ခဲ့သော ရှစ်လခန့်အတွင်း ခရီးသည်ပေါင်း ၅၉ ဒသမ ၃၅ သန်းကို ဝန်ဆောင်မှုပေးနိုင်ခဲ့ပြီး မနှစ်က ၅၅ ဒသမ ၈၅သန်း ဒူဘိုင်းလေဆိပ်သို့ ဝင်ရောက်ခဲ့ကြောင်း သိရသည်။

ခရီးသည် ဝင်ရောက်မှုနှုန်းကို ကြည့်လျှင် အိန္ဒိယလေဆိပ်သည် ခရီးသည် အများဆုံးဝင်ရောက်ပြီး ဩဂုတ်လအတွင်း ခရီးသွား ၁၀၄၄၇၃၀ ဝင်ရောက်ခဲ့ကြောင်း၊ ယင်းနောက် ဗြိတိန်က ၆၁၁၂၅၄ ဖြင့် ဒုတိယနေရာလိုက်ပြီး ဆော်ဒီအာရေဗျက ၆၁၀၄၃၄ ဖြင့် တတိယနေရာတွင်ရှိကြောင်း သိရသည်။

ဒူဘိုင်းလေဆိပ်သည် အရည်အသွေးပိုင်းဆိုင်ရာ မြှင့်တင်ရာတွင် အောင်မြင်မှုရလျက်ရှိပြီး ယင်းလေဆိပ်တွင် ကမ္ဘာ့အမြန်ဆုံး Wifi အင်တာနက်ကို အသုံးပြုနိုင်ကြောင်းလည်း သိရသည်။

**(ဆင်ဟွာ)**

# ကာ့ဒ်တွေရဲ့ မဲပေးပွဲကြောင့် ရတက်မအေးဖြစ်နေရတဲ့ အီရတ်၊ အီရန်နဲ့တူရကီ

**ဖြိုးစန္ဒီမွေး**

ကမ္ဘာမှာအကြီးဆုံး တိုင်းရင်းသားလူမျိုးစုကြီးလို့ သူတို့ကိုယ်သူတို့ သတ်မှတ်ကြတဲ့ ကာ့ဒ်တွေဟာ အီရတ်ကနေခွဲထွက်ပြီး လွတ်လပ်ရေးရဖို့ တနင်္လာနေ့ကစပြီး လူထုဆန္ဒခံယူပွဲကျင်းပနေပါပြီ။ အီရတ်နိုင်ငံမြောက်ပိုင်းမှာရှိတဲ့ သန်းပေါင်းများစွာသောကာ့ဒ်တွေဟာ သမိုင်းဝင်နေ့အဖြစ် တညီတညွတ်တည်း မဲပေးခဲ့ကြပြီး ကာ့ဒ်တွေရဲ့လွတ်လပ်တဲ့နိုင်ငံဖြစ်ရမယ်ဆိုတဲ့ အိပ်မက်အတွက် အများကြီးမျှော်လင့်ခဲ့ကြပါတယ်။

ကာ့ဒ်တွေရဲ့ သမိုင်းကြောင်းကို ကြည့်မယ်ဆိုရင် ကာ့ဒ်လူမျိုးသန်းသုံးဆယ်ဟာ တူရကီ၊ အီရန်၊ အီရတ်နဲ့ ဆီးရီးယားတို့မှာ ပျံ့နှံ့နေထိုင်လျက်ရှိတယ်။ ပထမကမ္ဘာစစ်ပြီးတဲ့နောက်မှာ အရှေ့အလယ်ပိုင်းဒေသရဲ့ မြေပုံပြန်လည်ရေးဆွဲတဲ့အခါ ကာ့ဒ်တွေဟာ အချုပ်အခြာအာဏာပိုင် နိုင်ငံအဖြစ် မရခဲ့ဘူး။

အခုချိန်မှာတော့ အီရတ်ရှိ ကာ့ဒ်တွေဟာ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ကို တောင်းဆိုနေကြတယ်။ ကာ့ဒ်စတန်ဟာ အီရတ်နိုင်ငံရဲ့ အစိတ်အပိုင်းဖြစ်ပေမယ့် သီးခြားနိုင်ငံတစ်ခုလိုပါပဲ။ ကျယ်ပြန့်တဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်ပြီး ကိုယ်ပိုင်အစိုးရနဲ့ ပါလီမန်ရှိပါတယ်။ ကိုယ်ပိုင်ဘာသာစကားနဲ့ ကိုယ်ပိုင် ယဉ်ကျေးမှုလည်းရှိတယ်။

လွန်ခဲ့တဲ့သီတင်းပတ် အင်္ဂါနေ့အထိ ဒီလိုမျိုး လူထုဆန္ဒခံယူပွဲအတွက် မဲပေးမှုတွေ ပြုလုပ်မယ်လို့ သေချာမစီစဉ်ရသေးပါဘူး။ အီရတ်နိုင်ငံမြောက်ပိုင်းမှာရှိတဲ့ ကာ့ဒ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာရှိတဲ့ ကာ့ဒ်တွေအတွက် လွတ်လပ်ရေးဆိုတဲ့ မျှော်လင့်ချက်က ကြီးမားပါတယ်။ ဒီလိုမျိုး အီရတ်ကနေ ခွဲထွက်ပြီး လွတ်လပ်ရေးတောင်းဆိုတဲ့အခါမှာတော့ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ အီရန်နဲ့ တူရကီတို့ကို စိတ်သောက ရောက်စေပါတယ်။

ဘာဖြစ်လို့လဲဆိုရင် အီရန်နှင့်တူရကီတို့မှာလည်း ကာ့ဒ်လူမျိုးတွေ အများကြီးနေထိုင်နေကြလို့ပါပဲ။ ဒီကိစ္စကို စိတ်ပူတဲ့အထဲမှာ အမေရိကန်လည်း အပါအဝင်ပါပဲ။ ကာ့ဒ်တွေရဲ့ လွတ်လပ်ရေးတောင်းဆိုမှုဟာ လူမျိုးရေးရာအရ ပဋိပက္ခဖြစ်စေပြီး အီရတ်နိုင်ငံကိုလည်း ကွဲပြားသွားစေနိုင်ပါတယ်။

နောက်ပြီးတော့ အမေရိကန် ဦးဆောင်တဲ့ မဟာမိတ်တွေရဲ့ အိုင်အက်စ်အကြမ်းဖက်သမားတွေကို အမြစ်ပြတ် တိုက်ခိုက်ချေမှုန်းရေးမှာလည်း အားနည်းသွားစေတယ်လို့ အိမ်ဖြူတော်က သတိပေးမှုတွေ ပြုလုပ်ထားပါတယ်။

အခုပြုလုပ်တဲ့ ဆန္ဒမဲပေးမှုဟာ အီရတ်ရှိ ကာ့ဒ်တွေနဲ့ အမေရိကန်တို့ရဲ့ကြားက ဆက်ဆံရေးကို ထိခိုက်စေတယ်။ တစ်ချိန်တုန်းကဆိုရင် အမေရိကန်ဟာ ကာ့ဒ်တွေကို အိုင်အက်စ်တွေ တိုက်ခိုက်တဲ့နေရာမှာ အားကိုးအားထားပြုခဲ့ပါတယ်။ အဲဒီဒေသဟာ ကုန်းတွင်းပိတ်ဖြစ်ပြီး သူ့ရဲ့အားနည်းချက်ကတော့ ပိတ်ဆို့မှုဆိုတဲ့ ခြိမ်းခြောက်မှုကို ကြောက်ရပါတယ်။

တူရကီနဲ့အီရန်တို့ စိုးရိမ်ရတဲ့ကိစ္စကတော့ သူတို့ဆီမှာလည်း ကာ့ဒ်လူနည်းစုတွေရှိတော့ ဒီလူတွေကိုလှုံ့ဆော်ပေးသလိုဖြစ်မှာ၊ အုံကြွလာမှာကို စိုးရိမ်ကြပါတယ်။ ဒါကြောင့်လည်း သူတို့ရဲ့နယ်စပ်တွေမှာ စစ်ရေးလေ့ကျင့်မှုတွေ ပြုလုပ်ခဲ့ကြတာဖြစ်တယ်။

ကာ့ဒ် မဲဆန္ဒရှင်တွေကတော့ သူတို့ဟာ ဘယ်ခြိမ်းခြောက်မှုကိုမှ မကြောက်ဘူး၊ အရေးမစိုက်ဘူးလို့ ဆိုပါတယ်။ ကာ့ဒ်အာဏာပိုင်တွေကတော့ တနင်္လာနေ့ ညမှာတင် မဲပေးမှုဟာ ၃ ဒသမ ၉ သန်းမဲပေးခဲ့ကြပြီး ရာခိုင်နှုန်းအားဖြင့် ၇၂ ရာခိုင်နှုန်းရှိကြောင်း၊ အရေအတွက်ဟာ ထပ်မံတိုးမြင့်လာမယ်လို့ မျှော်လင့်ရကြောင်း၊ မဲရုံပေါင်း ၁၇၀၀ ကို ရေတွက်ဖို့ ကျန်ရှိနေသေးတဲ့အတွက် အရေအတွက်တိုးမြင့်လာနိုင်ကြောင်း ကြေညာခဲ့တယ်။

> **တူရကီနဲ့အီရန်တို့ စိုးရိမ်ရတဲ့ကိစ္စကတော့ သူတို့ဆီမှာလည်း ကာ့ဒ်လူနည်းစုတွေရှိတော့ ဒီလူတွေကို လှုံ့ဆော်ပေးသလိုဖြစ်မှာ၊ အုံကြွလာမှာကို စိုးရိမ်ကြပါတယ်။ ဒါကြောင့်လည်း သူတို့ရဲ့ နယ်စပ်တွေမှာ စစ်ရေးလေ့ကျင့်မှုတွေ ပြုလုပ်ခဲ့ကြတာဖြစ်**



အခုလိုကာ့ဒ်တွေ တညီတညွတ်တည်း မဲပေးမှုကနေတစ်ဆင့် အီရတ်ကနေ ခွဲထွက်ရေးချက်ချင်းမရနိုင်သေးပေမယ့် အီရတ်အစိုးရနဲ့ ဆွေးနွေးညှိနှိုင်းနိုင်မယ့် အနေအထားတစ်ခုထိ ရောက်အောင် တွန်းပို့ပေးနိုင်တယ်လို့ ကာ့ဒ်တွေက ယုံကြည်ကြပါတယ်။ ဒါပေမယ့်လည်း အီရတ်အစိုးရကတော့ ဒီလူထုဆန္ဒခံယူပွဲဟာ တရားမဝင်ဘူး။ ဒါကြောင့် ရလဒ်ကိုလည်း အသိအမှတ်မပြုဘူးလို့ ဆိုပါတယ်။

အီရတ်အစိုးရကို ပိုပြီးဒေါသထွက်စေတာက ဒီနယ်မြေတွေဟာ အီရတ်နဲ့ကာ့ဒ်တို့ အငြင်းပွားနေတဲ့ နယ်မြေတွေဖြစ်ပြီး ရေနံအဓိကထွက်တဲ့ နယ်မြေတွေလည်းဖြစ်တယ်။ ဒါ့အပြင် အဲဒီဒေသမှာ ဒေသခံတွေဟာ ကာ့ဒ်တွေ၊ တိုင်းရင်းသားတွေနဲ့ ရောနှောနေထိုင်ကြတာပဲ ဖြစ်တယ်။ ဒုတိယသမ္မတ နူရီကာမယ်အယ်မာလစ်ကီကတော့ ဒါဟာ စည်းလုံးညီညွတ်နေတဲ့ အီရတ်ပြည်သူတွေအပေါ် စစ်ကြေညာလိုက်တာပဲလို့ ပြောခဲ့ပါတယ်။ အီရတ်ပါလီမန်မှာတော့ တနင်္လာနေ့မှာပဲ နယ်မြေအငြင်းပွားနေတဲ့ဒေသကို အီရတ်တပ်ဖွဲ့ဝင်တွေ စေလွှတ်ဖို့၊ ကာ့ဒ်တွေထိန်းချုပ်ထားတဲ့ နယ်မြေကို ပိတ်ဆို့မှုတွေ ပြုလုပ်ဖို့အတွက် ဝန်ကြီးချုပ်ကို တောင်းဆိုဖို့ရာ မဲခွဲဆုံးဖြတ်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ ဝန်ကြီးချုပ်ကတော့ ဒီကိစ္စကို ဗုဒ္ဓဟူးနေ့ပါလီမန်မှာ ဆွေးနွေးမှုတွေပြုလုပ်သွားမယ်လို့ သိရပါတယ်။

အီရတ်အစိုးရ တောင်းဆိုထားတဲ့အချက်တွေကတော့ ကာ့ဒ်အစိုးရဟာ သူတို့ ထိန်းချုပ်ထားတဲ့ နယ်စပ်တွေကို လက်လျှော့ပေးရမယ်။ တူရကီကို တင်ပို့နေတဲ့ ရေနံစိမ်းတွေကိုလည်း စွန့်လွှတ်ရမယ်လို့ တောင်းဆိုထားပါတယ်။ အဲဒီရေနံစိမ်းတင်ပို့မှုကနေ ကာ့ဒ်တွေအတွက် အဓိက ဝင်ငွေရရှိနေတာပဲ ဖြစ်တယ်။

တူရကီသမ္မတ အာဒိုဂန်ကတော့ စစ်ရေးအရ အရေးယူဆောင်ရွက်မှုတွေလည်း ပြုလုပ်မယ်။ ကာ့ဒ်တွေဆီကနေ သွယ်တန်းထားတဲ့ ရေနံပိုက်လိုင်းကိုလည်းပိတ်ပစ်မယ်လို့ ခြိမ်းခြောက်မှုတွေ ပြုလုပ်ထားပါတယ်။ တူရကီကနေ အီရတ်နိုင်ငံမြောက်ပိုင်းကို ဝင်ရောက်နိုင်မယ့် နယ်စပ်ဂိတ်ကိုလည်း ပိတ်ပစ်မယ်လို့ခြိမ်းခြောက်ခဲ့ပါတယ်။ အီရတ်အစိုးရရဲ့ တောင်းဆိုမှုကြောင့် အီရန်အစိုးရဟာ ကာ့ဒ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနဲ့ လေကြောင်း ပျံသန်းမှုတွေကို ရပ်နားထားပါတယ်။ ကာ့ဒ်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအနီး အီရန်နယ်စပ်မှာလည်း စစ်ရေးလေ့ကျင့်မှုတွေ ပြုလုပ်ခဲ့ပါတယ်။

ဘဂ္ဂဒက်မှာတော့ အမေရိကန် အစိုးရဟာ အငြင်းပွားမှုတွေ ဖြစ်ပွားနေတဲ့ နယ်မြေတွေမှာ နေထိုင်နေတဲ့ သူ့နိုင်ငံသားတွေကို လုံခြုံရေးဂရုစိုက်ကြဖို့ သတိပေးမှုတွေ ထုတ်ပြန်ထားပါတယ်။ ကာ့ဒ်တွေ စိုးရိမ်နေတာ တစ်ခုကတော့ အီရတ်အစိုးရဟာ သူတို့ဒေသမှာ လေကြောင်းလိုင်းတွေပိတ်ပစ်မှာကိုပါပဲ။

နောက်ထပ်တစ်ခုကတော့ တူရကီတွေက ရေနံတင်ပို့နေတဲ့ ပိုက်လိုင်းကို ပိတ်ပစ်မှာကိုပါပဲ။ ကာ့ဒ်တွေဟာ ရေနံစည်ပေါင်း ၅၅၀၀၀၀ ကို အဲဒီပိုက်လိုင်းကနေတစ်ဆင့် နေ့စဉ်ပို့နေတာဖြစ်ပြီး တစ်နှစ်မှာ ဒေါ်လာ ရှစ်ဘီလီယံနီးပါး ဝင်ငွေရှိပါတယ်။

အခုလို အီရတ်ကနေ ခွဲထွက်ရေးလူထုဆန္ဒခံယူပွဲ မပြုလုပ်မီ တစ်ပတ်အလိုကပဲ ရုရှားရေနံကုမ္ပဏီကြီးနဲ့ ကာ့ဒ်ဒေသအစိုးရတို့ဟာ တူရကီကိုဖြတ်ပြီးတည်ဆောက်မယ့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းကိစ္စ သဘောတူလက်မှတ်ရေးထိုးခဲ့ကြပါတယ်။ ၂၀၂၀ ပြည့်နှစ်မှာ ဥရောပဈေးကွက်ကို ရောက်ရှိမှာပဲဖြစ်တယ်။ အဲဒီပိုက်လိုင်းကနေ တစ်နှစ်မှာ သဘာဝဓာတ်ငွေ့ ၃၀ ဘီလီယံ ကုဗမီတာထုတ်လုပ်နိုင်မှာပဲ ဖြစ်တယ်။

တနင်္ဂနွေနေ့မှာတော့ ကာ့ဒ်ဒေသရဲ့ အကြီးအကဲက ကာ့ဒ်တွေနဲ့ အီရတ်တို့ရဲ့ ဆက်ဆံရေးဟာ ပြီးဆုံးသွားခဲ့ပြီ။ အခုအချိန်ကစပြီး ကာ့ဒ်ဒေသဟာ အီရတ်ရဲ့ အစိတ်အပိုင်းတစ်ခု မဟုတ်တော့ဘဲ အိမ်နီးချင်းနိုင်ငံတစ်ခုဖြစ်လာရမယ်လို့ ကြွေးကြော်ခဲ့ပါတယ်။ အဓိက အငြင်းပွားဖွယ်နယ်မြေ ဖြစ်နေတာကတော့ ရေနံပေါကြွယ်ဝတဲ့ ကီရာကတဲပဲ ဖြစ်တယ်။ အဲဒီဒေသမှာ တာ့ခမန်၊ ကာ့ဒ်၊ အာရပ်နဲ့ အခြားတိုင်းရင်းသား မျိုးနွယ်စုတွေ နေထိုင်တယ်။ အဲဒီဒေသဟာ အရင်တုန်းကတော့ အီရတ်တပ်ဖွဲ့တွေက ထိန်းချုပ်ထားတာဖြစ်ပြီး ၂၀၁၄ ခုနှစ် အိုင်အက်စ်တွေနဲ့ တိုက်ပွဲဖြစ်တော့ အီရတ်တပ်ဖွဲ့ဝင်တွေဒီဒေသကနေ ထွက်ခွာသွားကတည်းက ကာ့ဒ်တွေက အုပ်ချုပ်ခဲ့တာပဲ ဖြစ်တယ်။

ကာ့ဒ်တွေမှာလည်း နှစ်မျိုးကွဲနေတာကို တွေ့ရတယ်။ လွတ်လပ်ရေးလိုချင်တဲ့ ကာ့ဒ်တွေက ဒီဆန္ဒခံယူပွဲကို ထောက်ခံကြပြီး ကာ့ဒ်အစိုးရကို အကျင့်ပျက် ခြစားမှုတွေရှိတယ်။ အရည်အချင်းမပြည့်ဝဘူးလို့ သတ်မှတ်ကြတဲ့ လူတွေကတော့ ဆန္ဒမဲမပေးကြပါဘူး။ ကာ့ဒ်တွေက အမေရိကန်သမ္မတဟာ သူတို့ဘက်မှာရှိမယ်လို့ ယူဆကြပါတယ်။

ဘာလို့လဲဆိုရင် အိုင်အက်စ်တွေကို တိုက်ထုတ်တဲ့အခါမှာ ကာ့ဒ်တွေဟာ အရေးပါတဲ့အခန်း ကဏ္ဍကနေ ပါဝင်နေလို့ပါပဲ။ ကာ့ဒ်တွေရဲ့ လူထုဆန္ဒခံယူပွဲဟာ အိမ်နီးချင်းတိုင်းပြည်တွေဖြစ်တဲ့ အီရန်နဲ့ တူရကီတို့ကို စိတ်သောကရောက်စေတာကတော့ အမှန်ပါပဲ။

**ကိုးကား-နယူးယောက်တိုင်းမ်**

# မိုးနည်းသွားသဖြင့် သဖန်းဆိပ်ရေလှောင်တမံ ပင်မရေပိုလွှဲမှ ရေထိန်းညှိမှုကို တဖြည်းဖြည်းလျှော့ချလျက်ရှိ

**မုံရွာ စက်တင်ဘာ ၂၇**

လက်ရှိတွင် ဒေါ်ဆူရီမုန်တိုင်း ကင်းလွတ်ပျောက်ပြယ်သွားသည့်အပြင် ဒေသတွင်းမိုးရွာသွန်းမှု နည်းပါးသွားသည့်အတွက် သဖန်းဆိပ်ရေလှောင်တမံ ပင်မရေပိုလွှဲမှ ရေထိန်းညှိစီမံမှုကို တဖြည်းဖြည်း လျှော့ချလျက်ရှိကြောင်း သဖန်းဆိပ်ရေလှောင်တမံ ဦးစီးအရာရှိ ဦးတင်မြင့်ထံမှသိရသည်။

"လက်ရှိမှာ မုန်တိုင်းလည်းပြီး မိုးလည်းနည်းသွားပြီဖြစ်တဲ့အတွက် ပင်မရေပိုလွှဲက ရေထုတ်တာကို တဖြည်းဖြည်းထိန်းညှိလျှော့ထုတ်နေပါတယ်။ စက်တင်ဘာ ၂၂ ရက်က ၁၅၀၀၀ ကျူးဆက်(Cusec)၊ ၂၃ ရက်မှာ ၁၀၀၀၀ ကျူးဆက်၊ ၂၄ ရက်မှာ ၇၀၀၀ ကျူးဆက်ကနေ ဒီနေ့ ၂၅ ရက် နံနက် ၁၀ နာရီမှာ ၅၀၀၀ ကျူးဆက် လျှော့ထုတ်လွှတ်နေပါတယ်။ ဆည်ထဲက သိုလှောင်ရေကို ကန်ရေပြည့်နီးပါး ထားရှိသိုလှောင်သွားမှာဖြစ်ပါတယ်"ဟု ဦးစီးအရာရှိက ပြောသည်။

ဒေါ်ဆူရီမုန်တိုင်းဝင်ရောက်ချိန်က သဖန်းဆိပ်ရေလှောင်တမံ ရေဝင်ရောက်မှုနှင့် ထိန်းညှိဆောင်ရွက်ခဲ့မှု အခြေအနေများနှင့်ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစောသက်ခိုင်ဝင်းက "ဆည်မြောင်းနဲ့ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံးချုပ်က စက်တင်ဘာ ၁၉ ရက်က ဒေါ်ဆူရီမုန်တိုင်းနဲ့ပတ်သက်ပြီး စစ်ကိုင်းတိုင်းဒေသကြီးထဲက ဆည်တာတမံတွေကို တာဝန်ရှိသူအဆင့်ဆင့်က လိုသလို စောင့်ကြည့်ကာကွယ်ဖို့ အသိပေးလာပါတယ်။ ဌာနကတာဝန်ရှိသူတွေ စောင့်ကြည့်ခဲ့ရာမှာ စက်တင်ဘာ ၁၈ ရက်က ရေမှတ်အရ ၅၄၄ ဒသမ ၆ ပေ၊ သိုလှောင်ပမာဏအနေနဲ့ ၂၇၅၅၈၃၂ ဧကပေကို ရောက်လာပြီး ဆည်ရေပြည့် အမှတ် ၅၄၅ ပေ၊ သိုလှောင်ပမာဏ ဧကပေ ၂၇၉၄၀၀၀နဲ့ အလွန်နီးလာတာကတစ်ကြောင်း၊ နေ့စဉ်သဖန်းဆိပ်ဆည်ထဲကို ပိုလျှံသိုလှောင်ထားတဲ့ရေက ဧကပေ သုံးသောင်းလောက်ရှိနေတဲ့အတွက်တစ်ကြောင်း ဆည်ထဲမှာ ရေထိန်းညှိထားရှိဖို့လိုအပ်တဲ့အတွက် ရွှေဘိုလက်ထောက်ညွှန်ကြားရေးမှူးက စစ်ကိုင်းတိုင်းဒေသကြီး ညွှန်ကြားရေးမှူးဆီကို စက်တင်ဘာ ၁၉ ရက်မှာ ခွင့်ပြုမိန့်တောင်းခံခဲ့ပါတယ်။ ခွင့်ပြုချက်အရ ပိုလျှံရေ ကျူးဆက် ၁၀၀၀၀ လောက်ကို ပင်မရေပိုလွှဲက ထိန်းညှိဆောင်ရွက်ခဲ့ပါတယ်။ စက်တင်ဘာ ၂၀ မနက်မှာ ၂၀၀၀၀ ကျူးဆက်အထိ တိုးမြှင့်ထိန်းညှိလွှတ်ပေးခဲ့ပါတယ်"ဟု ပြောသည်။

သဖန်းဆိပ်သို့ ရေဝင်ရောက်မှုအခြေအနေကို ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် အထူးစောင့်ကြည့်ပြီး ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိသလို သဖန်းဆိပ်ရေလှောင်တမံနှင့်ပတ်သက်၍ သတင်းအချက်အလက်များကို သိရှိလိုသူများအနေဖြင့် ဦးစီးဌာနတာဝန်ရှိသူများနှင့် ဆည်တာဝန်ရှိသူများထံ မေးမြန်းစုံစမ်း အတည်ပြုနိုင်ကြောင်း တိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစောသက်ခိုင်ဝင်းထံမှ သိရသည်။



စက်တင်ဘာ ၂၅ ရက် နံနက်က တွေ့ရသော သဖန်းဆိပ်ရေလှောင်တမံ

ရေထိန်းညှိမှု လျှော့ချရာတွင် သဖန်းဆိပ်ရေလှောင်တမံ ပင်မရေပိုလွှဲမှ မထုတ်လွှတ်မီ သဖန်းဆိပ်ဆည် ကင်းတပ်ရေထိန်းတမံနှင့် ကာဘိုးရေလွှဲဆည်အောက်ပိုင်း မူးမြစ်၏ ရေစီးဆင်းမှုအခြေအနေများကို ရေဦးတံတား၊ ရေကြည်ဝတံတား၊ သမရိုးတံတားနှင့် ညောင်ပင်ဝန်းတံတားများတွင်ရှိသော ရေမှတ်တိုင်များ၌ နာရီစဉ်အလိုက် ရေမှတ်များကို တာဝန်ချထားစောင့်ကြည့်ကာ ရေထိန်းညှိဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သဖန်းဆိပ်ရေသောက်ဧရိယာများ၌ ယခုနှစ် မိုးစပါးသီးနှံအဖြစ် ရွှေဘိုပေါ်ဆန်း ဒေသအခေါ် ဘေးကြားစပါးမျိုးများကို ဇူလိုင်လဆန်းမှ စတင်မြေပြင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ရွှေဘိုမြောင်းမတော် လက်ဝဲမြောင်းမကြီး၊ ရေဦးမြောင်းမတော်နှင့် လက်ယာမြောင်းမကြီးတို့၏ ရေသောက်ဧရိယာများ၌ စုစုပေါင်း ၄၈၇၃၈၉ ဧကကို စိုက်ပျိုးထားပြီးဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ပညာပေးမှုများလုပ်သော်လည်း ဖျာပုံခရိုင်၌ ကိုးလအတွင်း ယာဉ်တိုက်မှု တစ်ထောင်ကျော်ဖြစ်ခဲ့

**ဖျာပုံ စက်တင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်အတွင်း၌ မြို့နယ်အလိုက် ယာဉ်စည်းကမ်း ပညာပေးခြင်းနှင့် ထိန်းသိမ်းခြင်းများကို တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ပေးနေသော်လည်း ၂၀၁၇ ဇန်နဝါရီလမှ စက်တင်ဘာ ၂၅ ရက် ညနေပိုင်းအထိ မော်တော်ယာဉ်တိုက်မှု ၃၅ မှုနှင့် မော်တော်ဆိုင်ကယ်တိုက်မှု ၉၈၄ မှု ဖြစ်ပွားခဲ့ပြီး သေဆုံးသူ၂၁ဦးနှင့် ဒဏ်ရာရသူ ၁၆၈ ဦးရှိခဲ့ကြောင်း ဖျာပုံခရိုင်ယာဉ်ထိန်းရဲတပ်ဖွဲ့၏ မှတ်တမ်းများအရ သိရသည်။



မော်တော်ယာဉ်နှင့် ဆိုင်ကယ်အသုံးပြုမှု များပြားလာခြင်းကြောင့် ယာဉ်တိုက်မှုများ များပြားလာခြင်းဖြစ်၍ ပြည်သူတစ်ဦးချင်းတို့ကလည်း အသိတရားဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာကျင့်သုံးကြရန်နှင့် အထူးသဖြင့် မော်တော်ဆိုင်ကယ် မောင်းနှင်စီးနင်းသူများအနေဖြင့် ပိုမိုသတိပြုရန်လိုကြောင်း အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီက အသိပေးထားကြောင်း သိရသည်။

ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးနှင့် ယာဉ်မတော်တဆမှုများ မဖြစ်စေရေးအတွက် တာဝန်ရှိသူများအနေဖြင့် ယာဉ်စည်းကမ်း စစ်ဆေးထိန်းသိမ်းခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ ဖျာပုံ-ဘိုကလေး ကားလမ်းမ(ဖျာပုံတံတားအောက်)၌ ယာဉ်စည်းကမ်းစစ်ဆေးခြင်းများကို အမှတ်(၈၀)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့စုမှူး ရဲအုပ်ဇာနည်ထွန်းနှင့်အဖွဲ့က စက်တင်ဘာ ၂၅ရက် ညနေပိုင်းက ဆောင်ရွက်ခဲ့ကြပြီး ယာဉ်မောင်းများ အရက်သေစာ သောက်စားမောင်းနှင်မှုကို အဓိကထားစစ်ဆေးကာ အရက်သောက်စားထားကြောင်း စစ်ဆေးတွေ့ရှိပါက ယာဉ်မောင်းကို ချက်ချင်းလဲလှယ်စေပြီး အရေးယူခြင်းများ ပြုလုပ်လျက်ရှိသည်။

**အောင်ဝင်း(ဖျာပုံ)**

# ကျေးလက်ရေရရှိရေးအတွက် မလှိုင်မြို့နယ်၌ စက်ရေတွင်း ၁၀ တွင်း တူးဖော်ပေးမည်

**မလှိုင် စက်တင်ဘာ ၂၇**

မလှိုင်မြို့နယ်အတွင်းမှ ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ရရှိစေရန်အတွက် စက်ရေတွင်းနှင့် လက်တူးတွင်း ၁၀ တွင်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တူးဖော်ပေးသွားမည်ဖြစ်ကြောင်းနှင့် စက်တင်ဘာ ၂၄ ရက်မှစ၍ ကျပ်ဆည် ကျေးရွာအုပ်စု တည်ကြီးတောကျေးရွာ၌ ရေစင်ပါ စက်ရေတွင်း (တွင်းနက်) တစ်တွင်းကို တူးဖော်ပေးနေပြီဖြစ်ကြောင်း သိရသည်။

တည်ကြီးတောကျေးရွာ၌ အနက်ပေ ၆၀၀ ရှိ လေးလက်မ (GI) စက်ရေတွင်းကို တူးဖော်ပေးမည်ဖြစ်ကာ ရေလှောင်ကန်အစား ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တစ်ခုကိုလည်း တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းများကို တင်ဒါအောင်မြင်ခဲ့သော June Four ကုမ္ပဏီလီမိတက်က ခွင့်ပြုငွေကျပ် ၂၂ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ လုပ်ငန်းများစတင်မီကပင် မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဦးဆောင်၍ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ကျေးရွာရေကော်မတီဝင်များနှင့်အတူ မြေနေရာ သတ်မှတ်ရှာဖွေခြင်း၊ GP ဆာဗေးတိုင်းတာခြင်းများ ဆောင်ရွက်ခဲ့ပြီး ဆာဗေးရလဒ်အရ ရေချိုရရှိနိုင်မည့်နေရာကို ရွေးချယ်တူးဖော်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ တည်ကြီးကျေးရွာသည် အိမ်ခြေ ၁၈၇ အိမ်၊ လူဦးရေ ၁၀၀၀ နီးပါးရှိပြီး နွေရာသီကာလများ၌ ရေရှားပါးမှုကြုံတွေ့ရလေ့ရှိသဖြင့် စက်ရေတွင်းကို တူးဖော်ပေးခြင်းဖြစ်ကာ အဆိုပါ ရေတွင်းနှင့် ရေစင်လုပ်ငန်းများ ပြီးစီးသွားပါက ကျေးရွာနေပြည်သူများအတွက် သန့်ရှင်းသော သောက်သုံးရေလုံလောက်စွာရရှိစေမည်ဖြစ်ကြောင်း သိရသည်။

မလှိုင်မြို့နယ်တွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အတွင်း အနက်ပေ ၆၀၀ ရှိ လေးလက်မ တွင်းနက် ခုနစ်တွင်းနှင့် အကျယ် ၆ ပေ၊ အနက် ပေ ၃၀ ရှိ လက်တူးတွင်း သုံးတွင်း စုစုပေါင်းရေတွင်း ၁၀ တွင်းကို ကျေးရွာ ၁၀ ရွာ၌ တူးဖော်ပေးသွားမည်ဖြစ်ကာ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းအားလုံးကို တင်ဒါအောင်မြင်ခဲ့သော June Four ကုမ္ပဏီလီမိတက်က တာဝန်ယူ၍ ခွင့်ပြုရန်ပုံငွေ ကျပ် ၁၅၁ ဒသမ ၁၃၆ သန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

**အောင်ဌေး(မလှိုင်)**



(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် လက်ပံတန်းမြို့မြစ်ကွေ့ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို လက်ပံတန်းမြို့နယ် ယာယီရဲတပ်ဖွဲ့မှူး ရဲမှူးဆွေဦး ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင် ၅၅ ဦးက စက်တင်ဘာ တတိယပတ်အတွင်းက ဆောင်ရွက်ပေးနေစဉ်
သန့်ဇော်(ပြန်/ဆက်)

# လူငယ်များဘဝဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံဆွေးနွေးပွဲ သထုံမြို့၌ကျင်းပ

**သထုံ စက်တင်ဘာ ၂၇**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ လူငယ်များဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် Youth Development Workshop ကို သထုံမြို့ အခြေစိုက် Green Day Youth Network မှ ဦးဆောင်ကာ စက်တင်ဘာ ၂၅ ရက်က သိမ်ကုန်းရပ်ကွက်ရှိ ကရင်နှစ်ခြင်းအသင်းတော်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

လူငယ်များ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်ဆိုင်နေရသည့် အခက်အခဲများနှင့် စိန်ခေါ်မှုများကို ရှာဖွေဖော်ထုတ် ဖြေရှင်းနိုင်ရန်ရည်ရွယ်ကာ ဆွေးနွေးပွဲကို ပြုလုပ်ရခြင်းဖြစ်ကြောင်း Green Day Youth Network ၏ အတွင်းရေးမှူးဖြစ်သူ ကိုချမ်းမင်းပိုင်စိုးက ပြောသည်။

"ဒီမှာ လူငယ်တွေအတွက် အဓိကလိုအပ်တဲ့ ကဏ္ဍကြီးငါးခု ဆွေးနွေးကြတယ်။ အဲဒီထဲကမှ ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းနဲ့ မူးယစ်ဆေးပြဿနာ ဒါတွေကို အဓိက စိတ်ဝင်တစားဆွေးနွေးကြတယ်။ လူငယ်တွေအများစုက ရည်မှန်းချက်ရှိကြပေမယ့် ဒါကို အကောင်အထည်ဖော်ဖို့ အလုပ်အကိုင် အခွင့်အလမ်းက နည်းတယ်။ နောက်ပြီး မူးယစ်ဆေးနဲ့ပတ်သက်ရင် ကွမ်းယာ၊ ဆေးလိပ်နဲ့ မူးယစ်ဆေးတွေ ပေါပေါများများ ရှိနေတာ။ လက်ရှိအစိုးရကတော့ မူးယစ်ဆေးနဲ့ပတ်သက်ပြီး ကိုင်တွယ်ဖြေရှင်းနေတာ တွေ့ပေမယ့် ကျွန်တော်ကတော့ အားနည်းနေသေးတယ်လို့မြင်တယ်။ ဒီပြဿနာက ရဲတပ်ဖွဲ့တစ်ခုပဲ တာဝန်ရှိတာ မဟုတ်ဘူး။ အားလုံး ပူးပေါင်းပါဝင်ဖို့လိုတယ်။ ဒီလို ပူးပေါင်းပါဝင်လာဖို့ ပညာပေးလုပ်ငန်းတွေ အများကြီး လုပ်ဖို့လိုပါတယ်"ဟု ကိုချမ်းမင်းပိုင်စိုးက ပြောသည်။



အဆိုပါဆွေးနွေးပွဲကို သထုံမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၅၃ ရွာမှလူငယ်များ တက်ရောက်ခဲ့ကြပြီး လူငယ်နှင့် မူးယစ်ဆေးဝါးပြဿနာ၊ ပညာရေးနှင့် အလုပ်အကိုင် အခွင့်အလမ်း၊ အမျိုးသမီးနှင့် မသန်စွမ်းများ၏ အခွင့်အရေး၊ သတင်းအချက်အလက်များရရှိရေးနှင့် ကျား/မရေးရာ(Gender)ကဏ္ဍများကို ဝိုင်းဖွဲ့ဆွေးနွေးခဲ့ကြကာ ဆွေးနွေးပွဲမှရရှိသည့် လူငယ်များဘဝဖွံ့ဖြိုးရေး လိုအပ်သည့်အချက်များကို ထုတ်ပြန်ပြီး ဒေသတွင်း အဖွဲ့အစည်းများနှင့် တာဝန်ရှိသူများထံသို့ ပေးပို့သွားမည်ဖြစ်ကြောင်း Green Day Youth Network အဖွဲ့မှ သိရသည်။

**သက်ဦး(သထုံ)**

# ပုပ္ပားရယ်သာ... လာချင်ပါရဲ့လေး

**သိပ္ပံစာရေးဆရာကိုကိုအောင်**

ကမ္ဘာပေါ်ရှိ အရပ်ဒေသအသီးသီးတို့အနက် အပူပိုင်းဇုန်အတွင်း ကျရောက်နေသော ဒေသများသည် မိုးရွာသွန်းမှုနည်းပါးပြီး ခြောက်သွေ့သည့် သွင်ပြင်အနေအထားမျိုး ရှိကြသည်။ အထူးသဖြင့် ထိုဒေသများသည် နွေရာသီကာလများတွင် ပူပြင်းခြောက်သွေ့ပြီး ကောက်ပဲသီးနှံများစိုက်ပျိုးရာ၌လည်း ကောင်းစွာဖြစ်ထွန်းမှုမရှိလှပေ။ အာရပ်လူမျိုးအများစု နေထိုင်ကြသော အရှေ့အလယ်ပိုင်းဒေသသည်လည်း ပူပြင်းခြောက်သွေ့လွန်းသဖြင့် ထိုဒေသများ၌ သဲကန္တာရလွင်ပြင်များကို အများအပြားတွေ့ရှိနိုင်သည်။

ထိုသို့သော သဲကန္တာရလွင်ပြင်များတွင် အပင်များ ပေါက်ရောက်နိုင်ခြင်းမရှိသည့်အတွက် သဲကန္တာရလွင်ပြင်များကို ဖြတ်သန်း ခရီးနှင်ကြသူတို့အနေဖြင့် နားခိုစရာ အရိပ်အာဝါသများကို မတွေ့ရှိနိုင်သလို...သောက်စရာ ရေတွင်းရေကန်များကိုလည်း လွယ်လင့်တကူ မြင်တွေ့ခွင့်ရရှိနိုင်မည် မဟုတ်ပေ။ သို့ရာတွင် သဲကန္တာရ လွင်ပြင်ကျယ်ကြီးများအတွင်း၌ စွန်ပလွံပင်များနှင့် အပူပိုင်းဒေသ ပေါက်ပင်တို့ဖြင့် စိမ်းလန်းနေသော အိုအေစစ်(Oasis)များ အများအပြား တည်ရှိနေကြသည်။ အိုအေစစ်ဒေသတွင် ကြည်လင်သန့်ရှင်းသော သောက်သုံးရေများကိုလည်း လွယ်လင့်တကူ တူးဖော်ရရှိနိုင်ကြသည်။

မျက်မှောက်ကာလ၏ သဲကန္တာရ လွင်ပြင်ကျယ်ကြီးများသည် တစ်ချိန်က မိုးရွာသွန်းမှု အများအပြားရှိခဲ့သော ဒေသများဖြစ်ခဲ့သည်။ သာဓကအားဖြင့် သဲကန္တာရလွင်ပြင် အများအပြားတည်ရှိနေသော လစ်ဗျားနိုင်ငံသည် လွန်ခဲ့သည့် နှစ်ပေါင်းသောင်းနှင့်ချီသည့် ကာလများက မိုးဖြိုင်ဖြိုင်ရွာသွန်းခဲ့သော ဒေသဖြစ်ခဲ့သည်ကို ခိုင်လုံသော အထောက်အထားများအရ သိရှိရသည်။ အဘယ်ကြောင့်ဆိုသော် လစ်ဗျားနိုင်ငံ သဲကန္တာရလွင်ပြင်များ၏အောက်တွင် အကျယ်အဝန်းအားဖြင့် စတုရန်းမိုင်ရှစ်သိန်းခန့်ရှိသော ရေမရေသိုက်ကြီးတစ်ခု ရှိနေသည်ကို သိပ္ပံသုတေသီတို့က ရှာဖွေဖော်ထုတ်နိုင်ခဲ့သောကြောင့်ပင် ဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်း ၄၀၀၀၀ ကျော်က အဆိုပါဒေသတွင် မိုးကောင်းစွာရွာသွန်းခဲ့ပါလျက် သစ်ပင်သစ်တောများကို ထိန်းသိမ်းစောင့်ရှောက်မှုမရှိခဲ့ကြခြင်းနှင့် သဘာဝပတ်ဝန်းကျင်၏ ဂေဟစနစ်ကို ပျက်စီးစေခဲ့သောကြောင့် ယနေ့မျက်မှောက်ကာလတွင် လစ်ဗျားနိုင်ငံသည် သဲကန္တာရလွင်ပြင်များဖြင့် ပြည့်နှက်နေသော ဒေသတစ်ခုအဖြစ် တည်ရှိနေရခြင်းဖြစ်သည်။ ထို့ကြောင့်ပင် လစ်ဗျားသဲကန္တာရလွင်ပြင် ဒေသများအနက် မြေအောက်ရေချိုသိုက်ကြီးနှင့် အလွန်နီးကပ်သော သဲကန္တာရ မြေနိမ့်ချိုင့်ဝှမ်းများ၌ စိမ်းလန်းစိုပြည်နေသော အိုအေစစ်များကို တွေ့မြင်နေကြရခြင်းဖြစ်သည်။


မြန်မာနိုင်ငံ၏ မိုးခေါင်ရေရှားရပ်ဝန်းထဲ၌လည်း အမြဲစိမ်းလန်းနေသော နေရာတစ်ခုရှိနေသည်။ ထိုနေရာသည်ကား ပုပ္ပားဒေသပင်ဖြစ်သည်။ ပူပြင်းခြောက်သွေ့သော ပတ်ဝန်းကျင်ဒေသများ၏ အလယ်တွင် သစ်ပင်ပန်းမန်၊ စိမ့်ရေစမ်းရေတို့ဖြင့် ထူးခြားစွာ စိမ်းလန်းစိုပြည်နေသော ပုပ္ပားဒေသသည် သမိုင်းမတင်မီခေတ်ကတည်းက ကျောက်ခေတ်လူသားများ အခြေချနေထိုင်သွားခဲ့သည့် နေရာတစ်ခု ဖြစ်သည်။ သေသပ်စွာပြုလုပ်ထားသော ကျောက်ခေတ်လက်ရာ အသုံးအဆောင်ပစ္စည်းပေါင်းများစွာတို့ကို တူးဖော်ရှာဖွေ တွေ့ရှိခဲ့ခြင်းများက ပုပ္ပားဒေသသည် တစ်ချိန်က ကျောက်ခေတ်လူသားတို့ အခြေချ နေထိုင်သွားခဲ့သည့် ဒေသတစ်ခုဖြစ်ကြောင်း ခိုင်လုံသော အထောက်အထားများပင် ဖြစ်ကြသည်။

မြန်မာနိုင်ငံအလယ်ပိုင်းတွင် တည်ရှိသော ပုပ္ပားတောင်ကြီးသည် မြန်မာနိုင်ငံတစ်ဝန်းလုံး၌သာမက ကမ္ဘာပေါ်၌ပါ အလွန်ထင်ရှားသော တောင်ကြီးတစ်လုံးဖြစ်သည်။ မြန်မာ့သမိုင်းတွင် အထင်ကရရှိနေခဲ့သော၊ ယနေ့ထိတိုင်လည်း အထင်ကရရှိနေဆဲပင်ဖြစ်သော ပုပ္ပားတောင်ကြီးသည် ရှေးမြန်မာတို့၏ လက်ထက်မှစ၍ ယနေ့ထိတိုင် ရိုးရာယုံကြည်မှုများနှင့် ဆက်စပ်ပတ်သက်နေသော အထင်ကရ နေရာတစ်ခုလည်း ဖြစ်သည်။

တောင်ထိပ်ပေါင်းများစွာဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသော ပုပ္ပားတောင်ကြီး၏ အမြင့်ဆုံးသောနေရာသည် ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း ၄၉၈၀ ခန့်၌ တည်ရှိနေပြီး အနိမ့်ဆုံးသော တောင်ထိပ်ကမူ ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း ၉၈၀ ၌ တည်ရှိနေသည်။ ပုပ္ပားတောင်ခြေ ဧရိယာသည် ၂၅ စတုရန်းမိုင်ကျယ်ဝန်းပြီး တောင်ကုန်းတောင်တန်း၊ တောင်ပူစာနှင့် တောင်ထွတ်များဖြင့် ပြည့်နှက်နေသော သဘာဝပတ်ဝန်းကျင်ကြီးတစ်ခု ဖြစ်သည်။

မြန်မာတို့ကသာမက နိုင်ငံရပ်ခြားမှ ခရီးသွားဧည့်သည်တို့ကပါ စိတ်ဝင်တစားသွားရောက်လျက်ရှိနေကြသော ပုပ္ပားတောင်ကလပ်ကြီးကမူ ပင်မပုပ္ပားတောင်ကြီး၏ အနောက်ဆွယ်အဖြစ် ထိုးထွက်နေသော တောင်ကလပ်တစ်ခုဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင်အထက် ၂၄၁၇ ပေ မြင့်မားသော ပုပ္ပားတောင်ကလပ်သည် အခြားသော တောင်တန်းတောင်ပူစာ တောင်ထွတ်များနှင့်မဆက်စပ်ဘဲ သီးခြားတည်ရှိနေခြင်းဖြစ်ရာ ယင်းကဲ့သို့ တည်ရှိနေပုံကပင် ဆွဲဆောင်မှုတစ်ရပ် ဖြစ်လျက်ရှိနေသည်။

ပုပ္ပားတောင်မကြီးတွင် ပါဝင်ဖွဲ့စည်းနေသော မုန့်ပြတောင်နှင့် ငုက်မနားတောင်တို့မှာ အမြင့်ဆုံး တောင်ထွတ်များဖြစ်ကြပြီး ယင်းတောင်ထွတ်ကြီးနှစ်ခု၏ အရှေ့မြောက်ဘက်တွင် ပုပ္ပားတောင်မကြီးက တည်ရှိနေသည်။ သို့ရာတွင် ပုပ္ပားတောင်ကို မြောက်အရပ်မှ ကြည့်ပါက ထူးထူးခြားခြား ချွန်ထွက်နေသည့် တောင်ထွတ်တစ်ခုကိုသာ မြင်တွေ့ကြရမည်ဖြစ်သည်။


ဓာတ်ပုံ- ဝီကီပီးဒီးယား

အတိတ်ကာလက မီးတောင်ကြီးဖြစ်ခဲ့သော ပုပ္ပားတောင်သည် မျက်မှောက်ကာလ၌မူ လုံးဝပေါက်ကွဲနိုင်ခြင်းမရှိတော့သည့် မီးတောင်ဟောင်းကြီးတစ်ခုအဖြစ်သာ တည်ရှိနေတော့သည်။ သိပ္ပံ သုတေသီတို့၏ စူးစမ်းရှာဖွေ သုတေသနပြုချက်များအရ လွန်ခဲ့သည့်နှစ်ပေါင်း ၁၅ သန်းဝန်းကျင်က ပုပ္ပားတောင်ကြီးသည် အကြိမ်ပေါင်းများစွာ ပေါက်ကွဲပွင့်အန်ခဲ့သော မီးတောင်ကြီးတစ်ခုဖြစ်ခဲ့ကြောင်း သိရှိရသည်။

ထိုစဉ်ကာလများက ပုပ္ပားတောင်ကြီးသည် အကြိမ်ပေါင်းများစွာ ပေါက်ကွဲမှုများဖြစ်ပေါ်ခဲ့ပြီး ချော်ရည်ချော်မြုပ်၊ မီးခိုးနှင့်ပြာမှုန်များကို မှုတ်ထုတ်ခဲ့သည်။ တစ်နည်းဆိုရသော် ပုပ္ပားတောင်ကြီးသည် တစ်ချိန်က မီးတောင်ရှင်(Active Volcano) တစ်ခု ဖြစ်ခဲ့သည်။ ရှေးနှစ်သန်းပေါင်း ၅၀ ခန့်က မြောက်မှ တောင်သို့ ဖြောင့်တန်းစွာစီးဆင်းကာ မုတ္တမပင်လယ်ကွေ့ထဲသို့ စီးဝင်ခဲ့သော ဧရာဝတီမြစ်ကြီးသည်ပင်လျှင် လွန်ခဲ့သောနှစ်ပေါင်း ၁၀ သန်းကျော်က ပုပ္ပားမီးတောင်ကြီး ပေါက်ကွဲမှုကြောင့် မြေလွှာများ မြင့်တက်ကာ အနောက်ဘက်သို့ကွေ့၍ ပြောင်းလဲစီးဆင်းသွားခဲ့ပြီး ထိုမှတစ်ဖန် တောင်အရပ်သို့ကွေ့၍ စီးဆင်းပြီး ဘင်္ဂလားပင်လယ်အော်ထဲသို့ စီးဝင်ခဲ့ရသည်။ ပုပ္ပားမီးတောင်ကြီး ပေါက်ကွဲမှုကြောင့် မြေလွှာမြင့်တက်လာခဲ့သော ဖြစ်စဉ်၏ အကျိုးဆက်အဖြစ် မူလဧရာဝတီမြစ်၏ အောက်ပိုင်းမှာ ပြတ်တောက်ကျန်ရစ်ခဲ့ပြီး မျက်မှောက်ကာလတွင် စစ်တောင်းမြစ်အဖြစ် မုတ္တမပင်လယ်ကွေ့ထဲသို့ စီးဆင်းဝင်ရောက်လျက်ရှိနေသည်။

သို့ရာတွင် လွန်ခဲ့သော နှစ်ပေါင်းတစ်သန်းခန့်က ပုပ္ပားမီးတောင်ကြီးသည် နှစ်ကာလကြာရှည်စွာ ငြိမ်သက်နေခဲ့သော မီးတောင်ငြိမ်(Dormant Volcano) အဖြစ်သို့ ရောက်ရှိခဲ့သည်။ ထိုစဉ်က ပုပ္ပားမီးတောင်ကြီးသည် ပေါက်ကွဲမှုမရှိဘဲ ငြိမ်သက်နေခဲ့သည့်တိုင် လုံးဝပေါက်ကွဲနိုင်ခြင်း မရှိတော့သော အခြေအနေမျိုးထိ ရောက်ရှိမလာခဲ့သေးပေ။

အဘယ်ကြောင့်ဆိုသော် ထိုစဉ်ကာလက ပုပ္ပားမီးတောင်ကြီး၏အတွင်း၌ ချော်ရည်ပူအစုအဝေးမှာ အများအပြား ရှိနေဆဲပင်ဖြစ်ပြီး ထိုချော်ရည်ပူများ၏ ဘေးနှင့်အပေါ်ဘက်ရှိ ပိုင်ရိုကလပ်စတစ် (Pyroclastic) သတ္တုမျက်နှာပြင်ကြီးများက ထုထည်ပမာဏများပြားစွာ တည်ရှိနေသေးသောကြောင့် ဖြစ်သည်။ မီးတောင်တစ်လုံး ပေါက်ကွဲမှုဖြစ်ရန်မှာ ချော်ရည်ပူမျက်နှာပြင်၏ အထက်နှင့်ဘေးပတ်လည် နံရံများမှ ပိုင်ရိုကလပ်စတစ် သတ္တုမျက်နှာပြင်ကြီးက ချော်ရည်ပူများအတွင်းသို့ ကွာကျလာရန် လိုအပ်သည်။

အဆိုပါ သဘောတရားကြောင့်ပင် ထိုစဉ်ကာလက ပုပ္ပားမီးတောင်ကြီးသည် ပေါက်ကွဲနိုင်ခြေ ရှိနေသေးသောကြောင့် မီးတောင်သေတစ်ခုအဖြစ်သို့ ရောက်ရှိမလာသေးဘဲ မီးတောင်ငြိမ်အဖြစ်ဖြင့်သာ နှစ်ကာလကြာရှည်စွာ တည်ရှိနေခဲ့ခြင်း ဖြစ်သည်။ သို့ရာတွင် လွန်ခဲ့သောနှစ်ပေါင်း ၇၀၀၀ ခန့်မှစ၍ ပုပ္ပားမီးတောင်ကြီး၏ အတွင်းပိုင်းတွင် ချော်ရည်ပူပမာဏမှာ သိသာစွာ လျော့နည်းသွားခဲ့သလို... ချော်ရည်ပူမျက်နှာပြင်၏ အပေါ်နှင့်ဘေးပတ်လည်ရှိ ပိုင်ရိုကလပ်စတစ် သတ္တုကျောက်စိုင်ကြီးများကလည်း ကွာကျလာနိုင်သည့်အခြေအနေ မရှိနိုင်တော့သည့်အတွက် ထိုစဉ်ကာလမှစ၍ ပုပ္ပားမီးတောင်ကြီးသည် မီးတောင်သေ(Extinct Volcano) တစ်ခုအဖြစ်သို့ ပြောင်းလဲရောက်ရှိသွားခဲ့သည်။

ပုပ္ပားမီးတောင်သေကြီးသည် မြန်မာနိုင်ငံ၏ မိုးခေါင်ရေရှားဒေသအတွင်း၌ တည်ရှိနေသည့်တိုင် သစ်ပင်သစ်တောများဖြင့် အမြဲစိမ်းလန်း စိုပြည်လျက်ရှိနေသော သဘာဝပတ်ဝန်းကျင်ကြီးတစ်ခု ဖြစ်သည်။ နှစ်စဉ်ပျမ်းမျှအားဖြင့် မိုးရေချိန် ၄၅ လက်မအထိ ရရှိနေသော ပုပ္ပားဒေသသည် မျှတသောရာသီဥတု ရှိနေသောကြောင့် အနီးပတ်ဝန်းကျင်ဒေသများကဲ့သို့ ပူပြင်းခြောက်သွေ့မှုမရှိပေ။

၁၉၈၃ ခုနှစ်က ပုပ္ပားဒေသတစ်ဝိုက်ကို ပုပ္ပားတောင်ဥယျာဉ်ကြီးအဖြစ် စတင်အကောင်အထည်ဖော်ခဲ့ရာမှ ၁၉၉၃ ခုနှစ်သို့အရောက်တွင် သဘာဝကိုအခြေခံသည့် ခရီးသွားဒေသအဖြစ် တိုးမြှင့်လုပ်ဆောင်ခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် အင်္ဂလိပ်လက်အောက်သို့ ကျရောက်ခဲ့သည့် ကိုလိုနီခေတ် ကာလကတည်းကပင် ပုပ္ပားဒေသကို ဘေးမဲ့တောအဖြစ် သတ်မှတ်ထားခဲ့သည်။

အကျယ်အဝန်းအားဖြင့် ၄၉ စတုရန်းမိုင်ကျော်ကျော်ရှိသော ပုပ္ပားတောင်ဒေသတွင် ဇီဝမျိုးစုံမျိုးကွဲ အများအပြားကို တွေ့ရှိနိုင်သည်။ သဘာဝတောတောင်များကို အမှီသဟဲပြု၍ တိရစ္ဆာန်အမျိုးပေါင်း ၁၃၀ ကျော်တို့ ရှင်သန်နေထိုင်လျက်ရှိနေကြသလို...အဆိုပါဒေသတွင် လိပ်ပြာအမျိုးပေါင်း ၁၀၀ ကျော်မျှ ရှိနေသည်ကိုလည်း ဇီဝဗေဒပညာရှင်တို့က စူးစမ်းရှာဖွေ တွေ့ရှိခဲ့ကြသည်။

မြန်မာနိုင်ငံ၏ မိုးခေါင်ရေရှားရပ်ဝန်းအတွင်း၌ ထူးထူးခြားခြားဖြင့် စိမ်းလန်းစိုပြည်စွာတည်ရှိနေသော ပုပ္ပားနယ်မြေတွင် အပူပိုင်းဒေသ၏ ဂေဟစနစ်ကို ကာကွယ်စောင့်ရှောက်ရန်အတွက် လုပ်ဆောင်လျက်ရှိနေသည့် ပုပ္ပားတောင်ဥယျာဉ်စီမံကိန်းမှာ ပုပ္ပားဒေသကို ရေဝေရေလဲဒေသတစ်ခုအဖြစ် ထာဝစဉ် တည်တံ့အောင် ထိန်းသိမ်းပေးနေခြင်းပင် ဖြစ်သည်။ သဘာဝအလျောက် ပေါက်ရောက်လျက်ရှိနေကြသော အစွမ်းအာနိသင်ထက်မြက်သည့် ပရဆေးပင်များကိုလည်း မျိုးသုဉ်းပျောက်ကွယ်မသွားအောင် ထိန်းသိမ်းပေးနေသလို...သဘာဝအလျောက် စိမ့်ထွက်နေသည့် စိမ့်ရေစမ်းရေများကိုလည်း အနီးပတ်ဝန်းကျင်ရှိ ဒေသခံတို့ထံသို့ သောက်သုံးရေများအဖြစ် စနစ်တကျ ဝေငှပေးလျက်ရှိသည်။ ဤသည်တို့မှာကား ...ပုပ္ပားတောင်ဥယျာဉ်စီမံကိန်း ရည်ရွယ်ချက်များ၏ အနှစ်သာရများပင်ဖြစ်ကြသည်။

မြန်မာနိုင်ငံ၏ အပူပိုင်းဒေသအတွင်း၌ စိမ်းလန်းစိုပြည်စွာဖြင့် တည်ရှိသော ပုပ္ပားဒေသ၏ သာယာပုံကို တင်စားကာ ရေးဖွဲ့သီကုံးထားသည့် ဂန္တဝင်တေးသီချင်းအချို့၌ပင် ပုပ္ပားရယ်သာ ... လာချင်ပါရဲ့လေး ဟူ၍ တခမ်းတနား ဖော်ပြစပ်ဆိုထားခဲ့သည်ကို ထောက်ရှုခြင်းအားဖြင့်လည်း ပုပ္ပားဒေသ၏ အဖိုးအနဂ္ဃထိုက်တန်မှုကို ခန့်မှန်းနိုင်ကြမည်ဖြစ်သည်။

ထို့ကြောင့်ပင် မြန်မာနိုင်ငံ၏ ဂေဟစနစ်ကောင်းမွန်သော အပူပိုင်းဒေသ သဘာဝပတ်ဝန်းကျင်ကြီးလည်းဖြစ်၊ မိုးခေါင်ရေရှားရပ်ဝန်း၏ အိုအေစစ်ဟုလည်း တင်စားရမည်ဖြစ်သော ပုပ္ပားဒေသတစ်ဝိုက်တွင် သစ်ပင်သစ်တောများကို ဖျက်ဆီးခြင်း၊ သစ်ခုတ်ခြင်းနှင့် စီးပွားဖြစ်သစ်ထုတ်လုပ်ခြင်း၊ သဘာဝအနေအထားကို အကြောင်းတစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း၊ ဂေဟစနစ်ကို ပျက်ယွင်းစေခြင်း၊ လူတို့ဖန်တီးသည့် ရုပ်ဝတ္ထုများဖြင့် အစားထိုးခြင်းစသည်တို့ လုပ်ဆောင်ခြင်းမျိုးကို ရှောင်ကြဉ်ကြခြင်းအားဖြင့် အမြဲစိမ်းလန်းစိုပြည်နေသော ပုပ္ပားတောင်ဒေသကို မြန်မာနိုင်ငံသား အားလုံးတို့က ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်သာ ဖြစ်ပေသည်။ ။

**၁၉၈၃ ခုနှစ်က ပုပ္ပားဒေသတစ်ဝိုက်ကို ပုပ္ပားတောင်ဥယျာဉ်ကြီးအဖြစ် စတင်အကောင်အထည်ဖော်ခဲ့ရာမှ ၁၉၉၃ ခုနှစ်သို့ အရောက်တွင် သဘာဝကိုအခြေခံသည့် ခရီးသွားဒေသအဖြစ် တိုးမြှင့်လုပ်ဆောင်ခဲ့သည်။ အကျယ်အဝန်းအားဖြင့် ၄၉ စတုရန်းမိုင်ကျော်ကျော်ရှိသော ပုပ္ပားတောင်ဒေသတွင် ဇီဝမျိုးစုံမျိုးကွဲ အများအပြားကို တွေ့ရှိနိုင်သည်။ သဘာဝတောတောင်များကို အမှီသဟဲပြု၍ တိရစ္ဆာန်အမျိုးပေါင်း ၁၃၀ ကျော်တို့ ရှင်သန်နေထိုင်လျက်ရှိနေကြသလို...အဆိုပါဒေသတွင် လိပ်ပြာအမျိုးပေါင်း ၁၀၀ ကျော်မျှ ရှိနေသည်ကိုလည်း ဇီဝဗေဒပညာရှင်တို့က စူးစမ်းရှာဖွေ တွေ့ရှိခဲ့ကြသည်။**

# မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ရုံးခွဲ တာချီလိတ်၌ ဖွင့်လှစ်

**တာချီလိတ် စက်တင်ဘာ ၂၇**

မြန်မာနိုင်ငံသားများ တစ်ဖက်နိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်ရာတွင် သွားရေးလာရေး အဆင်ပြေစေရန်၊ အချိန်ကုန်သက်သာစေရန်၊ သက်သာသည့်ဈေးနှုန်းဖြင့် ပြုလုပ်နိုင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ရုံးခွဲများကို မြန်မာ-ထိုင်း နယ်စပ်မြို့သုံးမြို့၌ စက်တင်ဘာ ၂၅ ရက်က တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့ပြီး ထိုရုံးသုံးခုမှ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ရုံးခွဲကို ဆန်ဆိုင်း(ခ)ရပ်ကွက်၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲတွင် တာဝန်ခံအရာရှိ ဒုရဲမှူးကြီးအေးနိုင်က မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ရုံးခွဲများကို ရနောင်းမြို့နှင့်နီးစပ်သည့် ကော့သောင်း၊ မဲဆောက်မြို့နှင့်နီးစပ်သည့် မြဝတီမြို့ ချင်းမိုင်၊ ချင်းရိုင်းနှင့် မယ်ဆိုင်မြို့များနှင့် နီးစပ်သည့် တာချီလိတ်မြို့တို့တွင် စက်တင်ဘာ ၂၅ ရက် နံနက် ၉ နာရီက တစ်ရက်တည်း၊ တစ်ချိန်တည်း ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ဖွင့်လှစ်သည့်နယ်စပ်ရုံးများတွင် နိုင်ငံကူးလက်မှတ်ကို နှစ်မျိုးလုပ်ပေးမည်ဖြစ်ကြောင်း၊ ပထမတစ်ခုသည် Passport for Job ဆိုသည့် တစ်ဖက်နိုင်ငံတွင် အလုပ်လုပ်ကိုင်ရန် ထုတ်ပေးသည့် နိုင်ငံကူးလက်မှတ်ဖြစ်ကြောင်း၊ နောက်တစ်ခုမှာ Passport for Visit ဆိုသည့် အလည်အပတ်သွားရောက်ရန်အတွက် ထုတ်ပေးသည့် နိုင်ငံကူးလက်မှတ်ဖြစ်ကြောင်း၊ အလည်အပတ်ထုတ်ပေးသည့် နိုင်ငံကူးလက်မှတ်များကို တစ်ဖက်နိုင်ငံသို့ ပညာရေးအတွက် ကျောင်းတက်သွားမည့်သူများ၊ ဘာသာရေးကိစ္စ သွားမည့်သူများ၊ မှီခိုသူအနေဖြင့် သွားရောက်မည့်သူများအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။




အဆိုပါရုံးခွဲများ၌ နိုင်ငံကူးလက်မှတ် လျှောက်ထားသူ ဦးရေနှင့် ဝန်ထမ်းအင်အား မမျှတမှု၊ ရုံးခန်းကျဉ်းမြောင်းမှုမရှိစေရန် ဆောင်ရွက်မည်ဖြစ်သလို ပွဲစားများကြားဝင်ရောက်မှုမရှိစေရေးအတွက်လည်း အလှည့်ကျစနစ်ဖြင့် တန်းစီစောင့်ဆိုင်းခြင်းဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ သတ်မှတ်ထားသည့်နှုန်းထားနှင့် အချိန်ကာလအတွင်း သတ်မှတ်ချက်များနှင့် ကိုက်ညီသူများအား နိုင်ငံကူးလက်မှတ်ရအောင် ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံကူးလက်မှတ် လျှောက်ထားရာတွင် ဌာနဝန်ထမ်းများ၊ အရပ်သားများ၊ ရဟန်းသံဃာများအား ထုတ်ပေးမည်ဖြစ်ပြီး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ အထောက်အထား စာရွက်စာတမ်းများဖြင့် ထုတ်ပေးမည်ဖြစ်ကြောင်း၊ အဆိုပါ မြန်မာနိုင်ငံကူးလက်မှတ် လျှောက်ထားသူများသည် မြန်မာ့စီးပွားရေးဘဏ်တွင် သွင်းရမည့်စာအုပ်ဖိုး၊ အွန်လိုင်းဝန်ဆောင်ခ၊ ဓာတ်ပုံဖိုး၊ ဆေးဖိုး၊ မင်ဖိုးနှင့် ပြုပြင်ထိန်းသိမ်းခ၊ လျှောက်လွှာပုံစံဖိုး၊ စက်ပစ္စည်းနှင့် ဝန်ဆောင်ခအဖြစ် စုစုပေါင်း ၂၅၀၀၀ ကျပ်သာ ကုန်ကျမည်ဖြစ်ကာ လိုအပ်သော အထောက်အထား စာရွက်စာတမ်းများ ပြည့်စုံပါက လာလုပ်သည့်နေ့မှ ၁၀ ရက်အတွင်း ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

# နိုင်ငံခြားသား ဝင် ထွက်မှုဆိုင်ရာများ အသိပညာပေးဆွေးနွေး

**မကွေး စက်တင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ကြီးမှူး၍ မြို့နယ်အတွင်းမှ လုပ်ငန်းရှင်များနှင့် ပြည်သူများ သိရှိထားသင့်သော နိုင်ငံခြားသား ဝင် ထွက်မှုဆိုင်ရာများနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးပွဲကို မကွေးမြို့နယ် စုပေါင်းရုံးခန်းမ၌ စက်တင်ဘာ ၂၄ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မကွေးတိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးနေမျိုးကျော်က အမျိုးသားလုံခြုံရေးနှင့် လူ့အခွင့်အရေး ရှုထောင့်နှစ်ခုကို အချိုးညီစွာ ဆောင်ရွက်ကြရန်နှင့် လိုက်နာရမည့် စည်းကမ်းများအပေါ် လေးလေးစားစား လိုက်နာဆောင်ရွက်ကြရန်၊ လုပ်ငန်းရှင်များအနေဖြင့် လုံခြုံရေး၊ အုပ်ချုပ်ရေးတို့ကို လဝကဝန်ထမ်းများနှင့်အတူ ပူးပေါင်းကြိုးပမ်းပေးကြရန် အမှာစကားပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးအောင်ကျော်မြင့်က နိုင်ငံခြားသား ဝင် ထွက်မှုဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရှင်းလင်းသည်။

ဆွေးနွေးပွဲသို့ မကွေးမြို့ပေါ်ရှိ ဟိုတယ်၊ မိုတယ် လုပ်ငန်းရှင်များနှင့် တည်းခိုခန်းပိုင်ရှင်များ၊ နိုင်ငံခြားသားများ ဝင်ရောက်မှုရှိသော စက်ရုံ၊ အလုပ်ရုံများနှင့် ကုမ္ပဏီများမှ ပိုင်ရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ အလားတူ ဆွေးနွေးပွဲကို မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်၌လည်း လာမည့်တစ်ပတ်အတွင်း ဆက်လက်ကျင်းပသွားရန် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

**သန်းနိုင်ဦး(ဇဖဲ)**



# ဓမ္မရံကြီးဘုရားတွင် ကျောင်းသား ကျောင်းသူများ လာရောက်လေ့လာလျက်ရှိ

**ညောင်ဦး စက်တင်ဘာ ၂၇**

မြန်မာတို့၏ ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာ ညောင်ဦးမြို့နယ် ပုဂံမြို့ဟောင်းရှိ စေတီ၊ပုထိုးများသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ တက္ကသိုလ်ကျောင်းသားများ လာရောက်လေ့လာလျက်ရှိရာ ထုမှာ ဓမ္မရံဟုဆိုသည်နှင့်အညီ ထုထည်ကြီးမားစွာ ရှေးလက်ရာများဖြင့်တည်ဆောက်ထားသော ဓမ္မရံကြီးဘုရား၌ပြည်တွင်းပြည်ပ လေ့လာသူများနှင့်အတူ ကျောင်းသား ကျောင်းသူများဖြင့် စည်ကားလျက်ရှိသည်ကို စက်တင်ဘာ ၁၉ ရက်က တွေ့ရသည်။

"စက်တင်ဘာ ၁၈ ရက်ကနေ ၂၂ ရက်အထိ ကျောင်းသားတွေ လာရောက်လေ့လာတာပါ။ ချောက်ကစက်ရုံတွေကို ဝင်လေ့လာပြီး ပုဂံကို ဝင်ရောက်လေ့လာတာပါ။ ကျောင်းသား ၁၆၀ ပါပါတယ်။ အုတ်ချပ်ကြားကို အပ်ထိုးလို့မရအောင် တည်ဆောက်ထားတဲ့ဓမ္မရံကြီးကိုတော့ ကျွန်တော်တို့ကျောင်းသားတွေ အံ့သြဂုဏ်ယူရပါတယ်။ အုတ်စီသွားတဲ့အခါမှာ အကွေးအညွှတ်တွေကို သံချောင်းပမာစီပြီး တည်ဆောက်သွားပါတယ်။ ယနေ့နည်းပညာခေတ်မှာ လိုက်မမီတဲ့ ရှေးဗိသုကာပညာရှင်တွေရဲ့ လေးစားဖွယ်ပညာရပ်တွေကိုမြင်ရတော့ ကျောင်းသားတွေ ရဲ့ရင်မှာ ဒါဟာ မြန်မာတို့ရဲ့ယဉ်ကျေးမှုပါလား ဆိုပြီး ပျက်စီးခဲ့တဲ့ ရှေးဟောင်းအမွေအနှစ်တွေကိုလည်း နှမြောမိပါတယ်"ဟု ဟသ်ာတတက္ကသိုလ်မှ နောက်ဆုံးနှစ် Civil ကျောင်းသားတစ်ဦးက ပြောသည်။



စက်တင်ဘာလ တတိယပတ်အတွင်းက ပုဂံ၊ ညောင်ဦး၌ မိုးမပြတ်သည့်အတွက် ပုဂံယဉ်ကျေးမှုနယ်မြေအတွင်း သွားလာရေး အနည်းငယ်ခက်ခဲသော်လည်း ပြည်တွင်း ပြည်ပခရီးသွားများ ဝင်ရောက်မှုများလျက်ရှိပြီး ဓမ္မရံကြီးဘုရား၏ ထုထည်ကြီးမားစွာ တည်ဆောက်ထားမှုကို လေ့လာသူများနှင့် ရွှေဆံတော်စေတီတွင် ညနေဆည်းဆာအလှကို ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိသည်။

ပုဂံဘုရားများသို့ တောင်ကြီးမှ တက္ကသိုလ်ကျောင်းသားများလည်း လာရောက်လေ့လာလျက်ရှိပြီး အာနန္ဒာ၊ သဗ္ဗညုနှင့် ဓမ္မရံကြီးတွင် အများဆုံးလေ့လာကြကြောင်း၊ ထုထည်ကြီးမားစွာဖြင့် တည်ဆောက်ထားသော ဓမ္မရံကြီးအတွင်းရှိ နံရံများတွင် ရေးဆွဲထားသော ရှေးဟောင်းလောင်းလေှနှင့်လူပုံများ၊ သက်တမ်းကြာမြင့်သည့်တိုင် ယနေ့တိုင်တည်ရှိနေသော ရုပ်တုများနှင့် ပန်းချီလက်ရာများကိုလည်း ဧည့်လမ်းညွှန်က ကျောင်းသား ကျောင်းသူများကို ရှင်းလင်းပြောကြားရာ စိတ်ပါဝင်စားစွာဖြင့် ရှေးမြန်မာတို့၏ လက်မှုပညာများကို လေ့လာမှတ်သားကြကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)၊ ဓာတ်ပုံ-သန်းစိုး**

# ဘားအံပြည်သူ့ဆေးရုံကြီးတွင် အရေးပေါ်သွေးအသုံးပြုနိုင်ရန် စုပေါင်းသွေးလှူဒါန်း

**ဘားအံ စက်တင်ဘာ ၂၇**

ကရင်ပြည်နယ် ဘားအံမြို့အမှတ်( ၁ ) ရပ်ကွက်၊ဆေးရုံလမ်း၊ဘားအံပြည်သူ့ဆေးရုံကြီး တိုးချဲ့(၃)ထပ်ဆောင်တွင် စက်တင်ဘာ ၂၆ ရက် နံနက် ၉ နာရီက (၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှ အရာရှိ၊ အခြားအဆင့် ရဲတပ်ဖွဲ့ဝင် ၇၈ ဦးတို့မှ စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

သွေးလှူသည့် ရဲတပ်ဖွဲ့ဝင်များကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ လူမှုရေးဝန်ကြီး ဒေါက်တာ တင်ဝင်းကျော်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်၊ ပြည်နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာ ထွန်းမင်း၊ ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကြည်လင်း၊ ဦးစီးပထမတန်း( ဦး/ရေး/ ထောက်) ဒုတိယရဲမှူးကြီး ကံဝင်း၊ ပြည်နယ်ဆေးရုံအုပ်ကြီး ဒေါက်တာ ကျော်မြင့်နှင့် အထူးကုဆရာဝန်ကြီးများ၊ လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာမများ၊ ပြည်နယ်ရဲတပ်ဖွဲ့မှ အရာရှိအခြားအဆင့် တပ်ဖွဲ့ဝင်များ၊ အမှတ်(၁၀)မှူခင်းတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များ၊ အမှတ်(၈)လူကုန်တား ရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များ၊ အမှတ်(၃၁) မူးယစ်တပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များ၊ အမှတ်(၇၀) ယာဉ်ထိန်းတပ်ဖွဲ့စုမှတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ စုစုပေါင်း ၁၂၀ ခန့်မှ တက်ရောက်အားပေးခဲ့ပြီး တာဝန်ရှိသူများက အာဟာရဖြည့် အစားအသောက်များ၊ ဆေးဝါး များ ထောက်ပံ့ပေးခဲ့သည်။

(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ဂုဏ်ပြုသောအားဖြင့် ပြည်နယ်ရဲတပ်ဖွဲ့မှ အရာရှိ၊ အခြားအဆင့် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းပွဲတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ လူမှုရေးဝန်ကြီးဒေါက်တာ တင်ဝင်းကျော်တို့က တက်ရောက်အမှာစကားပြောကြားခဲ့ပြီး ရဲမှူးကြီးကြည်လင်းက(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် သွေးလှူဒါန်းရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားကာ ပြည်သူ့ဆေးရုံကြီးသွေးလှူဘဏ်တာဝန်ခံ ဒေါက်တာ ဘုန်းမိုးဝင်းက သွေးလှူဒါန်းရခြင်းအကျိုးကျေးဇူး အသိပညာပေးပြောကြား၍ ဘားအံပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာကျော်မြင့်က ရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် သွေးလှူဒါန်းခြင်းအပေါ် ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ထို့ပြင်ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူးက ကြီးကြပ်၍ စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက ဘားအံပြည်သူ့ဆေးရုံကြီးဝင်း အတွင်း/အပြင်တို့ကို ရဲတပ်ဖွဲ့ဝင်များ၊ စာရေးဝန်ထမ်းများ စုစုပေါင်းအင်အား ၂၃၀ ဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်းလည်း သိရသည်။

**မင်းသူ(ဘားအံ)**

## မှုခင်းသတင်းတိုများ

### တရားမဝင်သယ်လာသော ကျွန်းသစ်ခွဲသားများဖမ်းမိ

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် မကျီးစုကျေးရွာ၌ နေအိမ်ခြံဝင်းအတွင်း ရပ်ထားသည့် မော်တော်ယာဉ်တစ်စင်းပေါ်မှ တရားမဝင်ကျွန်းသစ်ခွဲသားများ စက်တင်ဘာ ၂၅ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ အဆိုပါကျေးရွာမှ မျိုးခိုင်၏ နေအိမ်တွင် တရားမဝင်ကျွန်းသစ်ခွဲသားများပါသော ကားတစ်စီးရောက်ရှိနေကြောင်း သတင်းအရ မြိုင်မြို့နယ် သစ်တောဦးစီးမှူး ဦးဝင်းနိုင်ဦးနှင့် တောအုပ်ဦးကျော်စိုးနိုင်၊ တောခေါင်းဦးဘိုမြင့်ဟိန်း၊ မြိုင်မြို့မရဲစခန်းမှ ဒုရဲအုပ်အောင်မိုးနှင့် ရဲတပ်ဖွဲ့ဝင်များက ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များနှင့်အတူ သွားရောက်စစ်ဆေးရာ အိမ်ရှင် မျိုးခိုင်နှင့် မင်းခိုင်တို့အား အသင့်တွေ့ရှိပြီး ၎င်းတို့နေအိမ်ခြံဝင်းအတွင်းရပ်ထားသည့် စူပါကာ စတန်ယာဉ်ပေါ်မှ တရားမဝင်ကျွန်းသစ်ခွဲသား ၂၅ ချောင်း(အလေးချိန် ၀ ဒသမ ၇၇၃၄ တန်)ကို တွေ့ရှိရသဖြင့် ဖမ်းဆီးအမှုဖွင့်ထားကြောင်း သိရသည်။ **စိန်မြိုင်(မြိုင်)**

### ဆေးခြောက်နှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

တိုက်ကြီးမြို့ ဥပ္ပံ့စုရပ်ကွက်ရှိ နေအိမ်တစ်အိမ်၌ ဆေးခြောက်ဟုယူဆရသော အရွက်ခြောက်မှုန့်များနှင့် WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများကို စက်တင်ဘာ ၂၅ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ မူးယစ်ဆေးဝါးသတင်းအရ ဥပ္ပံ့စုရပ်ကွက် ယုဇနလမ်းနေ မရွှေရည်ဝင်း( ၂၉ နှစ်)၏ နေအိမ်သို့ တိုက်ကြီးမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်အောင်သူစိုးနှင့် အဖွဲ့က သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ နေအိမ်လှေကားအောက်တွင် အနက်ရောင်အိတ်ဖြင့်ထည့်ထားသည့် ဆေးခြောက်ဟုယူဆရသော အရွက်ခြောက်မှုန့်(အလေးချိန် ၂၃၉ ဒသမ ၅ ကီလို)နှင့် WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ ပြားတို့ကို ရှာဖွေဖမ်းဆီးရမိခဲ့၍ မရွှေရည်ဝင်းအား တိုက်ကြီးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ထွန်းလှိုင်(မြိုင်)**

### ဆိုင်ကယ်ကျော်တက်စဉ် ကားအောက်သို့လဲကျ၍ နေရာတွင်ပင်သေဆုံး

ကချင်ပြည်နယ် ဗန်းမော်မြို့၌ ဆိုင်ကယ်က ကားကိုကျော်တက်စဉ် ကားအောက်သို့ လဲကျ၍ ကားနောက်ဘီးဖြင့် ခေါင်းကိုကြိတ်မိပြီး ဆိုင်ကယ်မောင်းသူ သေဆုံးမှု စက်တင်ဘာ ၂၅ ရက် နံနက်က ဖြစ်ပွားခဲ့သည်။ ယာဉ်တိုက်မှုဖြစ်ရာသို့ အမှတ်(၁၀၀) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(ဗန်းမော်)မှ ဒုရဲအုပ်စိုးထက်ဦးနှင့်အဖွဲ့၏ သွားရောက်စစ်ဆေးချက်အရ ဗန်းမော်-မိုးမောက်ကားလမ်းအတိုင်း ယာဉ်မောင်း ကိုဇင်ကိုဦး(၃၇ နှစ်) မောင်းနှင်လာသော ၁၂ ဘီးယာဉ်ကို ကိုနော်ဂျာ မောင်းနှင်သော လိုင်စင်မဲ့ဆိုင်ကယ်က ကျော်တက်စဉ် အရှိန်မထိန်းနိုင်ဘဲ မော်တော်ယာဉ်ဘက်သို့ လဲကျတိမ်းမှောက်ခဲ့ရာမှ ယာဉ်၏နောက်ဘီးဖြင့် ကိုနော်ဂျာအား ကြိတ်မိ၍ အခင်းဖြစ်နေရာတွင်ပင် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ရဲတပ်ဖွဲ့က အမှုဖွင့်ထားပြီး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ **(ခရိုင် ပြန်/ဆက်)**

# ရာသီဥတုပြောင်းလဲခြင်းနှင့် ရေမလုံလောက်မှု သတင်းအချက်အလက်များ ဖလှယ်ဆွေးနွေး

**ရန်ကုန် စက်တင်ဘာ ၂၇**

မဲခေါင်နှင့် ဧရာဝတီ၊ ချင်းတွင်းမြစ်ဝှမ်းများတွင် ရာသီဥတုပြောင်းလဲခြင်းနှင့် ရေမလုံလောက်မှု သတင်းအချက်အလက်များ ဖလှယ်ခြင်းဆွေးနွေးပွဲ(SUMMERNET Media Workshop)ကို စက်တင်ဘာ ၂၅ ရက်နံနက်မှစ၍ ရန်ကုန်မြို့ရှိ မီလီယာဟိုတယ်၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက "ဒီနေ့ဆွေးနွေးပွဲမှာ ဧရာဝတီမြစ်ဝှမ်းဒေသ၊ ချင်းတွင်းမြစ်ဝှမ်းဒေသတွေ၊ ဧရာဝတီနဲ့ ချင်းတွင်းရဲ့ ပေါင်းစပ်လာခဲ့ရတဲ့ အခြေအနေတွေ၊ ဒီအခြေအနေတွေကနေ မဲခေါင်မြစ်ဝှမ်းဒေသတစ်ခုလုံးမှာရှိတဲ့ မြန်မာနိုင်ငံအပါအဝင် ဒေသဆိုင်ရာတစ်ခုလုံးရဲ့ အခန်းကဏ္ဍတွေနဲ့ ပတ်သက်တဲ့ သတင်းတွေအပေါ် ဒီနေရာမှာ အားလုံးမျှဝေနိုင်လိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။ ဒီကနေတစ်ဆင့် မြန်မာပြည်သူလူထုတွေဟာ မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုထဲက ဧရာဝတီ၊ ချင်းတွင်းရဲ့ပြုပြင်ပြောင်းလဲမှုတွေအတွက် ဘယ်လိုတွေးခေါ်စဉ်းစားပြီး ဘယ်လိုပြုပြင်ပြောင်းလဲသင့်တယ်ဆိုတဲ့ အတွေးအယူအဆတွေကို ရလိမ့်မယ်လို့ ယူဆပါတယ်"ဟု အမှာစကားပြောကြားခဲ့သည်။




အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ၌ သိပ္ပံနည်းကျ သတင်းအချက်အလက်များနှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အတွေးအခေါ်များကို လက်တွေ့ရေးသားရာတွင် ကြုံတွေ့ရသော စိန်ခေါ်မှုများ၊ ဧရာဝတီမြစ်ဝှမ်းနှင့် ချင်းတွင်းမြစ်ဝှမ်းများတွင် ပြုလုပ်ထားသော သုတေသနရလဒ်များမှ ရရှိထားသော ရာသီဥတုပြောင်းလဲခြင်းနှင့် ရေမလုံလောက်မှုပြဿနာစသော ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲကို စက်တင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ချင်းတွင်းမြစ်ဝှမ်းဒေသ ထိန်းသိမ်းရေးအတွက် စီစဉ်ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ မြန်မာ့ပတ်ဝန်းကျင်သိပ္ပံမှ ဒါရိုက်တာဖြစ်သူ ဒေါ်ခင်ဥမ္မာထွေးက "ဧရာဝတီရဲ့ အဓိကမြစ်လက်တက်ဖြစ်တဲ့ ချင်းတွင်းမြစ်ကို ကျွန်မတို့ သုတေသနလုပ်တယ်။ လုပ်တဲ့အခါမှာ အဓိကတွေ့ရတာတော့ ခုလောလောဆယ်မှာ ရာသီဥတုပြောင်းလဲမှုကြောင့် လူတွေရဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေမှာ ထိခိုက်မှုတွေရှိနေတယ်။ ပြီးတော့ ချင်းတွင်းမြစ်ရေရဲ့ ရေအရည်အသွေးကလည်း အရင်နဲ့မတူတော့ဘဲ တဖြည်းဖြည်း ကျလာတယ်။ အနည်အနှစ်ပို့ချမှုတွေ များလာတယ်။ အဓိကကတော့ ချင်းတွင်းမြစ်အထက်ပိုင်းမှာ သတ္တုတူးဖော်ခြင်းလုပ်ငန်းတွေရှိတယ်။ ဒါတွေဟာလည်း မြစ်ရေအတွက် ထိခိုက်မှုတစ်ခုပေါ့။ အန္တရာယ်ရှိတယ်ပေါ့။ ၂၀၁၄ ကနေ ၂၀၁၇ အခုအထိ ချင်းတွင်းမြစ်ကို လေ့လာနေတယ်။ ၂၀၁၅ ကနေ အခုအထိ ရေအရည်အသွေးတွေကို တိုင်းနေတယ်။ ပြီးရင် ကျွန်မတို့ တွေ့ရှိချက်တွေကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရကို တင်ပြမယ်။ တိုင်းဒေသကြီးအစိုးရရယ်၊ LCI ရယ်၊ MEI ရယ် သုံးဖွဲ့ MOU ထိုးဖို့ရှိပါတယ်။ ချင်းတွင်းမြစ်ဝှမ်းဒေသကြီးကို သုတေသနလုပ်ဖို့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရက ကူညီပံ့ပိုးမှာပါ။ အဲဒါဆိုရင် ချင်းတွင်းမြစ်ဝှမ်းဒေသ ထိန်းသိမ်းရေးလုပ်ငန်းတွေ အကောင်အထည်ဖော်ဖို့ ပိုပြီးအဆင်ပြေမယ်လို့ ထင်ပါတယ်"ဟု ပြောကြားသည်။

ထို့အပြင် အလုပ်ရုံဆွေးနွေးပွဲတွင်ပါဝင်သော မဲခေါင်ဒေသ သတင်းမီဒီယာများနှင့် ပြည်တွင်းသတင်းမီဒီယာများသည် စက်တင်ဘာ ၂၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် လက်ခုပ်ကုန်းကမ်းခြေ၌ ဒီရေတော ပေါက်ရောက်ရာနေရာများ၊ ကမ်းခြေတိုက်စားခြင်း၊ ရေရှားပါးခြင်းနှင့် ဆားငံရေဝင်ရောက်ခြင်းအခြေအနေများနှင့်ပတ်သက်၍ လေ့လာရေးခရီးသွားရောက်ပြီး သတင်းများရေးသားကြကြောင်း သိရသည်။ **သတင်း-ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ - ထိန်လင်း**

# ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု နည်းပညာပေးသင်တန်း မြိတ်မြို့၌ ပထမအကြိမ်ဖွင့်

**မြိတ် စက်တင်ဘာ ၂၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ ကော်ဖီသီးနှံစိုက်ပျိုးထုတ်လုပ်မှု နည်းပညာပေးသင်တန်းကို တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကန်ဖျားရပ် ပိတောက်ပင်လမ်းဆုံအနီးရှိ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနရုံးခန်းမ၌ စက်တင်ဘာ ၂၅ ရက်က စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီချိုက အမှာစကားပြောကြားပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကော်ဖီနှင့်ရာသီသီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးနိုင်ဦးက သင်တန်းနှင့် ပတ်သက်၍ လမ်းညွှန်အမှာစကားပြောကြားကာ ကော်ဖီနှင့်ရာသီသီးနှံဌာနခွဲ ညွှန်ကြားရေးမှူးက ကော်ဖီစိုက်ပျိုးခြင်း နည်းပညာနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို တိုင်းဒေသကြီးဦးစီးမှူးထံ ပေးအပ်ခဲ့သည်။

"တနင်္သာရီတိုင်းဒေသကြီးအတွင်းမှာ အရင်က ကော်ဖီစိုက်ပျိုးခြင်း မရှိခဲ့ပါဘူး၊ လွန်ခဲ့တဲ့ နှစ်နှစ်ကာလအတွင်းမှာ မြေနိမ့်ဒေသကော်ဖီ ရိုဘတ်စတာ (Robusta)မျိုးကို စတင်ခဲ့စိုက်ပျိုးခဲ့ပါတယ်။ ညောင်ပင်ကွင်းခြံမှာ ကော်ဖီကို ရော်ဘာကြားသီးနှံအဖြစ် နှစ်ဧက၊ ကော့သောင်းခရိုင် မလိဝမ်းခြံမှာ Nestle ကုမ္ပဏီနဲ့ပူးပေါင်းပြီး ငါးဧက စမ်းသပ်စိုက်ပျိုးခဲ့ပါတယ်။ ပုလောမြို့နယ်မှာ တောင်သူလေးဦး၊ တနင်္သာရီမြို့နယ်မှာ တောင်သူလေးဦးရှိပြီး ပုဂ္ဂလိကနှင့် အစိုးရပိုင်ခြံ စုစုပေါင်း ကော်ဖီစိုက်ဧက ၃၄ ဧက ရှိပါတယ်။ မြေနိမ့်ကော်ဖီဖြစ်တဲ့အတွက် အောင်မြင်ဖြစ်ထွန်းမှုရှိပါတယ်၊ ကော်ဖီစိုက်တောင်သူများအနေဖြင့် ရော်ဘာပင်ကြားကြားသီးနှံအဖြစ် ကော်ဖီစိုက်ပျိုးနိုင်ရန်အတွက် နည်းပညာများကို အခုလို သင်တန်းများ ဖွင့်လှစ်ပေးရခြင်းဖြစ်ပါတယ်။ ဘုတ်ပြင်းမြို့နယ်မှာလည်း တောင်သူနှစ်ဦးက ဧက ၁၅၀ ကို ကြားသီးနှံအဖြစ်နဲ့ ကော်ဖီသီးသန့်လည်း စိုက်ပျိုးထားကြောင်း သိရပါတယ်။ ကမ္ဘာ့ဈေးကွက်မှာ ကော်ဖီဈေးနှုန်းကောင်းပါတယ်။ ကော်ဖီဝယ်တဲ့ဈေးကွက်လည်း ရှိပါတယ်။ မကြာမီမှာ ရန်ကုန်အနီးတစ်ဝိုက်မှာလည်း ကော်ဖီကုန်ချောစက်ရုံတည်မယ်လို့ ကြားသိရတဲ့အတွက် ဒီကထွက်ရှိလာတဲ့ ကော်ဖီကို ဈေးကွက်နီးနီးနားနားမှာ တင်ပို့ရောင်းချနိုင်မှာဖြစ်ပါတယ်"ဟု တိုင်းဒေသကြီးဦးစီးမှူး ဦးနိုင်ဦးက ပြောသည်။

ကော်ဖီသည် ဝယ်လိုအားလည်းကောင်းသည့်အတွက် တနင်္သာရီတိုင်းဒေသကြီးအတွင်း၌ ရေ၊ မြေ၊ ရာသီဥတုနှင့် သင့်တော်သည့် ကော်ဖီမျိုးများ စမ်းသပ်စိုက်ပျိုးကြရန်နှင့် စမ်းသပ်စိုက်သည့်အဆင့်မှ အကျိုးအမြတ်ရရှိသည့်အဆင့်ဖြစ်လာအောင် ယခုအချိန်မှစ၍ ကော်ဖီပင်၏ သဘောသဘာဝနှင့် စိုက်ပျိုးနည်းပညာပေးလုပ်ငန်းများကို တောင်သူများအား ပညာပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

သင်တန်းသို့တက်ရောက်လာသူ တနင်္သာရီမြို့နယ် ညောင်ပင်ကွင်းကျေးရွာမှ ကော်ဖီစိုက်တောင်သူ ဦးသန်းဝင်းက "ကျွန်တော့်ရော်ဘာခြံမှာ ကြားသီးနှံအဖြစ် မြေပြန့်ယိုးဒယားမျိုး ကော်ဖီနှစ်ဧကကို စိုက်ပျိုးခဲ့တာ ယခုဆိုရင် ငါးနှစ်ရှိပါပြီ။ အသီးတွေလည်း သီးနေပါပြီ။ တစ်ခါမှတော့ မခူးရောင်းရသေးပါဘူး။ ကော်ဖီစိုက်ပျိုးရတာကိုလည်း အရမ်းစိတ်ဝင်စားတဲ့အတွက် အခုလို စိုက်ပျိုးရေးဦးစီးဌာနက ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု နည်းပညာပေးသင်တန်းမှာ ကော်ဖီဈေးကွက်နှင့် ဒေသနှင့်ကိုက်ညီတဲ့မျိုး၊ နည်းစနစ်များကို စနစ်တကျသင်တန်းပို့ချပေးတဲ့အတွက် စိုက်ပျိုးရေးဦးစီးဌာနကို အများကြီး ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း ပထမဆုံးဖွင့်လှစ်သော အဆိုပါ ကော်ဖီသီးနှံစိုက်ပျိုးထုတ်လုပ်မှု နည်းပညာပေးသင်တန်းတွင် မြိတ်ခရိုင်အတွင်းရှိ မြို့နယ်လေးခုမှ စိုက်ပျိုးရေးဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ ကော်ဖီစိုက်ခြံရှင်များ စုစုပေါင်း ၆၈ ဦး တက်ရောက်ပြီး သင်တန်းနည်းပြ ဆရာ ဆရာမလေးဦးတို့က ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု နည်းပညာများကို စက်တင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ သုံးရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခဲ့သည်။

**မြင့်ဦး(မြိတ်)**



# သံဃာ၊ သာမဏေနှင့် သီလရှင်များအား သာသနာဝင်စိစစ်ရေးကတ်ပြားများ ဆက်ကပ်

**မန္တလေး စက်တင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာရုံးများနှင့် United Pacific ကုမ္ပဏီလီမိတက်၊ Advanced Star ကုမ္ပဏီလီမိတက်တို့ ပူးပေါင်း၍ မန္တလေးခရိုင်အတွင်းရှိ ရဟန်း၊ သာမဏေနှင့် သီလရှင် အပါး ၁၅၀၀ အား သာသနာဝင် စိစစ်ရေးကတ်ပြားနှင့် သာသနာနွယ်ဝင် စိစစ်ရေးကတ်ပြားများ ဆက်ကပ်ပွဲကို စက်တင်ဘာ ၂၅ ရက်က မဟာအောင်မြေမြို့နယ် မြတောင်ကျောင်းတိုက် ရာပြည့်သာသနာ့ဗိမာန်ကြီး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် ဧည့်ပရိသတ်များက နိုင်ငံတော်ဩဝါဒါစရိယ မြတောင်ကျောင်းတိုက် ဆရာတော်ထံမှ သီလခံယူကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ ထို့နောက် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မန္တလေးခရိုင်အတွင်း မြို့နယ်ခုနစ်မြို့နယ်ရှိ သုံးဝါနှင့်အထက် ရဟန်း ၉၂၃ ပါး၊ သာမဏေ ၃၆၇ ပါးနှင့် သီလရှင်အပါး ၂၁၀ တို့အား စိစစ်ရေးကတ်များ ဆက်ကပ်ခဲ့ကြသည်။

မန္တလေးတိုင်းဒေသကြီးတစ်ခုလုံးအနေဖြင့် ရဟန်း၊ သာမဏေနှင့် သီလရှင်များအား သာသနာဝင် စိစစ်ရေးကတ်ပြားနှင့် သာသနာနွယ်ဝင် စိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးလျက်ရှိရာ ယခု စိစစ်ရေးကတ်များ ဆက်ကပ်ခြင်းအပါအဝင် ၂၀၁၇ ခုနှစ်အတွင်း သုံးဝါနှင့်အထက်ရှိသည့် ရဟန်း ၁၉၂၉ ပါး၊ ရှင်သာမဏေ ၅၀၇ ပါးနှင့် သီလရှင်အပါး ၂၈၀ စုစုပေါင်း ၂၇၁၆ ပါးတို့အတွက် သာသနာဝင်၊ သာသနာနွယ်ဝင် စိစစ်ရေးကတ်ပြားများ ဆက်ကပ်နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# မီးပန်းနှင့်ဗြောက်အိုးများ ရောင်းချခြင်းမပြုရန်စစ်ဆေး

**ခင်ဦး စက်တင်ဘာ ၂၇**

မြန်မာ့ရိုးရာ သီတင်းကျွတ်မီးထွန်းပွဲတော်ကာလတွင် စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့၌ ပြည်သူများ အထိတ်တလန့်ဖြစ်စေသော မီးရှူးမီးပန်းနှင့်ဗြောက်အိုးများ ရောင်းချခြင်းမရှိစေရေးအတွက် တာဝန်ရှိသူများက မြို့မဈေးအတွင်းရှိ ဆိုင်များကို စက်တင်ဘာ ၂၅ ရက်က လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးသန့်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်စိုးပိုင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးတင်အောင်ထွန်းနှင့် ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့များဖြင့် ဈေးအတွင်းရှိ ကုန်စုံဆိုင်များကို လိုက်လံစစ်ဆေးခဲ့ကြခြင်းဖြစ်သည်။ မီးရှူးမီးပန်းနှင့်ဗြောက်အိုးများကြောင့် ပြည်သူများ အထိတ်တလန့် မဖြစ်စေရန်၊ မီးဘေးအန္တရာယ် ဖြစ်ပွားခြင်းမရှိအောင် ကြိုတင်ကာကွယ်ရန်နှင့် မသမာသူ အကြမ်းဖက်သမားများက ဗြောက်အိုးသံများနှင့် ရောယှက်၍ ထင်ယောင်ထင်မှား ဖောက်ခွဲမှုများလုပ်ခြင်းတို့ မဖြစ်စေရန်အတွက် ဗြောက်အိုး၊ မီးရှူးမီးပန်းများနှင့် မီးပုံးပျံများ ရောင်းချခြင်း၊ ဆော့ကစားခြင်းများ မပြုလုပ်ရန် အသိပေးကြေညာထားကာ ဈေးသူဈေးသားများကို ပညာပေးဟောပြောမှုများလည်း ပြုလုပ်ခဲ့သည်။



**ချစ်စံ(ခင်ဦး)**

# စက်ချုပ်သင်တန်းအမှတ်စဉ်(၁) သင်တန်းဆင်းပွဲကျင်းပ

**နတ်တလင်း စက်တင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်အတွင်းမှ လူငယ်များ၏ အသက်မွေးဝမ်းကျောင်းမှုတွင် အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ အခြေခံစက်ချုပ်ပညာသင်တန်း အမှတ်စဉ်(၁)သင်တန်းဆင်းပွဲကို စက်တင်ဘာ ၂၅ ရက်က မြို့နယ်ပါတီရုံးခန်းမ၌ ကျင်းပခဲ့ပြီး သင်တန်းဆင်းပွဲတွင် တိုင်းဒေသကြီး ပါတီဒုတိယဥက္ကဋ္ဌ ဦးအောင်ချိုဦးက သင်တန်းဆင်းအမှာစကားပြောကြားသည်။ ဆက်လက်၍သင်တန်းသား သင်တန်းသူ ၁၁၅ ဦးတို့အား တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဝင်းမြင့်(နတ်တလင်း)**

# ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မန္တလေး စက်တင်ဘာ ၂၇**

(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲမှူးကြီးနေလင်း၊ ဒုတိယခရိုင်ရဲမှူး ရဲမှူးမာလာနှင့် ညောင်ဦးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်မြင့်ငွေတို့ ဦးဆောင်သောရဲတပ်ဖွဲ့ဝင်များ၊ ညောင်ဦးမြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့စု(၉၃)မှ ဒုရဲမှူးလှသိန်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ ကမ္ဘာလှည့်ခရီးသွား ရဲတပ်ဖွဲ့စု(ပုဂံ)မှ ရဲအုပ်မျိုးညွန့်နှင့် တပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၈၆ ဦးခန့်က ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံကြီးတွင် ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို စက်တင်ဘာ ၂၃ ရက်က ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# ဒူးဘာကြောင့်နာ

## ကြည်လွင်မြင့် (မုံရွာ)

တစ်ခါက အသက် ၆၅ နှစ်အရွယ်ရှိ ပင်စင်စားဘကြီးတစ်ဦးနှင့် တွေ့သဖြင့် "ကျန်းမာပါရဲ့လား" ဟုမေးရာ၊ "လူကတော့ ကျန်းမာပါတယ်။ ဒူးကနာတော့ ဘယ်မှ မသွားနိုင်ဘူး၊ ဆိုးတာက ဘုရားဝတ်ပြုရင် ဒူးကွေးပြီးမပြုနိုင်တော့ဘူး"ဟုပြောပါသည်။

" ဒူးဘာကြောင့်နာသလဲ" ဟုမေးကြည့်သောအခါ

"ကျုပ်က နှလုံးသွေးကြောကျဉ်းရောဂါရှိတယ်လေ။ ဆေးပညာအတွက် ထုတ်ဝေတဲ့ ဂျာနယ်တစ်စောင်မှာလှေကားဆင်းတက်ခြင်းဟာ ကျန်းမာရေးအတွက် ကောင်းတယ်။ နှလုံးသွေးကြောကျဉ်းရောဂါမှ ကာကွယ်နိုင်တယ်လို့ ဖတ်ရတယ်။ အဲဒါဖတ်ပြီးကတည်းက တစ်လမ်းကျော်မှာရှိတဲ့ ကျုပ်သမီးနဲ့ မြေးတွေနေတဲ့ တိုက်ခန်းလေးလွှာကိုနေ့စဉ်သွားတယ်။ လှေကားအဆင်းအတက် လုပ်ခဲ့တယ်။ အဲဒါတစ်လလောက်ကြာတော့ ဒီဒူးဆစ်ကရောင်ပြီး ဒူးနာရောဂါ ရလာတာပဲ" ဟု ပြောပါသည်။

သက်ကြီးရွယ်အို၊ အထူးသဖြင့် ပင်စင်စားအရွယ်များ၌ အဖြစ်များသောရောဂါတွင် ဒူးနာ ရောဂါသည် ထိပ်ဆုံးမှ ပါဝင်သည်။ အသက်အရွယ်အရအရိုးအဆစ်များ၏ အကွေးအဆန့်လုပ်သည့် နေရာများတွင် ချောဆီအထွက်နည်းလာသောကြောင့် ဟု ဆိုသည်။

သစ်ပင်များ ကြီးလာလျှင် အခေါက်ထူပြီးအပွေးတက်လာသကဲ့သို့ အဆစ်များတွင် အပွေးတက်လာသည်။ ပုံပျက်လာသည်ကို ကျီးပေါင်းတက်သည်ဟုခေါ်သည်။ ထိုကျီးပေါင်း၏ ပွတ်တိုက်မှုကြောင့် အဆစ်နှစ်ခုကြားတွင် ဝါရှာကဲ့သို့ ခံထားသည့် အရွတ်တုံးမှာပွန်းစားပြီးပေါက်ပြဲသောကြောင့် အရိုးချင်း ပွတ်တိုက်မိရာမှ ဒူးနာ၊ ခါးနာ၊ အဆစ်နာရောဂါများ ဖြစ်လာရသည်။

ဒူးနာရောဂါသည် အသက်ငယ်ရွယ်သူများတွင် ဖြစ်ခဲသည်။ ဖြစ်လျှင်လည်း ခိုက်မိဒဏ်ကြောင့် ဖြစ်တတ်သည်။ ဘောလုံးကန်သူများတွင် တစ်ဖက်မှ ကန်ချက်သည် ဘောလုံးကို မထိဘဲ လူချင်းကန်မိသဖြင့် ဒူးအရွတ်ပြတ်သွားသူများကို တွေ့ရလေ့ရှိသည်။ အချို့မှာ အလေးမအားကစားတွင် အထိုင်အထကို အလေးနှင့် တွဲပြီးလုပ်သဖြင့် ဒူးနာတတ်သည်။

ယခုခေတ်တွင် စက်ဘီးစီးသူနည်းလာပြီးဆိုင်ကယ်စီးသူများလာသည်။ စက်ဘီးစီးသူများသည် ခြေထောက် အကွေးအဆန့်ကိုမှန်မှန်လုပ်ရသဖြင့် ဒူးအတွက် လေ့ကျင့်ခန်းပင် ဖြစ်သေးသည်။ ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဖြစ်ခဲ့ဖူးသူ မြန်မာနိုင်ငံသားဦးသန့်သည် ကျန်းမာရေးအတွက် မိမိနေအိမ်တိုက်ခန်းပေါ်တွင် ကျန်းမာရေးလေ့ကျင့်သည်။ စက်ဘီးစီးသည်ဟုဖတ်ရှုရဖူးသည်။ ဆိုင်ကယ်မှာထိုင်လိုက်ရသဖြင့် ဒူးမှာ အသေကဲ့သို့ ဖြစ်ပြီး ကြာလျှင် ညောင်းလာသည်။ ဆိုင်ကယ်ချင်းတိုက်မိခြင်း၊ ဆိုင်ကယ်လဲ၍ ထောက်မိခြင်းတို့ကြောင့် ဖြစ်သည်။ ဒူးနာသည့် လူငယ်များလည်းတွေ့ရဖူးသည်။

အထပ်မြင့် တိုက်များပေါ်များလာပြီးကွန်ဒိုများတွင်သာ ဓာတ်လှေကားရှိသည်။ သာမန်လူနေတိုက်ခန်းများတွင် ရိုးရိုးလှေကားကိုသာအသုံးပြုပြီး အချို့မှာ ၅ လွှာ (၆ ထပ်)၊ ၈ လွှာ (၉ ထပ်) အထိပင် တက်ရဆင်းရသည်။ တစ်နေ့လျှင် လှေကားထစ် ၅၀ ကို နှစ်ကြိမ်၊ သုံးကြိမ် အဆင်းအတက်လုပ်ရသောအခါ ဒူးဆစ်အတွင်းမှအမြှေးရောင်လာပြီး ဒူးနာရောဂါ ရလာနိုင်သည်။

လှေကားအဆင်းအတက်များသူတို့သည် ပုံမှန်မဆင်းမတက်ဘဲအမြန်ဆင်းတက်ခြင်း၊ ဆင်းတက်နေရင်းပစ္စည်းကျသဖြင့် ကုန်းကောက်ရာမှ ဒူးအရွတ်ဟသွားပြီးဒူးနာသူများရှိတတ်သည်။ အဆင်းအတက်လုပ်ရင်း ပစ္စည်းတစ်စုံတစ်ရာကျလျှင် ခြေနှစ်ဖက်အညီရပ်ပြီးမှ ပစ္စည်းကိုကုန်းကောက်လျှင် ဒူးလည်းမနာ၊ ခါးလည်းမနာနိုင်ပေ။

လှေကားအဆင်းအတက် ပြုလုပ်ရသူများသတိထားရန်အချက်မှာအတက်ထက်၊ အဆင်းတွင် ပို၍ဒူးအားကို အသုံးပြုရသည်ကိုသတိပြုရန် ဖြစ်သည်။ အဆင်းတွင်ဂုံညင်းကိုခွက်မှ မချော်စေရန် ကန့်လန့်ဖြတ် ကြွက်သားများကပင့်ပေးရသည်။ ဒူးအရွတ်ဟမသွားစေရန် ကြွက်စွန်းကြောများက ထိန်းပေးရသည်။ အချို့လှေကားများကျဉ်းပြီးပုံသဏ္ဌာန် မမှန်သောကြောင့် ဒူးနာတတ်သည်။ လှေကားထစ်၏ အချိုးမှာ (၈"× ၁၀") အမြင့် ၈ လက်မနှင့် ခြေနင်းကြမ်းခင်းပြား ၁၀ လက်မရှိမှသာ အဆင်ပြေသည်။ ခြေကျော်၊ ခြေချမမှန်သောလှေကားထစ်များကြောင့် ဒူးနာတတ်သည်။

" လှေအဆင်း၊ မြင်းအတက်" ဟူသောရှေးကစကားပုံသည် ဒူးနာရောဂါအတွက် အမှန်အကန်ပင် ဖြစ်သည်။ မည်သည့်အရာမဆို ဒူးနာရောဂါရှိသူသည် အဆင်းအတက်တွင် သတိထားရမည်။ မြင့်ရာမှနိမ့်ရာသို့ အဆင်းနှင့် နိမ့်ရာမှမြင့်ရာသို့ အတက်တွင် ဒူးနာတတ်သည်။

ဒူးသည် တစ်ကြိမ်နာဖူးသည်နှင့် မကြာခဏ ပြန်နာတတ်သည်။ ဒူးနာစွဲသွားတတ်သည်ကိုသတိရှိကြပါ။

**စမ်းထတဲ့အရွယ်**

စာရေးသူတို့ မန်းတောင်ခြေမှ တိုင်းရင်းဆေးသိပ္ပံဆင်းဆရာကြီးများသည် နှစ်စဉ်မူလဆရာကြီးများကို ကန်တော့ပွဲပြုလုပ်ကြသည်။ မူလဆရာကြီးများသည် အသက်အားဖြင့် ၈၀ ဝန်းကျင်များဖြစ်သည်။ ကန်တော့သည့် တပည့်ဆရာများသည်လည်း ၆၀ ကျော် ပင်စင်စားများနှင့် ပင်စင်နီးနေသူများ ဖြစ်ကြသည်။

ဆရာကြီးများကထိုင်ခုံများတွင်ထိုင်ကြပြီး တပည့်ဆရာများက ကြမ်းပြင်တွင်ထိုင်ကာ ကန်တော့ကြသည်။ ထုံးစံအတိုင်း ကန်တော့၊ ဆုပေး၊ ဩဝါဒစကားပြောကြားနှင့် အစီအစဉ်အတိုင်းတစ်နာရီကျော်ကြာဆောင်ရွက်ကြသည်။ ဆရာကြီးများ ပြန်ခါနီး နှုတ်ဆက်ရန် ကြမ်းပြင်မှ ပြန်ထကြသောအခါ တချို့ဆရာများ အထူးသဖြင့် ဝသောသူနှင့် ဒူးနာရောဂါရှိသူများမှာ တော်တော်နှင့် မထနိုင်ကြပေ။

ဆရာကြီးတစ်ဦးက "ငါ့တပည့်တွေလည်းစမ်းထတဲ့အရွယ်ရောက်နေပြီကော" ဟု ဆိုသည်။ စမ်းစမ်းပြီးထနေရသောကြောင့် ရယ်စရာပြောခြင်း ဖြစ်ပါသည်။ဒူးနာရောဂါတစ်ခါတစ်ရံဖြစ်ရာမှ ပေါ့ဆလျှင်စွဲမြဲပြီး ဖြစ်သွားတတ်သည်။

ဒူးနာရောဂါ စွဲစွဲမြဲမြဲမဖြစ်စေရန် အောက်ပါအချက်များကိုရှောင်ကြဉ်သင့်ပါသည်။

၁။ လှေကားအဆင်းအတက်များခြင်းကိုရှောင်ကြဉ်ပါ။ မလွှဲမရှောင်သာ၍ ဆင်းတက်ရလျှင် ဖြည်းဖြည်းနှင့် ပုံမှန်တက်ဆင်းပါ။ အလျင်စလိုပြေးဆင်း ပြေးတက် မပြုပါနှင့်။

၂။ ပစ္စည်းတစ်စုံတစ်ရာလွတ်ကျလျှင် ကုန်းမကောက်ပါနှင့်။ ထိုင်ပြီးမှ ကောက်ပါ။ အထူးသဖြင့် လှေကားအဆင်းအတက်တွင် သတိထားပါ။

၃။ အလေးအပင် တစ်စုံတစ်ရာကိုထမ်းထား၊ ပင့်ထားပြီး အထိုင်အထလုပ်ခြင်းကို ရှောင်ကြဉ်ပါ။ သတိရှိပါ။

၄။ ဒူးနာရောဂါရှိနေလျက် အဆင်းအတက် ပြုလုပ်ရမည်ဆိုလျှင် ဒူးစွပ်စွပ်ပြီးမှ (သို့မဟုတ်) ဒူးတွင် အဝတ်တစ်ခုပတ်ပြီးမှ အဆင်းအတက် ပြုလုပ်ပါ။

၅။ အသက်ကြီးသူများအိမ်သာထိုင်လျှင် ဗိုလ်ထိုင်ခေါ် ကမုတ်အထိုင်ဖြင့် ထိုင်လျှင် ဒူးနာရောဂါမှ ကာကွယ်ရာရောက်ပါသည်။

၆။ စက်ဘီးစီးခြင်းသည် ဒူးနာရောဂါမှ ကာကွယ်နိုင်ပါသည်။

၇။ ညအိပ်ရာဝင်ချိန်တွင် ဒူးကို နှမ်းဆီ၊ မုန်ညင်းဆီ၊ သံလွင်ဆီ၊ အဆီတစ်မျိုးမျိုးလိမ်း၍အိပ်ခြင်းဖြင့် ဒူးကျီးပေါင်းရောဂါကိုကာကွယ်နိုင်ပါသည်။

**ဒူးနာရောဂါအတွက် ဆေးနည်းတိုများ**

- မုန်ညင်းဆီ ငါးကျပ်သားတွင် ချင်းတက်လက်နှစ်ဆစ်ခန့် ထုထောင်းထည့်ပြီး မီးဖြင့်ဆူအောင် ချက်ပါ။ ထိုဆီကို ဒူးထဲစိမ့်ဝင်အောင် တစ်နေ့နှစ်ကြိမ်လိမ်းပေးပါ။
- ပဲနံ့သာကိုညက်အောင်ထောင်း ရေနှင့်ဖျော်ပြီး ဒူးပေါ်တွင် အုံပြီးစည်းထားလျှင် ဒူးကိုက်ရောဂါ ပျောက်သည်။
- ကြက်ဆူရိုးနီပင် အရွက်ကိုရေနွေးစိမ်ပြီးထောင်းပါ။ ဒူးနှင့် တကောက်အောက်တွင် အုံပြီးစည်းလျှင် ကွေးဆန့်မရသော ဒူးအဆစ်ကျပ်ရောဂါ ပျောက်ကင်းသည်။
- သံပရာသီး ငါးလုံးကိုရေခန်းပြုတ်ပါ။ အထဲမှ အစေ့များကိုထုတ်၍ ညက်အောင်ထောင်းပါ။ နနွင်းမှုန့်နှင့် ရောနယ်ပြီး ဒူးတွင်အုံစည်းလျှင် ဒူးနာ၊ ဒူးကျီးပေါင်းရောဂါသက်သာသည်။



- ကိုယ်ရံကြီးဂမုန်းရွက်ကို မီးကင်၊ ဆီသုတ်ပြီး ဒူးတွင် ပတ်၍ အဝတ် (သို့မဟုတ်) ပတ်တီးဖြင့် စည်းထားပါ။ နှစ်နာရီစည်းပြီးလျှင် ဖြေပါ။ ဆေးစည်း၍ ယားလျှင် သနပ်ခါးနှင့် ဆားကိုရောသွေးပြီးလိမ်းပါ။
- သဘော်ရွက်ကိုပျော့အောင် ရေနွေးခဏစိမ်ပါ။ ဒူးတွင် အုပ်ပြီး ပတ်တီးစည်းထားပါ။ ညအိပ်ရာဝင်စည်း၊ နံနက်ထမှ ဖြေလျှင်လည်းရသည်။ ၁၄ ရက် မှန်မှန် စည်းပါ။ ဒူးကျီးပေါင်းတက် ရောဂါပျောက်ပါသည်။
- ချဉ်ပေါင်ရွက် ရိုးနီကိုပျော့အောင် ပြုတ်ပြီးငရုတ်ဆုံတွင် ညက်အောင်ထောင်းပါ။ ဒူးတွင် အုံပြီးစည်းပေးလျှင် ဒူးကြီးရောဂါပျောက်သည်။
- ဗာဒံရွက် (ဗန်ဒါရွက်) အနုကိုခူး၊ မီးကင်ပြီးဒူးတွင် ကပ်ပြီး ဒူးစွပ်စွပ်ထားပါက ဒူးနာသက်သာပြီး လမ်းသွားနိုင်သည်။

**ဒူးနာအတွက် ဓာတ်စာ**

- ပဲရာဇာ (ပဲနီလေး) ဟင်းချိုကိုနေ့စဉ် စားသုံးပေးလျှင် အကြောအချဉ် ပေ့ါပါးပြီး ဒူးနာသက်သာစေသည်။
- ရှောက်ရွက်ကိုနေ့စဉ် စားပေးလျှင် ဒူးနာသက်သာစေသည်။
- မုန်လာဥနီ (ခါကျက်ဥ) ကိုထောင်းပြီး အရည်ညှစ်ယူ သကြားနှင့် ဖျော်သောက်လျှင် ဒူးနာသက်သာစေသည်။
- ကုန်းကန်စွန်းရိုးနီကို ကြော်စားလျှင် ဒူးနာသက်သာစေသည်။
- ဖရဲသီးများများစားလျှင် ဒူးနာသက်သာစေသည်။
- အုန်းသီးအနုအရည် (အုန်းစိမ်းရည်) ကိုနေ့စဉ် သောက်ပေးလျှင် ဒူးနာသက်သာစေသည်။
- ချင်းကိုရှောက်ရည်ဆမ်းပြီး ချင်းသုပ်ပြုလုပ်စားလျှင် ဒူးနာသက်သာစေသည်။
- ဥသျှစ်သီးမှည့် နေ့စဉ်စားပေးလျှင် အသက်ကြီး၍ ဖြစ်သော ဒူးကြီးနာကိုသက်သာစေသည်။
- မြန်မာကုက္ကိုပင်၏ အရွက်နုကိုအသုပ်ပြုလုပ်စားလျှင် ဒူးနာသက်သာစေသည်။
- ငါးကြင်းခေါင်းချက်စားလျှင် ဒူးနာသက်သာစေသည် ဟု ယောအတွင်းဝန် ဦးဖိုးလှိုင်၏ (ဥတုဘောဇနသင်္ဂဟကျမ်း) (အသားအမျိုးမျိုးတို့၏ ဂုဏ်ကိုပြဆိုခြင်းကဏ္ဍ) ငါးကြင်းအကြောင်းတွင် ဖတ်ရှုရသည်။

## မြစိမ်းရောင်ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေး

**ပင်းတယ စက်တင်ဘာ ၂၇**

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ကျော် ဦးဆောင်သည့်အဖွဲ့စက်တင်ဘာ ၂၀ရက်တွင် မြစိမ်းရောင်ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေးခဲ့သည်။ စီမံကိန်းအကြောင်းနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် တည်ပင်ကျေးရွာမှ မြစိမ်းရောင်စီမံကိန်း အသင်းသား ၁၇၆ ဦးတို့အား တတိယအကြိမ် ချေးငွေ ၄၁၃ ဒသမ ၅ သိန်းထုတ်ချေးပေးနေမှုနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော မိုင်းလီကျေးရွာမှ မြစိမ်းရောင်စီမံကိန်း အသင်းသား ၁၃၆ ဦးတို့အား ဒုတိယအကြိမ် ချေးငွေထုတ်ချေးပေးနေမှုတို့ကို စစ်ဆေးခဲ့သည်။

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်တွင် မြစိမ်းရောင်စီမံကိန်းအရ မြစိမ်းရောင်ကျေးရွာပေါင်း ၃၁ရွာရှိရာ ယခု၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်အထိ စုစုပေါင်း မြစိမ်းရောင်ကျေးရွာ ၃၄ ရွာရှိပြီဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ဝန်းသိုမြို့နယ်အတွင်း အသက် ၉၇ နှစ် အထက်သက်ကြီးရွယ်အိုများအား ထောက်ပံ့ကြေးပေးအပ်



**ဝန်းသို စက်တင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် မြို့ပေါ် (၄)ရပ်ကွက်နှင့် မြို့နယ်အတွင်းရှိ ကျေးရွာများမှ အသက် ၉၇ နှစ်အထက် သက်ကြီးရွယ်အို အဘိုးအဘွားများအား အမျိုးသားလူမှုရေးပင်စင် သုံးလစာ ငွေကျပ် သုံးသောင်းထောက်ပံ့ခြင်းကို စက်တင်ဘာ ၂၅ ရက်က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်စိုး၊ မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးနေမျိုးထွန်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဦးတို့က အိမ်အရောက် ထောက်ပံ့ကြေးပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## (၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂုဏ်ပြု

**နဘား စက်တင်ဘာ ၂၇**

(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နဘား ကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် စက်တင်ဘာ ၂၅ ရက် နံနက် ၈ နာရီက မီးရထားရဲတပ်ဖွဲ့အမှတ်(၂)တပ်ခွဲ တပ်စု (၁)နဘားမှ ရဲအုပ်ကျော်စွာဝင်းဦးစီးသော ရထားရဲတပ်ဖွဲ့ဝင်များသည် နဘား ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ ဘုရားစေတီပုထိုးများ၊ ရင်ပြင်တော်များနှင့် အနီးပတ်ဝန်းကျင်တွင် ပေါက်ရောက်နေသော ချုံနွယ်ပေါင်းမြက်များကို ခုတ်ထွင်ရှင်းလင်း၍ စုပေါင်းသန့်ရှင်းခဲ့ကြကြောင်း သိရသည်။ **(ဝ၆၇)**

# ဂုဏ်ယူဝမ်းမြောက်ကြောင်း

ကမ္ဘာ့အဆင့်တစ် ***Centralized Core Banking System*** စနစ်ဖြစ်သည့်
***Oracle FLEXCUBE*** ကို ကမ္ဘောဇဘဏ်ခွဲအားလုံးတွင်
အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီး၊
Customer များအား နိုင်ငံတကာအဆင့်မီ
အရည်အသွေးအပြည့်ဝဆုံးဘဏ်ဝန်ဆောင်မှုများ ပေးနိုင်ခဲ့သော

KBZ BANK
STRENGTH OF MYANMAR

***Kanbawza Bank*** ၏ အောင်မြင်မှုမှတ်တိုင်တစ်ခုအတွက်
အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါသည်။

MIT
Beyond Innovation

ORACLE Gold Partner

**Myanmar Information Technology Pte Ltd**

UPG

ကရဝိက်

ကရဝိက် ရှေးဆန်သောဆီဆေး

KARAWEIK ANTIQUE METAL PAINT

## ကရဝိက်ရှေးဆန်သောဆီဆေး

အနုပညာမြောက်ပြီးရှေးဆန်၍ လှပသောပစ္စည်းများသည် ဆွဲဆောင်မှုရသကို ဖြစ်စေပါသည်။ ဂန္ထဝင်ဆန်သောပစ္စည်းများသည် အနုရသကိုပေးခြင်းသာမက တန်ဖိုးအားဖြင့်လည်း မြှင့်တင်ပေးပါသည်။ ဤကဲ့သို့သောဖန်တီးမှုများကို ကရဝိက်ရှေးဆန်သော ဆီဆေးများဖြင့်မိမိစိတ်တိုင်းကျခြယ်မှုန်းနိုင်ပါမည်။

ကရဝိက်ရှေးဆန်သောဆီဆေးများကို အခရိုက်လစ်ချပ်ဆေးများဖြင့်ဖော်စပ်ထား၍ စွဲကပ်မှုအားကောင်းမွန်ပြီး ရာသီဥတုဒဏ်ကို ကောင်းစွာခံနိုင်ရည်ရှိပါသည်။

အခြားဂုဏ်သတ္တိများမှာ-

- သံချေးတက်ခြင်းမှ အလွန်ကောင်းမွန်စွာ ကာကွယ်နိုင်ခြင်း
- မျက်နှာပြင်အမျိုးမျိုးတွင်အသုံးပြုနိုင်ခြင်း
- ဆေးသားလွှာအဟောင်းများပေါ်တွင်အသုံးပြုနိုင်ခြင်း
- မျက်နှာပြင်အပေါ်မူတည်၍ဒီဇိုင်းအမျိုးမျိုးဖန်တီးနိုင်ခြင်း
- သုံးစွဲသူကိုယ်တိုင်စိတ်တိုင်းကျလွယ်ကူစွာလုပ်ဆောင်နိုင်ခြင်း



Karaweik Acrylic Antique Metal Paint
Copper Gold (KG-AA22)




Karaweik Acrylic Antique Metal Paint
Pale Gold (KG-AA44)



UPG UNITED PAINTS GROUP CO., LTD.

ISO 9001:2008 ISO 14001:2004 OHSAS 18001:2007

Responsible Care

Global Compact Network (Myanmar)

No. 174/ 188, 2nd Floor, Bo Myat Tun Street, Shwe Gabar Tower (II),
Pazundaung Township, Yangon, Myanmar.

Tel: 95-1-200535, 299432 Fax: 95-1-299605
web site : www.upgpaint.com
email : info@upgpaint.com

facebook.com/upgpaint

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်
## (ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်)

၁။ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့တွင် ကျင်းပမည့် (၇)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် ခွဲဝေချီးမြှင့်ပေးမည့် ဆုမဲစာရင်းများမှာအောက်ပါအတိုင်းဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | ကျပ်သိန်းတစ်သောင်း | = | (၁) ဆု |
| (ခ) | ကျပ်သိန်းငါးထောင် | = | (၂) ဆု |
| (ဂ) | ကျပ်သိန်းသုံးထောင် | = | (၃) ဆု |
| (ဃ) | ကျပ်သိန်းတစ်ထောင် | = | (၆) ဆု |
| (င) | ကျပ်သိန်းငါးရာ | = | (၉) ဆု |
| (စ) | ကျပ်သိန်းသုံးရာ | = | (၁၁) ဆု |
| (ဆ) | ကျပ်သိန်းတစ်ရာ | = | (၉) ဆု |
| (ဇ) | ကျပ်သိန်းငါးဆယ် | = | (၁၅) ဆု |
| (ဈ) | ကျပ်သိန်းသုံးဆယ် | = | (၂၁) ဆု |
| (ည) | ကျပ်ဆယ်သိန်း | = | (၂၅) ဆု |
| (ဋ) | ကျပ် သုံးသိန်း | = | (၁၀၀) ဆု |
| (ဌ) | ကျပ် နှစ်သိန်း | = | (၁၀၀၀) ဆု |
| (ဍ) | ကျပ် တစ်သိန်း | = | (၁၂၀၀၀) ဆု |
| (ဎ) | ကျပ် ငါးသောင်း | = | (၁၁၀၀၀၀) ဆု |
| | စုစုပေါင်း | = | (၁၂၃၂၀၂) ဆု |

၂။ ရောင်းမကုန်ထီလက်မှတ် (၂၄၁၈၅)အုပ် ကျန်ရှိနေပါသဖြင့် အဆိုပါ ရောင်းမကုန်ထီလက်မှတ်များမှ ဆုမဲပေါက်လာပါက အခြားသင့်တော်သော ဆုမဲများ ပြန်လည်ဖွင့်လှစ်ပေးပါမည်။

**အောင်ဘာလေသိန်းဆုဌာနခွဲ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အကျဉ်းဦးစီးဌာန၊ ကျိုက်မရောအကျဉ်းထောင်သစ်တွင် ကွပ်ပျစ်၊ ခြားရိုးနှင့် မီးသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် ပြည်တွင်း မြန်မာနိုင်ငံသား ပုဂ္ဂလိကကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် မွန်ပြည်နယ်ဦးစီးမှူးရုံးတွင် အဆိုပြုလွှာများကို ဝယ်ယူနိုင်ပြီး ကုမ္ပဏီ Profile များနှင့်အတူ ၁၂-၁၀-၂၀၁၇ ရက် နောက်ဆုံးထားပေးပို့တင်သွင်းရန် ဖြစ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဖုန်း-၀၅၇-၂၄၇၁၅၊ ၀၅၇-၂၄၇၃၈**
**တင်ဒါရွေးချယ်ရေးဦးစီးကော်မတီ**
**အကျဉ်းဦးစီးဌာန**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ နေပြည်တော်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနတွင် ကမ္ဘာ့ဘဏ်၏ အကူအညီဖြင့် ဆောင်ရွက်သည့် ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၏ PCU ရုံးခန်းအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာငွေ(ကျပ်)ဖြင့် အောက်ဖော်ပြပါပစ္စည်းများ ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) PCU ရုံးခန်းနှင့်သင်တန်းသုံး ရုံးသုံး စက်ကိရိယာပစ္စည်း ၁၁ မျိုး
(ခ) ရုံးအသုံးအဆောင်ပစ္စည်း ၅ မျိုး
(ဂ) ရုံးသုံးပရိဘောဂပစ္စည်း ၇ မျိုး
ရုံးခန်းဖွဲ့စည်းခြင်း ၁ မျိုး
(ဃ) Video Conferencing System တည်ဆောက်ခြင်း ၁ မျိုး

၂။ **အိတ်ဖွင့်တင်ဒါရောင်းချမည့်ရက်** - ၂၈-၉-၂၀၁၇ ရက်
**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၁၃-၁၀-၂၀၁၇ ရက်
**တင်ဒါတင်သွင်းရမည့်နေရာ** - ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန (စီမံခန့်ခွဲရေးနှင့်စာရင်းဌာနခွဲ) ရုံးအမှတ်(၃၄)၊ နေပြည်တော်

၃။ ဝယ်ယူမည့်ပစ္စည်းများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၄၄၈၀၃၉၅၇၁ နှင့် ၀၆၇-၄၁၀၁၇၄ သို့ စုံစမ်းနိုင်ပါသည်။

**တင်ဒါရွေးချယ်စိစစ်ရေးအဖွဲ့**

**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ထိန်းသိမ်းရေးဌာနခွဲ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

**Tender No. 01/ထသရ-လထည-၃/အရန်ပစ္စည်း/၂၀၁၇-၂၀၁၈**

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ထိန်းသိမ်းရေးဌာနခွဲမှ မိုးပြဲရေလှောင်တမံ Navigation Lock Gate တွင် လဲလှယ်အသုံးပြုရန်လိုအပ်သော အရန်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံအား တစ်စောင်လျှင်(၁၀၀၀၀/-)ကျပ်ဖြင့် အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး ကြော်ငြာသင်ပုန်းတွင် ကြော်ငြာထားပါမည်။

**တင်ဒါရောင်းချမည့်ရက်** - ၂၈-၉-၂၀၁၇ ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၈-၁၀-၂၀၁၇ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၆:၀၀ နာရီ

**တင်ဒါကော်မတီ**
**လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)(၃)ရုံး**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ထိန်းသိမ်းရေးဌာနခွဲ၊ အေးသာယာ၊ တောင်ကြီးမြို့**
**ဖုန်း-၀၈၁-၂၀၈၃၆၆၊ ၀၉-၈၃၅၁၆၈၀**

**ဖခင်အမည်မှန်**

လားရှိုးမြို့နယ်၊ နောင်မွန်ကျေးရွာ၊ အထက၊ တက္ကသိုလ်ဝင်တန်း(A)မှ မမန်သား၊ န၀မတန်းမှ မောင်ဘီဒူး(ရ်)၊ အဋ္ဌမတန်းမှ မောင်ဘီဂျေးတို့၏ဖခင်အမည်မှန်မှာ ဦးဒီပူးကူမားရ် ၁၃/လရန(နိုင်)၁၂၃၈၇၄ ဖြစ်ပါသည်။

### မွေးသက္ကရာဇ်အမှန်

မူဆယ်မြို့နယ်၊ နမ့်တောင်း အထက တက္ကသိုလ်ဝင်တန်းမှ မောင်လဂျာ ၁၃/ပဆတ(နိုင်)၀၀၀၁၁၅ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀-၃-၂၀၀၁ ဖြစ်ပါကြောင်း။

### အမည်မှန်

ကျောက်မဲမြို့နယ်၊ နောင်ပိန် အထက၊ ပဉ္စမတန်း(က)မှ နန်းအွမ်ငင်း၏ အမည်မှန်မှာ နန်းဟွမ်ငင်းဖြစ်ပြီး ၎င်း၏ဖခင်ဖြစ်သော ဦးစံလိန္တ၏ အမည်မှန်မှာ ဦးစာလိန္တ ၁၃/ကမန(နိုင်)၀၇၄၂၃၇ ဖြစ်ပါသည်။

### မွေးသက္ကရာဇ်အမှန်

ပန်ဆိုင်းမြို့နေ ဦးတောင်းဒိုင် ၁၃/မကန(နိုင်)၀၈၃၂၀၅ ၏သမီး ပန်ဆိုင်း အထက တက္ကသိုလ်ဝင်တန်းမှ မဒိုင်နန်း၏ မွေးသက္ကရာဇ်အမှန်မှာ ၈-၁၀-၂၀၀၁ ဖြစ်ပါကြောင်း။

### မိခင်အမည်မှန်

မြစ်ကြီးနားမြို့၊ ထ(ခွဲ)၊ နောင်နန်း(၅)၊ တက္ကသိုလ်ဝင်တန်း(A)မှ မဆွတ်လုပန်၏ မိခင်အမည်မှန်မှာ ဒေါ်ခေါ်ဆောင် ဖြစ်ပါသည်။

### ဖခင်အမည်မှန်

ကသာမြို့၊ ပညာတံခွန်ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(C)မှ မစန္ဒာမြင့်၏ ဖခင်အမည်မှန်မှာ ဦးဝင်းမြင့် ၅/ကသန(နိုင်)၀၃၁၄၄၆ ဖြစ်ပါသည်။

### ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ ထ(ခွဲ)၊ နောင်နန်း(၅)၊ တက္ကသိုလ်ဝင်တန်း(A)မှ မောင်မုန်ရိန်အောင်၏ ဖခင်အမည်မှန်မှာ ဦးငွါးတား ဖြစ်ပါသည်။

### တစ်ဦးတည်းဖြစ်ပါကြောင်း

ကသာမြို့၊ ပညာတံခွန်ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(C)မှ မောင်မျိုးညီညီ၏ ဖခင် ဦးမောင်အေး(ခ)ခင်မောင်အေးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

### မိခင်အမည်မှန်

မြစ်ကြီးနားမြို့၊ ထ(ခွဲ)၊ နောင်နန်း(၅)၊ တက္ကသိုလ်ဝင်တန်း(A)မှ မနန်ဂျာ၏ မိခင်အမည်မှန်မှာ ဒေါ်ဂျာအောန် ဖြစ်ပါသည်။

### မိခင်အမည်မှန်

နေပြည်တော်၊ဒက္ခိဏသီရိ၊ အထက(၁၈)၊ တက္ကသိုလ်ဝင်တန်း(A)မှ မထက်ထက်ဝေ၏ မိခင်အမည်မှန်မှာ ဒေါ်ခင်ဆွေဝင်း ၉/လဝန(နိုင်)၀၇၂၄၂၃ ဖြစ်ပါကြောင်း။

**ဒေါ်ခင်ဆွေဝင်း**

### မိဘအမည်မှန်

ပျော်ဘွယ်မြို့နယ်၊ (မြောက်)ညောင်ကုန်းအုပ်စု၊ (မြောက်)ညောင်ကုန်းကျေးရွာမှ မခင်ချိုသူနှင့် မစိမ့်စိမ့်သူတို့၏ မိဘအမည်မှန်မှာ ဦးရဲ(ခ)ဦးရဲဝင်း ၉/ပဘန(နိုင်)၁၄၄၄၂၇ နှင့် ဒေါ်ခင်မာဝင်း ၉/ပဘန(နိုင်)၁၁၄၉၇၆တို့ ဖြစ်ပါကြောင်း။

**ဦးရဲ(ခ)ဦးရဲဝင်း-ဒေါ်ခင်မာဝင်း**

### ဖခင်အမည်မှန်

တောင်သာမြို့နယ်၊ မင်းတည်း အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မောင်သိန်းဌေးအောင်၏ ဖခင်အမည်မှန်မှာ ဦးမင်းဆွေ ၉/တသန(နိုင်)၀၉၄၅၁၉ဖြစ်ပါကြောင်း။ **ဦးမင်းဆွေ**

### မိဘအမည်မှန်

ဘားအံမြို့နယ် အထက၊ မင်းဇီ၊ တက္ကသိုလ်ဝင်တန်းမှ စောအယ်လော်စေး၏ မိဘအမည်မှန်မှာ ဦးစောလော်စေး ၁၂/မရက(နိုင်)၀၈၁၂၈၉ နှင့် နော်ထရီဇာ ၁၂/မရက(နိုင်)၀၈၁၂၈၈ ဖြစ်ပါကြောင်း။

**ဦးစောလော်စေး-နော်ထရီဇာ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

သထုံမြို့နယ်၊ သုဝဏ္ဏဝတီမြို့၊ သိမ်ဆိပ်ရပ်ကွက်၊ သာသနာလမ်း၊ အိမ်အမှတ် ၁၅၆ နေ မောင်ကောင်းမြတ်သူ ၁၀/သထန(နိုင်)၂၁၂၉၉၈ သည် မိသားစုအား စိတ်ဆင်းရဲအောင် ဒုက္ခအမျိုးမျိုးပေးသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။

**ဖခင်- ဦးရန်နိုင်စိုး ၁၀/သထန(နိုင်)၀၉၂၂၁၁**
**မိခင်- ဒေါ်နန်းအေးအေးမြိုင် ၁၀/သထန(နိုင်)၀၉၂၂၆၁**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကလေးမြို့နယ်၊ တင်သားကျေးရွာအုပ်စု၊ ကြံသာရွာနေ (ဦးလောဟာကီး)-ဒေါ်ထန်းပိုယ်တို့၏ သားကြီး ဦးကီးအောင်မင်း ၅/ကလထ(နိုင်)၁၃၈၄၉၃ သည် မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သည့်အပြင် မိဘကိုပင် တရားရုံး၌ အမှုစွဲဆိုခြင်းများ၊ မောင်နှမသားချင်းများ၊ ဆွေမျိုးသားချင်းများအပေါ်၌လည်း ခွင့်မလွှတ်နိုင်သည့်ကိစ္စများကို ကျူးလွန်နေပါသဖြင့် အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ကြောင်း ကြေညာအပ်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား လုံးဝ(လုံးဝ)တာဝန်မယူပါ။

**ဒေါ်ထန်းပိုယ်**
**၅/ကလထ(နိုင်)၀၈၆၃၂၆**

# မောင်တောဒေသမြောက်ပိုင်း၌ ရက်စက်စွာသတ်ဖြတ်ခံခဲ့ရသော ဟိန္ဒူဘာသာဝင် ရုပ်အလောင်းများရှိရာနေရာသို့ ပြည်တွင်း ပြည်ပမီဒီယာများ သွားရောက်သတင်းယူ



ခမောင်းဆိပ်ကျေးရွာမှ အသတ်ခံခဲ့ရသော ဟိန္ဒူဘာသာဝင် မိသားစုဝင်များနှင့် ပြည်တွင်း ပြည်ပမီဒီယာများ တွေ့ဆုံစဉ် (သတင်းစဉ်)

**သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)**

**ဓာတ်ပုံ- မင်းထက်**

**စစ်တွေ စက်တင်ဘာ ၂၇**

မောင်တောခရိုင်အတွင်း ဩဂုတ် ၂၅ ရက်က ဖြစ်ပွားခဲ့သော ARSA အစွန်းရောက်အကြမ်းဖက်သမားများ တိုက်ခိုက်မှုဖြစ်စဉ်တွင် ရက်စက်စွာသတ်ဖြတ်ခံခဲ့ရသော ဟိန္ဒူဘာသာဝင် ရုပ်အလောင်းများ တူးဖော်တွေ့ရှိရာ မောင်တောဒေသမြောက်ပိုင်း ရဲဘော်ကျကျေးရွာအနီးသို့ ပြည်တွင်းပြည်ပမီဒီယာ ၄၀ ကျော်မှ သတင်းသမားများသည် ယနေ့ နံနက်ပိုင်းတွင် စစ်တွေမြို့မှ ရဟတ်ယာဉ်နှစ်စင်းဖြင့် သွားရောက်၍ သတင်းမှတ်တမ်းများရယူကြသည်။

အဆိုပါ ခရီးစဉ်တွင် ပြည်တွင်း ပြည်ပမီဒီယာများမှ သတင်းသမားများသည် မောင်တောဒေသမြောက်ပိုင်း ရဲဘော်ကျကျေးရွာအနီး၌ သက်ဆိုင်ရာသို့ ဟိန္ဒူဘာသာဝင်များ၏ သတင်းပေးချက်အရ တွေ့ရှိတူးဖော်ထားသော ARSA အစွန်းရောက်အကြမ်းဖက်သမားများ ရက်စက်ကြမ်းကြုတ်စွာသတ်ဖြတ်ထားသည့် ဟိန္ဒူဘာသာဝင် ရုပ်အလောင်းများအား ကြည့်ရှုသတင်းမှတ်တမ်းများ ရယူကြပြီး သတ်ဖြတ်ခံခဲ့ရသော ဟိန္ဒူဘာသာဝင်များ၏ မိသားစုဝင်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ကြသည်။

အသတ်ခံထားရသည့် ဟိန္ဒူဘာသာဝင်များ တူးဖော်ရရှိခဲ့မှုနှင့် ပတ်သက်ပြီး ဟိန္ဒူဘာသာဝင် ဦးနီမောလ်အား ပြည်တွင်း ပြည်ပသတင်းမီဒီယာအဖွဲ့မှ သတင်းသမားများက မေးမြန်းရာ "ဩဂုတ် ၂၅ ရက် နံနက် ၁၀ နာရီဝန်းကျင်မှာ အခုလို အသတ်ခံရတာဖြစ်တယ်လို့ လွတ်မြောက်သွားတဲ့သူတွေဆီက သတင်းရခဲ့တယ်။ အဲဒီသတင်းကလည်း ဘင်္ဂလားဒေ့ရှ်ကို ရောက်သွားတဲ့

*စာမျက်နှာ ၇ ကော်လံ ၂* ❍

## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၂၇**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် ခြောက်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

**(မိုး/ဇလ)**

## ရှားပါးအနားပျော့လိပ်မျိုးစိတ်များ မျိုးသုဉ်းလုနီးပါးအန္တရာယ် ကြုံတွေ့နေရ

**ရှင်မင်း**

**နေပြည်တော် စက်တင်ဘာ ၂၇**

သစ်တောဦးစီးဌာန သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်)နှင့် လိပ်မျိုးဆက်ရှင်သန်ရေးအဖွဲ့တို့ ပူးပေါင်း၍ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ ရှားပါးအနားပျော့လိပ်မျိုးစိတ်များ ထိန်းသိမ်းရေးပညာပေးလုပ်ငန်းများကို စက်တင်ဘာ ၁၇ ရက်မှစတင်ကာ ဆောင်ရွက်လျက်ရှိကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်)မှ သိရသည်။

ထိန်းသိမ်းရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန် သွားရောက်သည့် ခရီးစဉ်အတွင်း လိပ်များဥရန် သဲသောင်များ ပြုပြင်မွမ်းမံခြင်းနှင့် လိုအပ်ပါက အသစ်တည်ဆောက်ပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ▲

